မန္တလေးနေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၄၄)၊ ၁၃၈၈ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊ ၁၇-၁၁-၂၀၂၆၊ အင်္ဂါနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)



ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်/ဖြည့်စွက်သင့်သည့်အချက် ၄၃ ချက်နှင့် ပြည်ထောင်စုသဘောတူစာချုပ် (Union Accord) အစိတ်အပိုင်း (၁)၊ (၂)၊ (၃)ပါအချက်များနှင့် စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီအဖွဲ့ဝင်များအား တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ ပြင်ဆင်/ဖြည့်စွက်သင့်သည့် အချက် ၄၃ ချက်နှင့် ပြည်ထောင်စုသဘောတူစာချုပ်(Union Accord) အစိတ်အပိုင်း (၁)၊ (၂)၊ (၃)ပါအချက်များနှင့် စပ်လျဉ်း၍ လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီအဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် ဒုတိယထပ် အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

စာမျက်နှာ ၃ သို့ ❖

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော် နိုဝင်ဘာ ၁၆

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရုံရာနှုန်းပြည့် ဖြစ်ပါသည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပါသည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရုံရာနှုန်းပြည့် ဖြစ်ပါသည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ ၈လ

အားကောင်းသောမုန်တိုင်းငယ် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

နေပြည်တော် နိုဝင်ဘာ ၁၆

အားကောင်းသောမုန်တိုင်းငယ်အခြေအနေ

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော မုန်တိုင်းငယ်သည်

စာမျက်နှာ ၈ သို့ ○

၁၆-၁၁-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၁၂:၃၀ နာရီအချိန်
တိုင်းထွာချက်အရ အားကောင်းသော မုန်တိုင်းငယ်လမ်းကြောင်းပြမြေပုံ





တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်ဖွင့်ပွဲသို့ အနယ်နယ်အရပ်ရပ်မှ ပြည်သူသုံးသိန်းကျော် လာရောက်ကြည့်ရှုအားပေး

တောင်ကြီး နိုဝင်ဘာ ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော် ဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင် တောင်ကြီးမြို့ရှိ အဝေးရာမီးပုံးပျံကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ ပွဲတော်ဖွင့်ပွဲသို့ အနယ်နယ်အရပ်ရပ်မှ ပြည်သူသုံးသိန်းကျော်လာရောက်ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၃ သို့ ✪

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၁၇ ရက်၊ အင်္ဂါနေ့။

တန်ပိုးမြှင့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိ

နေပြည်တော်ရှိ တည်ထောင်ပြီး ဒက္ခိဏသိရိအသေးစားနှင့် အလတ်စားစက်မှုန့်ဖွဲ့ပြုးတိုးတက်ရေးနှင့် ဂုန်သစ်အဖြစ် ပုဗ္ဗသိရိ စက်မှုန့် ဖော်ဆောင်ရေးလုပ်ငန်းများကို စက်မှုန့်ဥပဒေ၊ စက်မှုန့်နည်းဥပဒေနှင့် ညွှန်ကြားချက်အတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ နိုင်ငံဝီးပွားဖြင့်တင်နိုင်ရေး တန်ဖိုးဖြင့် စက်မှုထုတ်ကုန်လုပ်ငန်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် စက်မှုဇုန်များ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ယမန်နေ့က နေပြည်တော်ရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး၌ နေပြည်တော်စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီနှင့် တွေ့ဆုံသည်။

ဒုတိယဝန်ကြီးက စက်မှုဇုန်ဆိုင်ရာအချက်အလက်များ တိကျမှန်ကန်မှုရှိစေရေး ပူးပေါင်းဆောင်ရွက်သွားရန်၊ Agro-based Industries များ၌ လယ်ယာ၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများ ပေါင်းစပ်ကာ ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် တန်ဖိုးဖြင့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားရန်၊ စက်မှုလုပ်ငန်းများ၌ ပြည်ပမှတင်သွင်းနေရသည့် ကုန်ကြမ်းများအပေါ် မှီခိုနေရမှုများကို လျော့ချပြီး ပြည်တွင်းကုန်ကြမ်းများ အစားထိုးအသုံးပြုနိုင်ရေးဆောင်ရွက်သွားရန်၊ လုပ်သားများ၏ ကျွမ်းကျင်မှုများ မြှင့်တင်ပေးခြင်း၊ နည်းပညာမြှင့် စက်များသုံးစွဲကာ ကုန်ထုတ်နှုန်းနှင့် ကုန်ထုတ်စွမ်းအားမြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်သွားရန်၊ ငွေကြေးအရင်းအနှီးအတွက် MSME ချေးငွေအပါအဝင် စက်မှုလုပ်ငန်းချေးငွေများအား ပံ့ပိုးပေးလျက်ရှိပြီး စက်ရုံများ၌ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် အခက်အခဲများရှိပါက မြန်ဆန်စွာဖြေရှင်းပေးနိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိရာ စီမံချက်အတိုင်း ကွင်းဆင်းအဖွဲ့ဖြင့် အသေးစိတ်စစ်တမ်းများကောက်ယူကာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

နေပြည်တော် စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်က ဒက္ခိဏသိရိ အသေးစားနှင့် အလတ်စားစက်မှုဇုန်ရှိ စက်မှုလုပ်ငန်းများ လည်ပတ်တိုးတက်မှုအခြေအနေနှင့် ပုဗ္ဗသိရိစက်မှုဇုန်ဖော်ဆောင်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့အပြင် ကော်မတီအတွင်းရေးမှူး၊ စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ နေပြည်တော် MSMEs အသင်းဥက္ကဋ္ဌက အမှတ်(၃) စက်မှုသင်တန်းကျောင်း(သာဂရ)နှင့်ပူးပေါင်းကာ ကျွမ်းကျင်မှုမြှင့်တင်ရေး သင်တန်းများဆောင်ရွက်မည့်အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တန်ဖိုးမြှင့် ထုတ်ကုန်များ ပိုမိုထုတ်လုပ်လာနိုင်ရေး ဈေးကွက်တိုးတက်ရရှိစေရေးအတွက် တန်ဖိုးမြှင့်ကွင်းဆက်တစ်လျှောက် လုပ်ငန်းအစီအမံများ၊ ထုတ်ကုန်များထုတ်လုပ်နိုင်ရေး အသိပညာ၊ နည်းပညာများ၊ အထောက်အကူပြုအချက်များကို ဖော်ဆောင်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃၀) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

မန္တလေး နိုဝင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ တွင်းငယ်ကျေးရွာရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၃၀) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ နယ်မြေခံသင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့်တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။



ဦးစွာ နယ်မြေခံသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးက သင်တန်းဖွင့် အမှာစကားပြောကြားသည်။ ထို့နောက် စစ်ရေးပြအစီအစဉ်အတိုင်း ဆက်လက်ပြုလုပ်ခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

(၁၆၇)
(၀၃၈)

အသက်(၁၈)နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြုိင်ပွဲ ပိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၁၆

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၂၇)အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့ မွန်းလွဲ ၁ နာရီက မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဖလား အသက်(၁၈)နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပခဲ့သည်။

အဆိုပါ အသက် (၁၈) နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို နိုဝင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ အုပ်စု (က)၊ (ခ)၊ (ဂ)၊ (ဃ)ဖြင့် ကျောင်းပေါင်း၀ုံ အသင်းပေါင်း ၁၃ သင်းဖြင့် ပါဝင်ယှဉ်ပြိုင်ကစားခဲ့သည်။ ယနေ့တွင် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲကိုကျင်းပရာ အမှတ်(၂၃)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂၅)အခြေခံပညာအထက်တန်းကျောင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည်။ ယင်းနောက် မွန်းလွဲ ၂ နာရီတွင် ဆုချီးမြှင့်ပွဲကိုကျင်းပခဲ့ရာ ဆုချီးမြှင့်ပွဲတွင် ပထမဆုရရှိသော အထက (၃၂) ကျောင်းအသင်း၊ ဒုတိယဆုရရှိသော အထက(၃၅) ကျောင်းအသင်း၊ တတိယဆုရရှိသော အထက(၃၉)ကျောင်းအသင်းနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမား ဆုတို့အား ပြည်ကြီးတံခွန်မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစစ်မင်းမျိုးနှင့် အဖွဲ့ဝင်များဖြစ်သည့် ဦးအောင်သွင်၊ ဦးအောင်မျိုးခိုင်နှင့် စက်မှုနယ်မြေရဲစခန်းမှူး ဒုရဲမှူး ဦးလူလှတို့က ဆုတံဆိပ်များနှင့် ငွေသားဆုများအား ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါဆုချီးမြှင့်ပွဲသို့ ပြည်ကြီးတံခွန်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စန်းစန်းအေးနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိဌာနဆိုင်ရာများ၊ ကျောင်းသား၊ သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

စင်မင်းမောင်(ခရိုင်၊ ပြန်/ဆက်)

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအကြောင်းသိကောင်းစရာ အသိပညာပေးဆွေးနွေးပွဲ Talk Show ကျင်းပ

ငဖဲ နိုဝင်ဘာ ၁၆

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနပြည်သူ့စာကြည့်တိုက်ခန်းမတွင် မြို့နယ်ဥပဒေဌာနနှင့်ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအကြောင်းသိကောင်းစရာ အသိပညာပေးဆွေးနွေးပွဲ Talk Show ကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဆွေးနွေးပွဲတွင် ငဖဲမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအကြောင်း သိကောင်းစရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး မြို့နယ်ဥပဒေအရာရှိ ဦးအာကာကျော်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်းထားရှိမှုနှင့် အရေးယူဆောင်ရွက်မှု၊ အဂတိလိုက်စားမှုအကြောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှုကြောင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ သိမ်းဆည်းခံရနိုင်မှု၊ အဂတိလိုက်စားမှုကျူးလွန်ပါက ရရှိမည့်ပြစ်မှုပြစ်ဒဏ်များကို အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။

ငဖဲမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ အသိပညာပေး Talk Show အစီအစဉ်များရိုက်ကူး၍ Online မှတစ်ဆင့် ထုတ်လွှင့်တင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။

မယု(ငဖဲ)

o–o–o–o–o–o

စက်ရုံ မီးဘေးကြုံတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်

ပုသိမ်ကြီး နိုဝင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ကျေးရွာရှိ နဂါးနှစ်ကောင် ပီနံအိတ်စက်ရုံအား မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမင်းသန့် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲ ၁ နာရီက မီးဘေးကြုံတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် မီးငြိမ်းသတ်ရေးပစ္စည်းများ လိုက်လံကြည့်ရှုစစ်ဆေးခြင်း၊ စက်ရုံဝန်ထမ်းများအား မီးသတ်ဆေးဘူးအသုံးပြုနည်းလက်တွေ့သရုပ်ပြခြင်းများ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ချရုန်ကင်း)(ပြန်/ဆက်)

ကြော်ငြာဌာန
ဖုန်း-၀၅၁၁၇၀၁၁၉
၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား။

တတိယအကြိမ် လွှတ်တော်များ၏ တတိယပုံမှန်အစည်းအဝေးများအောင်မြင်စွာ ပြီးမြောက်ခြင်း ဂုဏ်ပြုညစာ စားပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၆

တတိယအကြိမ် လွှတ်တော်များ၏ တတိယပုံမှန်အစည်းအဝေးများအောင်မြင်စွာ ပြီးမြောက်ခြင်း ဂုဏ်ပြုညစာစားပွဲကို ယနေ့ည၌ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဧမ္မူသီရိဆောင်ထမင်းစားခန်းမကြီး B ဆောင်၌ ကျင်းပသည်။

ဂုဏ်ပြုညစာစားပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဌေး၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက Jeng Phang နေ့တောင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ပြည်ထောင်စုလွှတ်တော်နာယကသည် တက်ရောက်လာကြသူများနှင့်အတူ ညစာကိုအတူတကွသုံးဆောင်ကြပြီး ညစာမသုံးဆောင်မီနှင့်သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။

ဂုဏ်ပြုညစာ စားပွဲအဖြီးတွင် ပြည်ထောင်စုလွှတ်တော်နာယကက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



❖ ရွှေဖုံးမှ

တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်သမ္မတကြီး၏ နိုင်ငံတော်အခြေပြမိန့်ခွန်းနှင့် သဝဏ်လွှာပါအချက် ၄၃ ချက်၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) အရ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် သဘောတူချုပ်ဆိုထားသည့် ပြည်ထောင်စု သဘောတူစာချုပ် (Union Accord) အစိတ်အပိုင်း (၁)၊ (၂)၊ (၃) တို့ကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပေးပို့ထားပြီးဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတကြီး၏ သဝဏ်လွှာကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် ပြည်ထောင်စုသဘောတူစာချုပ် (Union Accord) အစိတ်အပိုင်း (၁)၊ (၂)၊(၃)တွင်ပါသည့် အချက်အလက်များနှင့် NCA လက်မှတ်ထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီအစုအဖွဲ့များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် ဆွေးနွေးသဘောတူညီထားသည့် အချက် ၄၃ ချက်တွင်ပါသည့် အချက်အလက်များကို လေ့လာသုံးသပ်ပြီးနိုင်ငံတော်ပကတိအခြေအနေနှင့်ကိုက်ညီသည့် ပြဋ္ဌာန်းချက်အဖြစ် ပြင်ဆင်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ယခု တတိယအကြိမ်လွှတ်တော်သက်တမ်းကာလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် သဝဏ်လွှာပါ အချက် ၄၃ ချက်ကို အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေများနှင့်အညီ ဥပဒေပြုနိုင်ရေး ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ထူးခြားချက်အနေဖြင့် ပထမအကြိမ်နှင့် ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကာလများ၌ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေးအတွက် အကြံပြုချက်များကို အခြေခံပြီး အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်သော်လည်း မိမိတို့ တတိယအကြိမ်လွှတ်တော်သက်တမ်းကာလတွင် NCA အရ Union Accord အထိကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးသဘောတူထားသည့် Resources အခြေခံအရင်းအမြစ်များ ရှိထားပြီးဖြစ်သည့် Union Accord အစိတ်အပိုင်း (၁)၊ (၂)၊ (၃) နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရန်အချက် ၄၃ ချက်တို့ ဖြစ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)ကို တတိယအကြိမ် ပြင်ဆင်ရန် ထူးခြားသည့် အချက်ပင်ဖြစ်ကြောင်း။

ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေး ဆောင်ရွက်ကြရာတွင် ပြင်ဆင်/ ဖြည့်စွက် ဆွေးနွေးရမည့်အချက်များသည် ခိုင်ခိုင်မာမာ ရှိပြီးဖြစ်သည့် အချက်များအပေါ် ဆွေးနွေးပြီး ရလဒ်အတိုင်း ဆောင်ရွက်သွားရမည် ဖြစ်သည့်အတွက် ယခုလုပ်ငန်းစဉ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၁၂ ပါအတိုင်း ဆောင်ရွက်နိုင်ရန်အတွက် ဥပဒေမူကြမ်းတစ်ခု လိုအပ်ပါကြောင်း၊ ထို့အတွက် အခြေခံ အချက် ၄၃ ချက်ရှိပြီးဖြစ်သည့်အတွက် အခြေခံကောင်းများကို မူတည်ပြီး ဥပဒေမူကြမ်းတစ်ရပ်ရေးဆွဲရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုပုံပေါင်းကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ရခြင်းဖြစ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်၏ အမြင့်ဆုံးဥပဒေဖြစ်ပြီး အုပ်ချုပ်ရေးစနစ်၊ နိုင်ငံသားအခွင့်အရေးနှင့် အာဏာခွဲဝေမှုတို့ကို ပြဋ္ဌာန်းထားသည့်အတွက် နိုင်ငံ၏ အသက်သွေးကြောအဖြစ် ရှုမြင်ကြပါကြောင်း၊ သို့သော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပြင်ဆင်ခြင်းနှင့် ပတ်သက်၍ နိုင်ငံရေးနှင့် ဥပဒေရေးရာ နယ်ပယ်များတွင် ရှုထောင့်အမျိုးမျိုးနှင့် ဆွေးနွေးငြင်းခုံလေ့ရှိကြသည်ကို တွေ့ရှိရပါကြောင်း။

ထို့ကြောင့် ပူးပေါင်းကော်မတီအနေဖြင့် နိုင်ငံတော်အကျိုးဖြစ်ထွန်းပြီး ဒို့တာဝန် အရေးသုံးပါးကို ထိခိုက်စေမှုမရှိအောင် အလေးအနက်ထားသုံးသပ် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယ နာယက Jeng Phang နော်တောင်က ဥပဒေပြုရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးလှသိန်းက ပူးပေါင်းကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်အပေါ် ပြည်ထောင်စုလွှတ်တော် နာယက ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယကက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် လွှတ်တော်တွင်းရှိ နိုင်ငံရေးပါတီများနှင့် တပ်မတော်သား ကိုယ်စားလှယ်များစုံညီစွာဖွဲ့စည်းထားသည့် ပူးပေါင်းကော်မတီအနေဖြင့် သဘောထားကွဲလွဲမှုများရှိလာပါက နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကိုရှေးရှုကာ အပြန်အလှန် လေးစားယုံကြည်မှုဖြင့် ညှိနှိုင်းဆွေးနွေးကြရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေများကိုလည်း ကြိုတင်လေ့လာထားကြရန်နှင့် ကော်မတီ၏ ကြိုးပမ်းမှုများမှတစ်ဆင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် အတွက် အားလုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက် သွားကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့လေ့လာသုံးသပ်ရေးနှင့် ဥပဒေမူကြမ်းပြုစုရေး ပူးပေါင်းကော်မတီအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ [New Democracy Party (Kachin)] [N.D.P (Kachin)]ကို ကချင်ပြည်နယ် ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party) အမည်သို့ ပြောင်းလဲခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၇၂ / ၂၀၂၆)
၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၇ ရက်
(၂၀၂၆ ခုနှစ် ၊ နိုဝင်ဘာလ ၁၆ ရက်)

ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ[New Democracy Party (Kachin)] [N.D.P (Kachin)]ကို ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party) အမည်သို့ ပြောင်းလဲခွင့်ပြုခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ မှတ်ပုံတင်အမှတ်(၃)ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်သည့် **ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ [New Democracy Party (Kachin)] [N.D.P (Kachin)]** သည် ယင်းပါတီ၏အမည်ကို **ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party)** အမည်သို့ပြောင်းလဲအသုံးပြုလိုကြောင်း ဤကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းပါတီ၏ တင်ပြချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စိစစ်ပြီး ပါတီ၏အမည်ကို ပြောင်းလဲခွင့်ပြုရန် သဘောတူပါသဖြင့် **ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ [New Democracy Party (Kachin)] [N.D.P (Kachin)]** ကို ၁၆ - ၁၁ - ၂၀၂၆ ရက်နေ့မှစ၍ **ကချင်ပြည်နယ်ဒီမိုကရေစီပါတီသစ်ပါတီ (Kachin State New Democracy Party)** အမည်ဖြင့် ပြောင်းလဲသတ်မှတ်ကြောင်း ကြေညာလိုက်သည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

✪ တောင်ကြီးမှ

ပွဲတော်ကို ပွဲတော်ကျင်းပရေးကော်မတီနာယက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်လွတ်တော်ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပွဲတော်ဖွင့်ပွဲတွင် တိုင်းရင်းသားအဖွဲ့များက ကိန္နရီကိန္နရာ အကများ၊ တိုးနရားအကများ၊ ရှမ်းဓားသိုင်းအကများ။ တိုင်းရင်းသားရိုးရာအကများ၊ ဒေသခံအဆိုတော်များက ခေတ်ပေါ်တေးသီချင်းများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က တောင်ကြီးမြို့ တန်ဆောင်တိုင် မီးပုံးပျံပွဲတော်သည် တိုင်းရင်းသားရိုးရာ အစဉ်အလာအရ ကျင်းပသည့် ပွဲတော်တစ်ခုဖြစ်ပြီး နိုင်ငံအတွင်းရှိ အနယ်နယ်အရပ်ရပ်မှ ပြည်သူများသာမက ကမ္ဘာ့နိုင်ငံများမှ ခရီးသွားဧည့်သည်များပါ စိတ်ဝင်စားစွာ လာရောက်လည်ပတ်ကြသည့် ပွဲတော်တစ်ခုဖြစ်ကြောင်း၊ ပွဲတော်တွင် တိုင်းရင်းသားပြည်သူများအားလုံး ညီရင်းအစ်ကို မောင်ရင်းနှမများပမာ ချစ်ခင်ရင်းနှီးစွာ၊ အေးချမ်းတည်ငြိမ်စွာ၊ စည်းလုံးညီညွတ်စွာ၊ ပျော်ရွှင်ကြည်နူးစွာ ပါဝင်ဆင်နွှဲကြခြင်းဖြင့် တိုင်းရင်းသားပြည်သူများ၏ သွေးစည်းညီညွတ်မှုကို ဖော်ထုတ်ပြသနိုင်သည့်အပြင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး အကျိုးရလဒ်ကောင်းများကို မျက်ဝါးထင်ထင် တွေ့မြင်ခံစားကြရမည်ဖြစ်ကြောင်း ပြောကြားပြီး တန်ဆောင်တိုင်ပွဲတော်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ စိန်နားပန် မီးပုံးပျံကို လွှတ်တင်ပေးသည်။

ထို့အတူ တိုင်းရင်းသား။ တိုင်းရင်းသူများက မီးပုံးပျံအလတ် အလုံး ၆၀၀၊ ကျောင်းသား ကျောင်းသူများက မီးပုံးပျံအသေး ၈၀၀ စုစုပေါင်း မီးပုံးပျံအလုံးပေါင်း ၁၄၀၀ ကို လွှတ်တင်ပေးကြပြီး မီးရှူး၊ မီးပန်းများ ပစ်ဖောက်ကြသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ အဝေးရာမီးပုံးပျံကွင်းအတွင်း ဖွင့်ပွဲ မီးပုံးပျံ စိန်နားပန်မီးပုံးပျံကို လွှတ်တင်ပေးကြသည်။

ထိုသို့ပွဲတော်ဖွင့်ပွဲကျင်းပစဉ် အဆိုတော်နိုင်းဟိန်းကိုကိုက တောင်ကြီး တန်ဆောင်တိုင်ပွဲတော် ဆုရသီချင်းဖြစ်သည့် ကမ္ဘောဇမောတို့ရှမ်းဌာနေသီချင်းဖြင့် ဖျော်ဖြေခြင်း၊ တိုင်းရင်းသား၊ တိုင်းရင်းသူအကအဖွဲ့များက တူညီအကဖြင့် ကပြဖျော်ဖြေခြင်း၊ ခေတ်ပေါ်တေးကိတတီးဝိုင်းဖြင့် ဖျော်ဖြေခြင်းတို့ ဆောင်ရွက်ကြရာ ပွဲတော်လာပြည်သူများက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။ ယခုနှစ် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်တွင် ညမီးကြိုး ၇၁ လုံး၊ စိန်နားပန် ၄၁ လုံး စုစုပေါင်း ညလွှတ် မီးပုံးပျံ ၁၁၂ လုံး၊ နေ့လွှတ်အရပ် ခြေနှစ်ချောင်း အရုပ်မီးပုံးပျံ ၂၃၆ လုံး၊ ခြေလေးချောင်း အရုပ်မီးပုံးပျံ ၁၃၈ လုံး၊ အရုပ်အုပ်စု ၇၅ လုံး စုစုပေါင်း ၄၄၉ လုံး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

ရေရှားမည်ဘေး ရှောင်ရှားဖို့ ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းစို့

ရေချိုစိမ့်စမ်း မခန်းစေဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်များမှ ဒေသခံပြည်သူများအား လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး (၂၉) ရက်မြောက် နေ့အစည်းအဝေးသို့ လာရောက်လေ့လာသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်များမှ ဒေသခံပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ၊ သဘင်ဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်များမှ ပြည်သူများအနေဖြင့် လွှတ်တော်ကို ယခုလို စိတ်ပါဝင်စားစွာ လာရောက်လေ့လာသည့်အတွက် ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း၊ ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ ၂၀၂၅ ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲများ ကျင်းပပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစသည့် မဏ္ဍိုင်ကြီး(၃)ရပ်ဖြင့် ဒီမိုကရေစီအစိုးရသစ်တစ်ရပ်ပေါ်ပေါက်လာသည့် အခြေအနေများ၊ မိမိတို့ဥပဒေပြုရေးမဏ္ဍိုင် အနေဖြင့် နိုင်ငံအကျယ်အဝန်း၊ တိုင်းရင်းသား လူမျိုးစုများနှင့် လူဦးရေအပေါ် မူတည်၍ လွှတ်တော်နှစ်ရပ်စနစ် (Bicameral) ကျင့်သုံးမှု အခြေအနေများ၊ လွှတ်တော်၏ ဥပဒေပြုရေး လုပ်ငန်းစဉ်များနှင့် လွှတ်တော်က အသစ်ပြဋ္ဌာန်းပေးလိုက်သော အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာဥပဒေနှင့် အခြားလက်ရှိ တည်ဆဲဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မဏ္ဍိုင်ကြီး(၃)ရပ် အပြန်အလှန် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူ့အကျိုး ဆောင်ရွက်နေသည့် အခြေအနေများ၊ လွှတ်တော်တွင် ပြည်သူများက ရွေးချယ်ပေးလိုက်သော ကိုယ်စားလှယ်များ အနေဖြင့် ပြည်သူကိုကိုယ်စားပြုပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် လွှတ်တော်အတွင်း မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်း ဆောင်ရွက်ခြင်းနှင့် ပြည်သူ့အသံများကို လွှတ်တော်မှတစ်ဆင့် ဖော်ထုတ်ဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ ဥပဒေပြုရေး လုပ်ငန်းစဉ်များ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်ကော်မတီများဖွဲ့စည်းမှု အခြေအနေများ၊ မိမိတို့လွှတ်တော်အနေဖြင့် ပြည်သူများ အားကိုးအားထားပြုရာ မဏ္ဍိုင်တစ်ရပ်ဖြစ်စေရန် အတွက် လွှတ်တော်ကို စွမ်းရည်မြင့်မားပြီး ပြည်သူကို ဗဟိုပြုသည့် ခေတ်မီ လွှတ်တော်ဖြစ်စေရေး အတွက် ပြည်သူ့လွှတ်တော် မဟာဗျူဟာ စီမံကိန်း(၂၀၂၇-၂၀၃၁) (၅)နှစ်စီမံချက်ချမှတ် ဆောင်ရွက်လျက်ရှိပြီး **"ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပုဗ္ဗသီရိမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေနှင့် ပြည်သူ့လွှတ်တော် ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း (၂၇)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး (27th ASEAN Chiefs of Army Multilateral Meeting -27th ACAMM) တက်ရောက်ရန် မလေးရှားနိုင်ငံသို့ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၆

မလေးရှားနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၂၇)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး (27th ASEAN Chiefs of Army Multilateral Meeting-27th ACAMM)သို့ တက်ရောက်မည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ဦးဆောင်သော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိခဲ့ရာ မလေးရှားတပ်မတော်မှ အရာရှိကြီးများ၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကျော်မိုး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ညီညီဦးနှင့် ဇနီး၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့သည် ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာပြီး မလက္ကာမြို့ရှိ Double Tree Hotel သို့ရောက်ရှိကြရာ မလေးရှားတပ်မတော်မှ အမှတ်(၁၁) တပ်မဟာမှူး ဗိုလ်မှူးချုပ် ဒါတိုဆဖ်ဝမ်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ညနေပိုင်းတွင် အဆိုပါဟိုတယ်ရှိ Strait-1 ခန်းမ၌ ထိုင်းဘုရင့် တပ်မတော် ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ပါနာကလာ အူပလော့တွတ် (Pana Claew-plodtook) နှင့် တွေ့ဆုံဆွေးနွေးကြသည်။

(အပေါ်ယာပုံ)

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် တပ်မတော် အရာရှိကြီးများ၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) တို့ တက်ရောက်ကြပြီး ထိုင်းဘုရင့် တပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး ဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် မူးယစ်ဆေးဝါး၊ တရားမဝင်နယ်စပ်ကုန်သွယ်ရေးနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးကာကွယ်နှိမ်နင်းလျက်ရှိသည့်ကိစ္စရပ်များ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ တချို့၏ အကာအကွယ်ဖြင့် နှစ်နိုင်ငံ နယ်စပ်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ ကျူးလွန်ရာတွင် လိုအပ်သည့် ရိက္ခာ၊ စက်သုံးဆီ၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေးအထောက်အကူပြုပစ္စည်းများကို ထိုင်းနိုင်ငံဘက်မှ ပူးပေါင်း ကာကွယ်တားဆီးပေးရန် လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ထိုင်းဘုရင့် တပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့် အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန် ပေးအပ်ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

စာဖတ်ဝိုင်းကျင်းပ

ကျွန်းလှ နိုဝင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများအား အသိပညာ ဗဟုသုတရရှိစေရန်၊ ကျောင်းစာအပြင် ပြင်ပစာပေများဖတ်ရှုသည့် အလေ့အကျင့်ရှိစေရန်၊ ဗလငါးတန်နှင့် ပြည့်စုံသောသူများဖြစ်စေရန် ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက လူငယ်စာပေအသင်း (Youth Club) စာဖတ်ဝိုင်းဆွေးနွေးပွဲကို လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျွန်းလှမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းမြင့်က စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး လူငယ်စာပေအသင်း (Youth Club) ဖွဲ့စည်းသည်။

ထို့နောက် တက်ရောက်လာကြသည့် လူငယ်စာပေအသင်းဝင်များက ဒို့ကျေးရွာဂျာနယ် အတွဲ (၂၃)၊ အမှတ်(၁၈)စာရေးဆရာ ဒေါက်တာသန်းထွန်း ရေးသားသည့် 'လူငယ်တွေစာဖတ်ကြပါ' ဆောင်းပါးအကြောင်းအရာများကိုဖတ်ကြားပြီး အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(၄၈၀)

ကျန်းမာရေးစောင့်ရှောက်ခြင်းနှင့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

ကျောက်ပန်းတောင်း နိုဝင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ကျောက်ပန်းတောင်းမြို့နယ်၌ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ အစီအစဉ်ဖြင့် ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးစောင့်ရှောက်ခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းများကို ယနေ့နံနက် ၉နာရီက ဈေးကွက်သစ်ရပ်ကွက်ရှိ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ရုံးတွင် ကျင်းပခဲ့သည်။

မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လဲ့လဲ့မြင့်က ကိုယ်ဝန်ဆောင်မိခင်များ မိခင်နို့ စနစ်တကျ တိုက်ကျွေးခြင်းဆိုင်ရာများနှင့် သားဆက်ခြားလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် ကိုယ်ဝန်ဆောင် မိခင်များ မေးခိုင်ကာကွယ်ဆေးနှင့် ဆုံဆို့ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ပါဝင်ကူညီဆောင်ရွက်ခဲ့သည်။ အဆိုပါအသိပညာပေးဟောပြောပွဲနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကိုယ်ဝန်ဆောင်မိခင် ၃၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(၄၅၆)**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် နိုဝင်ဘာ ၁၆

တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကျေးရွာချင်းဆက်လမ်းများ ကျောက်ချောလမ်းဆောင်ရွက်ပေးနိုင်ရေး၊ အမျိုးသမီးများ၏ဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးရွာများ စိုက်ပျိုးရေးနှင့်သောက်သုံးရေရရှိရေး၊ အားကစားကွင်းများ အဆင့်မြှင့်တင်ပေးနိုင်ရေး၊ ပြင်းထန်အယ်လ်နီညိုရာသီဥတုဘေးကြိုတင်ကာကွယ်ရေး၊ ဆေးရုံနှင့် ကျန်းမာရေးဌာနများတွင် ဝန်ထမ်း၊ ဆေးပစ္စည်း ဖြည့်တင်းပေးနိုင်ရေး၊ ဓာတ်အားခွဲရုံ၊ အသစ်တည်ဆောက်ပေးရေး၊ လယ်ယာ၊ စက်ရုံ၊ အလုပ်ရုံနှင့် ငါးဖမ်းလုပ်ငန်းများအတွက် စက်သုံးဆီအရောင်းဆိုင်များ ဖွင့်လှစ်ပေးနိုင်ရေး၊ လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၅ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ပုဇွတ်သိမ်းမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **တပ်ကုန်းမြို့နယ် အောင်မြေရိပ်သာ-နောင်ဘိုအိုး - ကံကြီးကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် အောင်မြေရိပ်သာ-နောင်ဘိုအိုး - ကံကြီးကျေးရွာချင်းဆက်လမ်းသည် အရှည် နှစ်မိုင် ၆ ဒသမ၆၂ ဖာလုံ အမာခံလမ်းအား ရာသီမရွေးဆက်သွယ်သွားလာနိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် နှစ်မိုင်အား ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် နေပြည်တော်ကောင်စီဒွေလုံးဒွေရင်းရန်ပုံငွေတွင် လျာထားတင်ပြထားပြီး ဖြစ်ပါကြောင်းနှင့် ကျန်အပိုင်းများ ကွန်ကရစ်လမ်းခင်းခြင်း ဆောင်ရွက်ရန် ရန်ပုံငွေတွင် လျာထားတင်ပြပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တောင်ကြီးမဲဆန္ဒနယ်မှ နန်းကျင်း(ခ)နန်းစိန်၏ **အမျိုးသမီးတစ်ဒါဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒ၊ ဥပဒေ၊ စီမံကိန်းများ ချမှတ်ထားရှိမှုနှင့် IDP ဒေသ်များရှိ အမျိုးသမီးများ၏ လုံခြုံရေးအတွက် အရေးပေါ်စီမံကိန်းများ မည်သို့ချမှတ်ထားသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာနေသွယ်ကြည်က အမျိုးသမီးရေးရာဝန်ကြီးဌာနသည် ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော အမျိုးသမီးများနှင့် ဥပဒေအရ ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်သည့် အမျိုးသမီးငယ်ရွယ်များအတွက် သင်တန်းကျောင်း ရှစ်ကျောင်းတွင် လက်ခံစောင့်ရှောက်ထားပြီး အတန်းပညာ ဆက်လက်သင်ယူစေခြင်း၊ အကျင့်စာရိတ္တပြုပြင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးခြင်း၊ ပြင်ပအလုပ်အကိုင်ရှာဖွေပေးခြင်း၊ လူမှုအဖွဲ့အစည်းနှင့် ပြန်လည်ဝင်ဆုံ ပေါင်းစည်းပေးခြင်းတို့ကို ဆောင်ရွက်ပေးနေပါကြောင်း။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေတွင်ပါဝင်သည့် "သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် အမျိုးသမီးများအား ဦးစားပေးကူညီစောင့်ရှောက်ရမည်၊ ဘေးသင့်သူများအား ထောက်ပံ့ကူညီရာတွင် လူဂုဏ်သိက္ခာထိခိုက်စေမည့် ပြုမူဆောင်ရွက်မှုမျိုးမဖြစ်စေရန်ရှောင်ကြဉ်ရမည်"ဟူသော အချက်နှင့်အညီ အလေးထားဆောင်ရွက်လျက်ရှိရာ IDP Camps ရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အသက်အိုးအိမ် စည်းစိမ်ဘေးကင်းလုံခြုံရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးသန်းထွန်းဦး၏ **ကျိုင်းတုံမြို့နယ် လွယ်မွေဒေသရှိ ကျေးရွာပေါင်း ၁၉ ရွာတွင် စိုက်ပျိုးရေးနှင့် သောက်သုံးရေ ရရှိရေးအတွက် နောင်လျှန်လျှိုပိတ်တမံ တည်ဆောက်ပေးရန်**



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ ကျင်းပစဉ်။

မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုလိုစိုလိ(ကျောက)က ကျိုင်းတုံ နောင်လျှန်လျှိုပိတ်တမံ တည်ဆောက်ခြင်းလုပ်ငန်းအတွက် အကြိုပြင်ဆင်ခြင်းနှင့် လုပ်ငန်းတွင်အသုံးပြုမည့် စက်ယန္တရားများကြွံခိုင်ရေး အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းများအတွက် ၂၀၂၆ -၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံထားပြီးဖြစ်ပါ၍ ရန်ပုံငွေရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တမံတည်ဆောက်နိုင်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံထားပြီးဖြစ်၍ ရန်ပုံငွေရရှိပါက လုပ်ငန်းများ စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလေးဖဆန္ဒနယ်မှ ဦးခင်မောင်သန်း၏ **ကလေးခရိုင် ပြည်သူ့အားကစားကွင်းအား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ပြည်သူ့အားကစားကွင်းအတွင်းရှိ အထူးတန်းပွဲကြည့်စင် ပြုပြင်ခြင်းလုပ်ငန်းနှင့် မိုးလုံလေလုံအားကစားခန်းမ ပြုပြင်ခြင်းလုပ်ငန်းများအား ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေတွင် ထည့်သွင်းလျာထားတင်ပြထားပြီး ဖြစ်ပါကြောင်းနှင့် ကျန်ရှိသည့် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအား သင့်လျော်သော ဘဏ္ဍာရေးနှစ်များတွင် ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်အလိုက် လျာထားတင်ပြ တောင်းခံပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကော့မှူးမဲဆန္ဒနယ်မှ ဦးအောင်မျိုးသန်း၏ **ကော့မှူးမြို့နယ် ပြည်သူ့အားကစားကွင်းတွင် ပွဲကြည့်စင်၊ စားရိပ်သာနှင့် အိမ်သာတို့အား တိုးချဲ့ဆောက်လုပ်ပေးရန်အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ပြည်သူ့အားကစားကွင်းအား တိုးချဲ့ပွဲကြည့်စင် နှစ်ခု ဆောက်လုပ်ခြင်းနှင့် ခြောက်ခန်းတွဲ သန့်စင်ခန်း တစ်လုံး ဆောက်လုပ်ခြင်း လုပ်ငန်းများအတွက် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်၌ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေတွင် လျာထားတင်ပြ တောင်းခံပေးသွားမည်ဖြစ်ပြီး ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

တိုးချဲ့စားရိပ်သာ ဆောက်လုပ်ရန်မှာ အားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ရန် ဓာန်းသွင်းလေ့ကျင့်မှုများအား ခရိုင်အဆင့်အားကစားကွင်းများတွင်သာ ပြုလုပ်လျက်ရှိပြီး ကော့မှူးမြို့နယ် အားကစားကွင်းသည် မြို့နယ်အဆင့် အားကစားကွင်းဖြစ်သည့် အတွက် စားရိပ်သာတိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းအား လတ်တလောအနေဖြင့် ဆောင်ရွက်ပေးရန်အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မလိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ၏ **ပြင်းထန်အယ်လ်နီညိုဖြစ်ပေါ်နေသည့် ကာလအတွင်း ရာသီဥတုဆိုးရွားစွာ ပြောင်းလဲဖြစ်ပေါ်နေမှုများမှ ကြိုတင်ကာကွယ်ရေး စီမံဆောင်ရွက်ထားရှိမှုများနှင့် လူထုအခြေပြု ပါဝင်ဆောင်ရွက်နိုင်ရေး အသိပေးကြော်ငြာထုတ်ပြန်မည့် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ပစိဖိတ်သမုဒ္ဒရာအတွင်း အယ်လ်နီညိုဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနမှ အမြဲမပြတ် စောင့်ကြည့်လေ့လာ၍ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် အယ်လ်နီညိုဖြစ်စဉ်၏ သက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပုံမှန်ထက် အပူချိန်ပိုမိုမြင့်မားခြင်း၊ မိုးခေါင်ရေရှား ခြင်းနှင့် အစွန်းရောက်အပူလှိုင်းများ ဖြစ်ပေါ်နိုင်ခြေရှိကြောင်း ကြိုတင်သတိပေးချက်များကို ထုတ်ပြန်ပေးလျက်ရှိပါကြောင်း။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေး အရေးပေါ်အခြေအနေများတွင် လျင်မြန်ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်များ၌ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များ ကွင်းဆင်းအဖွဲ့များ ၁၅၆၂ ဖွဲ့ ဖွဲ့ဝင်စုစုပေါင်းဖြစ်ပါကြောင်း။

သက်ဆိုင်ရာနိုးန္တယ်ဌာနဆိုင်ရာများနှင့် ပူးပေါင်းညှိနှိုင်း၍ အပူရောင်စဓနိုးများ ဖွင့်လှစ်နိုင်မည့်နေရာများကို ကြိုတင်ရွေးချယ်လျာထားခြင်း၊ အပူရောင်စခန်းများ ဖွင့်လှစ်ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်သင့်သည့် ကျန်းမာရေးဆိုင်ရာ အကြံပြုချက်များ ပေးအပ်ခြင်းနှင့် လျာထားသည့်နေရာများသို့ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့်အတူ ကွင်းဆင်းကြည့်ရှု စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကုသရေးဦးစီးဌာနအနေဖြင့် ပြည်သူ့ဆေးရုံများတွင် အပူဒဏ်အန္တရာယ်ကြောင့် ဖြစ်ပွားတတ်သော ရောဂါများဖြင့် လာရောက်ပြသသော လူနာများအား စနစ်တကျ လက်ခံကုသပေးနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိရန်၊ လုံလောက်၍ ဘေးကင်းသော ရေအရင်းအမြစ်နှင့် အရေးပေါ်လျှပ်စစ်မီးရရှိနိုင်ရေး၊ ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာပစ္စည်း supply chain ပြတ်တောက်မှုမရှိစေရန်နှင့် ရောဂါကူးစက်မှုကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သန့်ရှင်းသောသောက်ရေနှင့် လုံလောက်သောသုံးရေ ဖူလုံစွာရရှိနိုင်ရေးအတွက် ဒေသအလိုက် မြေယိုရေမြေအောက်ရေအရင်းအမြစ် ရရှိမှုများအပေါ်မူတည်၍ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးသက်ပုံ၏ **စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးဝန်ထမ်းများ ခန့်ထားပေးရန်၊ ဓာတ်လှေကားနှင့် Oxygen Plant တို့အား အမြန်ပြုပြင်လဲလှယ်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ခုတင် (၃၀၀) ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်သော အထူးကုဆရာဝန်(နာ၊ နာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်)၊ အထူးကုဆရာဝန် (စိတ်ကျန်းမာ)၊ အထူးကုဆရာဝန် (အရေပြား)၊ အထူးကုဆရာဝန် (ကင်ဆာရောဂါ)၊ အထူးကုဆရာဝန် (မွေးငင်း)တို့အား ခန့်ထားပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးတွင် လူနာနှင့် သူနာပြုဦးရေအချိုးအရ လက်ရှိအခြေအနေတွင် လုနာများအား လုံလောက်စွာ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ပါကြောင်း၊ သစ်လွင်သူနာပြုများ ခန့်ထားချိန်တွင် လုပ်ငန်းလိုအပ်ချက်နှင့် ခွဲတမ်းရရှိနိုင်မှုအပေါ်မူတည်၍ ထပ်မံခန့်ထားပေးမည်ဖြစ်ပါကြောင်း၊ စစ်ကိုင်းမြို့ ခုတင်(၃၀၀)ဆုံ ပြည်သူ့ဆေးရုံကြီးရှိ Oxygen Plant (NZO-30) နှင့် ဓာတ်လှေကား(Toc0)တို့အား ပြင်ဆင်ရန်အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း သာမန်အသုံးစရိတ်ဖြင့် ပြုပြင်ပေးရန် ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ထန်းတပင်မဲဆန္ဒနယ်မှ ဦးဝိန်းရီ၏ **ထန်းတပင်မြို့နယ် မရွေ့ကျေးရွာအနီးတွင် မြေနှင့် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံလှူဒါန်းမည်ဖြစ်ပါသဖြင့် ခွင့်ပြုမိန့်ဆောင်ရွက်ပေးရန်နှင့် ဆောက်လုပ်ပြီးပါက ဝန်ထမ်းနှင့် ပစ္စည်းအင်အား ကာကွယ်စောင့်ရှောက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအနေဖြင့် ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများ ဆောက်လုပ်လှူဒါန်းရာတွင် ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲ ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိပြီးမှသာ ဆောက်လုပ်လှူဒါန်းခွင့်ပြုပါကြောင်း၊ မရွေ့ကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ပန်းတိုင်ကျေးလက်ကျန်းမာရေးဌာန၊ ရေစိုကျေးလက်ကျန်းမာရေးဌာနခွဲအောက်တွင် တည်ရှိပြီး ရန်ကုန် ပုသိမ်ကားလမ်းမကြီးဘေးတွင် တည်ရှိပါကြောင်း၊ မရွေ့ကျေးရွာနှင့် အနီးကျေးရွာမှာ ချော်ခဲကုန်းကျေးရွာဖြစ်ပြီး မရွေ့ကျေးရွာတွင် လူဦးရေစုစုပေါင်း ၁၄၀၇ ဦးနှင့် ချော်ခဲကုန်းကျေးရွာ၏ လူဦးရေမှာ ၁၉၆ ဦး ရှိပါကြောင်း၊ ရေစိုကျေးလက်ကျန်းမာရေးဌာနခွဲနှင့် မရွေ့ကျေးရွာသည် ၁ ဒသမ ၅ မိုင်ခန့်ကွာဝေးပြီး နွေမိုးဆောင်းသွားလာနိုင်သော်ငြားလည်း ဆိုင်ကယ်တို့ဖြင့် သွားလျှင် ၁၀ မိနစ်ခန့်သာကြာမြင့်ပါကြောင်း၊ ရေစိုကျေးလက်ကျန်းမာရေးဌာနခွဲအောက်တွင် ကျေးရွာရှစ်ရွာရှိပြီး လူဦးရေ ၅၀၉၆ ဦးအား သားဖွားဆရာမ တစ်ဦးနှင့် ကျန်းမာရေးမှူး(၄) တစ်ဦး စုစုပေါင်း နှစ်ဦးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါကြောင်း။

မရွေ့ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်ပါက အများဆုံးလာရောက်ပြသမည့် ကျေးရွာများမှာ မရွေ့ကျေးရွာနှင့် ချော်ခဲကုန်းကျေးရွာနှစ်ရွာသာရှိပြီး လူဦးရေအားဖြင့် ၁၆၀၃ ဦးသာ ရှိပါကြောင်း၊ မြေပြင်အခြေအနေပေါ် သုံးသပ်ချက်အရ ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် ဖွင့်လှစ်ရန် အတွက် လိုအပ်ချက်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးနေလင်းအောင်၏ **မြောက်ဥက္ကလာပမြို့နယ်တွင် ဓာတ်အားခွဲရုံအသစ်တစ်လုံးအား မည်သည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ရန်ကုန်တိုင်းဒေသကြီး အစိုးရရန်ပုံငွေတို့ဖြင့် ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းအသစ်များ တိုးချဲ့တပ်ဆင်ခြင်းလုပ်ငန်းများ၊ ဓာတ်အားဖြန့်ဖြူးရေး ထရန်စဖောက်မာများနှင့် ဖြန့်ဖြူးရေးဓာတ်အားလိုင်းများ တိုးချဲ့တပ်ဆင်ခြင်းနှင့် အစားထိုးတည်ဆောက်ခြင်း။ မိတာများ ဝယ်ယူခြင်း၊ Advanced Metering Infrastructure စနစ်အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို နှစ်အလိုက်ဆောင်ရွက်လျက်ရှိပါကြောင်း။ ရေးဆွဲထားသည့် အစီအမံများနှင့်အညီ ခွဲဝေခွင့်ပြုရရှိမည့် ရန်ပုံငွေအပေါ်မူတည်၍ နှစ်အလိုက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လက်ရှိအခြေအနေတွင် မြောက်ဥက္ကလာပမြို့နယ်၌ ဖြန့်ဖြူးရေးခွဲရုံ ရှစ်ရုံ တည်ဆောက်ခွင့် ရရှိထားပြီး ၂၀၂၆ ခုနှစ် ဒီဇင်ဘာလတွင် လုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ရွှေတောင်မဲဆန္ဒနယ်မှ ဦးတင်ရွှေ၏ **ရွှေတောင်မြို့နယ် ပြည်တောင်တန်း ရေနံမြေ- ကွေ့မအုပ်စုဆိပ်ကမ်းလမ်းအား အဆင့်မြှင့်တင်ပေးမည်ဆိုပါက ဒေသခံပြည်သူများက ကူညီပေးလိုပါသဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက ပြည်တောင်တန်း ရေနံမြေစခန်း အမှတ်(၂) နှင့် ကွေ့မဘို ဆက်သွယ်ဖောက်လုပ်ထားသည့် မြေသားလမ်းအရှည် ခုနှစ်မိုင်ကို အကျယ် ၁၅ ပေ၊ တစ်ပေခုရှိ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပြုပြင်မည်ဆိုပါက

စာမျက်နှာ ၆ သို့ ☆

☆ **စာမျက်နှာ ၅ မှ**

ဒေသပေါက်ဈေးနှုန်းများဖြင့် တွက်ချက်မှုအရ ခန့်မှန်း ငွေကျပ် ၆ ဒသမ ၅ ဘီလီယံခန့် ကုန်ကျမည်ဖြစ်ပြီး အဆိုပါရေနံမြေသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ဖြစ်သည့်မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက တာဝန်ယူဆောင်ရွက်နေသည့် ရေနံမြေဖြစ်ပါကြောင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဖြစ်သည့်အတွက် ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ဝင်ငွေရရှိမှုအကျိုးရရှိစေရန် အလေးထားဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ဝင်ငွေ ရရှိမှုအကျိုးရရှိစေရေး ဆောင်ရွက်နေရသော လုပ်ငန်း အနေဖြင့် ဌာန၏လုပ်ငန်းများအတွက် အခါအားလျော်စွာသာ အသုံးပြုနေရသည့်လမ်းအား အဆင့်မြှင့်တင်နိုင်ရေး ရန်ပုံငွေလျာထားတောင်းခံရန် ခက်ခဲပါသဖြင့် ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်းအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း နှင့် လက်ရှိမြေသားလမ်း ထိန်းသိမ်းပြုပြင်ခြင်းနှင့် လိုအပ်သောနေရာများအား ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို နယ်မြေခံပြည်သူများနှင့်ပူးပေါင်းပြီး အလေးထားဆောင်ရွက်ပေး သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသန်းရွှေ၏ **မွန်ပြည်နယ်ရှိ လယ်ယာကဏ္ဍများ၊ စက်ရုံ၊ အလုပ်ရုံများ၊ ငါးဖမ်းစက်လှေများအတွက် စက်သုံးဆီကို တစ်မြို့နယ်လျှင် တစ်ဆိုင် သီးသန့်ရောင်းချပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းက မွန်ပြည်နယ်ရှိ စက်သုံးဆီအရောင်းဆိုင်များသည် စက်သုံးဆီရောင်းချမှုအား QR Code/Bar Code စနစ်ဖြင့်လည်းကောင်း၊ QR Code/Bar Code စနစ်ဖြင့် ဝယ်ယူနိုင်ခြင်းမရှိသည့် ထွန်စက်၊ ထော်လာဂျီစသည်တို့အတွက် စာရင်းမှတ်စနစ်ဖြင့်လည်းကောင်း ရောင်းချပေးလျက်ရှိပါကြောင်း၊ မွန်ပြည်နယ်အတွင်းရှိ စက်သုံးဆီလိုအပ်သော လုပ်ငန်းကဏ္ဍအမျိုးအစားအလိုက် အချက်အလက်အထောက်အထားများဖြင့် မွန်ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြလာပါက သက်ဆိုင်ရာဌာနများမှ စနစ်တကျစိစစ်စေပြီး လုပ်ငန်းအမျိုးအစားအလိုက် အမှန်တကယ် လိုအပ်သော စက်သုံးဆီပမာဏကို လုံလောက်စွာ ခွင့်ပြုရောင်းချပေးလျက်ရှိပါကြောင်း။

လယ်ယာကဏ္ဍဖြစ်သည့် မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများအတွက် တောင်သူများအနေဖြင့် မိမိတို့၏ လယ်ယာမြေများနှင့်အနီးဆုံးရှိ စက်သုံးဆီအရောင်းဆိုင်များတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်ရေး မွန်ပြည်နယ်အတွင်းရှိ မြို့နယ်(၁၀)မြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင် ၁၁၉ ဆိုင်ကို မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများအတွက် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလတွင် ပထမအကြိမ် စက်သုံးဆီ ဂါလန် ၃ သိန်း ၆ သောင်းကျော်ကို ရောင်းချနိုင်ရေး ခွဲဝေချထားပြီးဖြစ်ပါကြောင်း။

လယ်ယာကဏ္ဍအပြင် စက်ရုံ၊ အလုပ်ရုံများ၊ ကမ်းနီးကမ်းဝေး ငါးဖမ်းစက်လှေများအတွက်လည်း မြို့နယ်(၂၁)မြို့နယ်မှ စက်သုံးဆီအရောင်းဆိုင် (၄၂) ဆိုင်ကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလတွင် စက်သုံးဆီ ၃၀၃၉၅၇ ဂါလန် ခွဲဝေချထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် လယ်ယာကဏ္ဍ အသုံးပြုရန်အတွက် မွန်ပြည်နယ် အစိုးရအဖွဲ့မှတစ်ဆင့် စက်သုံးဆီများ လျှောက်ထားလာပါက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနပိုင် ရေနံဓာတုဗေဒစက်ရုံ (သံပရာကန်)၏ ထုတ်လုပ်ဖြန့်ဖြူးမှုနှင့် လက်ကျန်အခြေအနေအပေါ်မူတည်ပြီး ရောင်းချပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းကံ၏ **မိုင်းရှူးမြို့ရှိ နိုင်ငံဝန်ထမ်းများ နေထိုင်ရေးအတွက် RC(၄)ထပ်ဆောင် (၁)လုံးကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်က ရှမ်းပြည်နယ်၊ မိုင်းရှူးမြို့တွင် ဝန်ထမ်းအိမ်ရာများကို စီမံဆောက်လုပ်ပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မြေနေရာရရှိရေးကို ကနဦး လျာထားဆောင်ရွက်ရမည်ဖြစ်ပြီး မြေနေရာသတ်မှတ်ပြီးလျှင် ဝန်ထမ်းအိမ်ရာလိုအပ်ချက်ကို စိစစ်၍ နှစ်အလိုက် ရန်ပုံငွေလျာထား ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းနှင့် လတ်တလောအခြေအနေအရ လျာထားဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မက်မန်းမဲဆန္ဒနယ်မှ ဦးရန်ကျော်၏ **မက်မန်းမြို့တွင် အရာထမ်းအိမ်ရာ (၁)လုံးနှင့် အမှုထမ်းအိမ်ရာ (၂)လုံးတို့အား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်က ရှမ်းပြည်နယ်၊ မက်မန်းမြို့တွင် ဝန်ထမ်းအိမ်ရာများကို စီမံဆောက်လုပ်ပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မြေနေရာရရှိရေးကို ကနဦး လျာထားဆောင်ရွက်ရမည်ဖြစ်ပြီး မြေနေရာသတ်မှတ်ပြီးလျှင် နှစ်အလိုက် ခွင့်ပြုရန်ပုံငွေအပေါ်မူတည်၍ ပြည်နယ်အတွင်း မြို့အလိုက် အိမ်ရာအခက်အခဲရှိသော ဝန်ထမ်းအိမ်ရာများကို လျာထားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းနှင့် လတ်တလောအခြေအနေအရ လျာထားဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

အောင်လံမဲဆန္ဒနယ်မှ ဦးတင်အောင်ချစ်၏ **အောင်လံခရိုင်အတွင်း ရန်ကုန် - ပြည်- မန္တလေး လမ်းပိုင်းများအား စာချုပ်ပါအတိုင်း မည်ကဲ့သို့ပြုပြင် ထိန်းသိမ်းလျက်ရှိပြီး မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်သွားမည်နှင့် ပျက်စီးနေသည့်လမ်းပိုင်းများအား အမြန်ဆုံးပြုပြင်နိုင်ရေး မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်က မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်အတွင်း BOT စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ရန်ကုန် - ပြည် - မကွေး - မန္တလေး လမ်းပိုင်းအား လမ်းသားချောမွေ့ကောင်းမွန်စေပြီး ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား နှစ်စဉ်စီမံချက်ရေးဆွဲ၍ ဆောင်ရွက်လျက်ရှိပြီး စီမံချက်များအတိုင်း ပြီးစီးအောင် လမ်းဦးစီးဌာန၊ ခရိုင်မြို့နယ်အဆင့်ဆင့်က အနီးကပ်ညွှန်ကြား၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ ဦးစိုင်းကျော်လှ၏ **ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့ရှိပြည်ထောင်စုလမ်းမကြီး (၃)မိုင်အား အဆင့်မြှင့်တင်ပေးရန်နှင့် လမ်းပခုံးသားများ ပြုပြင်ချဲ့ထွင်ပေးပါရန် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်က **ကွန်ဟိန်းမြို့နယ်၊ ကာလိမြို့ရှိ ပြည်ထောင်စုလမ်းမကြီး (၃)မိုင်သည်** မိတ္တီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း၏ မိုင်တိုင်(၂၆၂/၆)မှ (၂၆၅/၆)အထိ ၃ မိုင်အရှည်ရှိသည့် လမ်းအပိုင်းဖြစ်ပြီး ပြည်ထောင်စုအစိုးရမှ စီမံခန့်ခွဲသော လမ်းဖြစ်၍ လက်ရှိလမ်းအခြေအနေမှာ (၁၈) ပေအကျယ် ကတ္တရာလမ်းဖြစ်ပါကြောင်း။

အဆိုပါလမ်းပိုင်းတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် (၁၈) ပေအကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၆ ဒသမ ၆ ဖာလုံ၊ (၂၄)ပေအကျယ် ကတ္တရာလမ်းချဲ့ခင်းခြင်း ၁ ဖာလုံနှင့် ကျောက်စီရေမြောင်းတည်ဆောက်ခြင်း ၅၅၈ ပေ ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် (၂၄)ပေအကျယ် ကတ္တရာလမ်းချဲ့ခြင်း ၇ ဖာလုံဆောင်ရွက်ရန် လျာထားပါကြောင်းနှင့် ကျန်ရှိသည့်လမ်းပိုင်းအား (၁၈)ပေအကျယ် ကတ္တရာလမ်းအဆင့်မှ (၂၄)ပေအကျယ် ကတ္တရာလမ်းချဲ့ခင်းခြင်းနှင့် အမာခံလမ်းပခုံးပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ပြည်နယ် (ဖြည့်စွက်)ရန်ပုံငွေမှစတင်၍ နှစ်အလိုက်လျာထား တင်ပြသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် အချိန်ကပ်ပြီး ထပ်မံရောက်ရှိလာသည့် မေးမြန်းရန်ကျန် ကြယ်ပွင့်ပြ မေးခွန်း (၃၂)ခုနှင့် ဖြေဆိုရန်ပေးပို့ထားဆဲ ကြယ်ပွင့်ပြ မေးခွန်း(၆၆)ခု ကျန်ရှိနေပါကြောင်း၊ အဆိုပါမေးခွန်းများကို တတိယအကြိမ် ပြည်သူ့လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေးတွင် ဦးစားပေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ယခုကျင်းပလျက်ရှိသည့် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကို ၂၉ ရက်ကျင်းပခဲ့ပါကြောင်း၊ လွှတ်တော်၏အဓိကတာဝန်တစ်ရပ်ဖြစ်သည့် ဥပဒေပြုရေးလုပ်ငန်း ဆောင်ရွက်ချက်များအနေဖြင့် တတိယပုံမှန်အစည်းအဝေး ကာလအတွင်း ဥပဒေကြမ်း(၄)ခု အတည်ပြုခြင်းကို ဆောင်ရွက်ခဲ့ပါကြောင်း။

ပြည်သူ့လွှတ်တော်၊ သတ္တူ၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ အနေဖြင့် "မြေအောက်ရေ စီမံခန့်ခွဲမှုဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့ကြောင်း၊ နည်းဥပဒေများအနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများကို စတုတ္ထအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများကို ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး နည်းဥပဒေ(၃)ခုကို လွှတ်တော်ကိုယ်စားလှယ်များ လေ့လာနိုင်ရန် ဖြန့်ဝေထားပြီးဖြစ်ပါကြောင်း။

ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီ (၂၂) ရပ်၏ ဆောင်ရွက်ချက်များအနေဖြင့် စိစစ်ရန် ခွဲဝေပေးထားသည့် တည်ဆဲဥပဒေများကို စိစစ်သုံးသပ်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအစည်းအဝေးကာလအတွင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၇၈) ကြိမ်၊ ပြင်ပဧည့်သည်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (၉၆) ကြိမ်၊ သီးခြားအလုပ်ရုံဆွေးနွေးပွဲ (၁၉) ကြိမ်နှင့် Seminar (၁၃) ကြိမ် ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ လွှတ်တော်အစည်းအဝေးကာလ ကြယ်ပွင့်ပြမေးခွန်းပေါင်း (၂၈၇) ခု၊ ကြယ်ပွင့်မပြမေးခွန်းပေါင်း (၂၅၃) ခုကို ကိုယ်စားလှယ် (၂၂၃) ဦးက မေးမြန်းခဲ့ကြပြီး အဆို (၉) ခုကိုလည်း တင်သွင်းခဲ့ကြပါကြောင်း။

ကြယ်ပွင့်ပြ မေးခွန်းပေါင်း (၂၈၇) ခုတွင် ကတိကဝတ်အဖြစ် (၁၅၂) ခု၊ ကတိမဖြစ် (၁၂၀) ရှိခဲ့ပါကြောင်း၊ ကြယ်ပွင့်မပြမေးခွန်းပေါင်း (၂၅၃)ခုတွင် ကတိကဝတ်အဖြစ် (၁၅၁) ခု၊ ကတိမဖြစ် (၇၄) ခု ရှိခဲ့ပါကြောင်း၊ ဆွေးနွေးပြီးခဲ့သည့် အဆို (၇) ခုတွင် အတည်ပြု (၁) ခုနှင့် မှတ်တမ်းတင်စောင့်ကြည့် (၆) ခုတို့ ဖြစ်ပါကြောင်း။

သက်တမ်းအားဖြင့် တိုတောင်းသေးသည့် မိမိတို့ လွှတ်တော်အကြောင်းကို ပိုမိုသိရှိနားလည်စေရန်နှင့် မျက်မြင်ဖြစ်စေရန်ရည်ရွယ်ပြီး ပထမအဆင့် အနေဖြင့် လွှတ်တော်လေ့လာရေးခရီးစဉ်များ ဖိတ်ခေါ်ပြီး ပြည်သူနှင့်နီးစပ်စွာ ထိတွေ့ရေးလမ်းကြောင်းကို ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ လာရောက်လေ့လာသူများကို တာဝန်ရှိသူများက မြေပြင်တွင် လိုက်လံရှင်းလင်းပြသခြင်း၊ ဥက္ကဋ္ဌက သီးခြားတွေ့ဆုံပြီး လွှတ်တော်၏ အခန်းကဏ္ဍ၊ စုဖွဲ့မှု၊ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောဆိုခြင်း၊ သိလိုသည်များကို မေးမြန်းဖြေကြားခြင်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ပါကြောင်း။

ယခုကာလအတွင်း ကျောင်းသား/ကျောင်းသူများ၊ နိုင်ငံရေးပါတီဝင်များ၊ ဝန်ထမ်းများ၊ အလွှာစုံမှလူပုဂ္ဂိုလ်များအပါအဝင် လာရောက်လေ့လာသူပေါင်း (၁၂၆၅) ဦးရှိခဲ့ပြီး ပထမအကြိမ် ပုံမှန်အစည်းအဝေးကာလမှ ယနေ့အထိ ဆရာ/ဆရာမများ၊ ကျောင်းသား/ ကျောင်းသူများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အနုပညာရှင်များ အပါအဝင် လေ့လာသူ (၃၀၀၀)ကျော် ရှိခဲ့ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် လေ့လာရေးလာရောက်သူများ လွှတ်တော်ဆောင်ရွက်ချက်များကို စိတ်ဝင်တစား ရှိစေရန်အတွက် ဆောင်ရွက်ရသည့် သရုပ်ပြလွှတ်တော်ကို (၂) ကြိမ်တိုင် လက်တွေ့ပြသ ဆောင်ရွက်နိုင်ခဲ့ပြီး လွှတ်တော်၏ လုပ်ငန်းစဉ်များကို မီဒီယာမှတစ်ဆင့် ထိတွေ့သိရှိနိုင်ရန်အတွက် ပြည်သူ့လွှတ်တော် Website၊ Youtube Channel၊ Civic Echo Tik Tok Account တစ်ခုကိုပါ ဖွင့်လှစ်ထားရှိဆောင်ရွက်ခဲ့သည့်အတွက် ဝင်ရောက်ကြည့်ရှုသူများ တစ်ရက်ထက်တစ်ရက် ပိုမိုများပြားလာပြီး ပြည်သူနှင့်ထိတွေ့မှု၊ လွှတ်တော်ကို နားလည်မြင်တွေ့လာနိုင်မှုများလည်း ပိုမိုများပြားလာသည်ဟု သုံးသပ်ရမည်ဖြစ်ပါကြောင်း။

ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းဌာနများနှင့် နေ့စဉ်နံနက်တိုင်းတွေ့ဆုံပြီး တစ်ရက်တာ လွှတ်တော်အစီအစဉ်နှင့် ယမန်နေ့က လွှတ်တော်အစည်းအဝေး၏ အမေး/အဖြေ အတိုချုပ်ရှင်းလင်းခြင်းများကိုပါ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ပြည်သူကို အကူအညီပေးသည့်ကဏ္ဍအနေဖြင့် လွှတ်တော်၏ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီက တိုင်ကြားစာပေါင်း (၅၆၀) အနက် (၄၉၉) စောင်ကို ဖြေရှင်းပေးခဲ့ပြီး (၆၁) စောင်ကို သက်ဆိုင်ရာဌာနများထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း၊ အလားတူ သက်ဆိုင်ရာကော်မတီများကို အကူအညီတောင်းသည့်စာ (၁၃၈) စောင်ရောက်ရှိခဲ့ပြီး ဖြေရှင်းဆောင်ရွက်ခြင်း၊ လွှဲပြောင်းပေးခြင်းများကိုလည်း စနစ်တကျ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် Online မှ တစ်ဆင့် တိုင်ကြားစာပေးပို့နိုင်သည့် Online Petition System ကိုလည်း စတင်ဆောင်ရွက်ရန် စီမံနေပြီဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များကို အသိပညာမျှဝေသည့် အစီအစဉ်များ ယခုပုံမှန်အစည်းအဝေးကာလတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက "နိုင်ငံတော်၏ လျှပ်စစ်ကဏ္ဍဆိုင်ရာ ဆောင်ရွက်ချက်များ" ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်ပြီး ကိုယ်စားလှယ်များအားလုံးကို မေးခွန်းများ၊ အဆိုများ ပိုမိုအားကောင်းလာစေရန်နှင့် ကိုယ်စားလှယ်များ၏ ကျင့်ဝတ်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခြင်းများ ပြုလုပ်နိုင်ခဲ့ပါကြောင်း။

လွှတ်တော်၏ နိုင်ငံတကာဆက်ဆံရေးကဏ္ဍတိုးမြှင့်ဆောင်ရွက်ခဲ့ရာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ (၁၄) ဖွဲ့ကို နိုင်ငံ(၁၄)နိုင်ငံမှ လွှတ်တော်များနှင့် Parliamentary Friendship Group များ ဖွဲ့စည်းထားပြီဖြစ်ပါကြောင်း၊ ထိုင်းနိုင်ငံလွှတ်တော်အနေဖြင့် အလားတူအဖွဲ့မျိုး ဖွဲ့စည်းပြီး ပူးပေါင်း ဆောင်ရွက်ရန် အသင့်ရှိကြောင်း အကြောင်းပြန်ကြားလာပါကြောင်း။

နောင်အနာဂတ်ကာလတွင် မိမိတို့လွှတ်တော်ကို စွမ်းရည်မြင့်မားပြီး ပြည်သူဗဟိုပြု ခေတ်မီလွှတ်တော်တည်ဆောက်ရန်ဖြစ်ပါကြောင်း၊ ယခုမျှော်မှန်းချက်အတွက် ပြည်သူ့လွှတ်တော်မဟာဗျူဟာ စီမံကိန်း ၂၀၂၇ - ၂၀၃၁ ကို ရေးဆွဲထားရှိပြီး ဖြစ်ပါကြောင်း၊ စီမံကိန်းတွင် မဟာဗျူဟာ (၆) ရပ် ချမှတ်ထားပြီး နည်းဗျူဟာ (၂၈) ခုနှင့် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီမံထားရှိပါကြောင်း။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ယနေ့အထိ ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်း စသည်များကို လုံးဝမေးမြန်းဆောင်ရွက်ခြင်းမရှိသည့် ရွေးကောက်ခံကိုယ်စားလှယ် (၂၂) ဦး ကျန်ရှိနေသေးကြောင်း စိစစ်တွေ့ရှိရပါကြောင်း၊ မိမိတာဝန်နှင့် အခွင့်အရေးကို အမိအရ အသုံးချစေလိုကြောင်း ပြောကြားလိုပါကြောင်း။

ကမ္ဘာ့နိုင်ငံအနှံ့အပြားက လွှတ်တော်များတွင်များသောအားဖြင့် လွှတ်တော်တစ်ရပ်၏ အောင်မြင်မှုကို စံနှုန်း (၁၀) ခုဖြင့် တိုင်းတာသည်ဟု လေ့လာသိရှိရပါကြောင်း၊ ၎င်းတို့မှာ (၁) နိုင်ငံတော်နှင့် ပြည်သူအတွက် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းနိုင်မှု၊ ပြင်ဆင်နိုင်မှု၊ အကောင်အထည်ဖော်နိုင်မှုနှင့် ပြန်လည်သုံးသပ်နိုင်မှု၊ (၂) နိုင်ငံတော်နှင့် ထိရောက်စွာ ပေါင်းစပ်ဆောင်ရွက်နိုင်မှု၊ (၃) ပြည်သူ့အသံ/ ပြည်သူ့ဆန္ဒကို ထိရောက်စွာကိုယ်စားပြုနိုင်မှု၊ (၄) ဘဏ္ဍာရေးဆိုင်ရာ စနစ်တကျစိစစ်စီမံခန့်ခွဲနိုင်မှု၊ (၅) လုပ်ငန်းကော်မတီများ၏ စွမ်းဆောင်ရည်မြင့်မားမှု၊ (၆) ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်မြင့်မားမှု၊ (၇) ခေတ်မီစနစ်နှင့် ပွင့်လင်းမြင်သာမှု၊ (၈) ကိုယ်စားလှယ်များ၏စည်းကမ်းနှင့် ကျင့်ဝတ်ဆိုင်ရာလိုက်နာမှု၊ (၉) နိုင်ငံတကာဆက်ဆံရေးကျယ်ပြန့်မှုနှင့် စံနှုန်းများ၊ (၁၀) ပြည်သူယုံကြည်မှုနှင့် အကျိုးသက်ရောက်မှု စသည်တို့ပင်ဖြစ်ပါကြောင်း။

ယင်းအချက်များကို တိုင်းတာရမည့် ပေတံများအဖြစ် သတ်မှတ်ထားကြပြီး မိမိတို့အားလုံး တက်ညီလက်ညီဖြင့် ဆက်လက်ကြိုးစားဆောင်ရွက်သွားကြရဦးမည်ဆိုသည်မှာ ပကတိအမှန်တရား ဖြစ်ပါကြောင်း။

လွှတ်တော်အား ခေတ္တရပ်နားချိန်တွင် မိမိမဲဆန္ဒနယ်မြေတိုင်းကို ကွင်းဆင်းသွားရောက်ပြီး မဲဆန္ဒရှင် ပြည်သူများနှင့် တွေ့ဆုံကြရန်၊ ပြည်သူ့အသံကို နားထောင်ဆွေးနွေးခြင်းများ ဆောင်ရွက်ကြရန်၊ အကြောင်းအမျိုးမျိုးကြောင့် သွားလာရေးခက်ခဲပါက မီဒီယာနည်းလမ်းဖြင့် မဖြစ်မနေ ဖြန့်ကြက်ထိတွေ့ကြရန် အကြံပြုလိုပါကြောင်း၊ ပြည်သူက ခန့်အပ်တာဝန်ပေးထားသည့် ပုဂ္ဂိုလ်များပီပီ လွှတ်တော်အတွင်းမှာသာမက လွှတ်တော်ပြင်ပတွင် ကိုယ်စားလှယ်ကြီးများ၏ ကျင့်ဝတ်စည်းကမ်းများကို ထိန်းသိမ်းစောင့်ရှောက်ကြရန်လည်း မှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာသည်။

သတင်းအဖွဲ့

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

နေပြည်တော် နိုဝင်ဘာ ၁၆

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၀ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဦးရဲရင့်စိုးညွှန့်၏ **သာသနာရေးဝန်ကြီးဌာနအနေဖြင့် ဘုန်းတော်ကြီးသင်ပညာရေး (ဘက)ကျောင်းများ ရေရှည်တည်တံ့စေရန်နှင့် သင်ကြားရေးစွမ်းရည်မြင့်မားလာစေရန်အတွက် လစဉ် ဆရာ/ဆရာမ ထောက်ပံ့ငွေများကို လက်ရှိပညာရေးဝန်ထမ်း ကျောင်းဆရာ၊ ဆရာမများ၏ လစာနှုန်းနှင့်ကိုက်ညီအောင် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်နှင့် မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းအောင်က ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများကို ၁၉၉၃ ခုနှစ်တွင် စတင်ဖွင့်လှစ်၍ စေတနာ့ဝန်ထမ်းအဖြစ်သာ လုပ်ဆောင်ခဲ့ပြီး ဆရာ ဆရာမများကို ထောက်ပံ့မှုမပြုခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်မှစ၍ သာသနာရေးဝန်ကြီးဌာနအနေဖြင့် ဆရာ ဆရာမများအား ထောက်ပံ့မှု ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေအဖြစ် နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေ ငွေကျပ် ၅၀၆၇ သန်း ခွင့်ပြုခဲ့ပြီး ဧပြီမှ နိုဝင်ဘာလအထိ ဆရာ ဆရာမများအတွက် စုစုပေါင်းငွေကျပ် ၃၂၉၂ ဒသမ ၄၅၈ သန်း ထောက်ပံ့ခဲ့ပါကြောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင်ရှိသည့် ဆရာ ဆရာမများကို သာသနာရေးဝန်ကြီးဌာန၏ထောက်ပံ့မှုအပြင် သက်ဆိုင်ရာဘုန်းတော်ကြီးသင်ပညာရေး ကျောင်းအလိုက် ကျောင်းအုပ်ဆရာတော်များ၊ သီလရှင်ဆရာကြီးများ၏ အစီအစဉ်ဖြင့် ထပ်ဆောင်းချီးမြှင့် ထောက်ပံ့မှုများရှိပါကြောင်း။

သို့ပါ၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ဆရာ ဆရာမများ၏ လစဉ်ထောက်ပံ့ကြေးအား ၂၀၂၁ ခုနှစ်တွင် တတိယအကြိမ်တိုးမြှင့်ပေးထားခြင်း၊ သက်ဆိုင်ရာကျောင်းအလိုက် ကျောင်းအုပ် ဆရာတော်များ၊ သီလရှင်ဆရာကြီးများမှ ထပ်ဆောင်း ထောက်ပံ့ပေးမှုများရှိနေခြင်းတို့ကြောင့် လစဉ် ထောက်ပံ့ကြေးတိုးမြှင့်မှုအား ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၂) ဦးကျော်တင့်၏ **မန္တလေးတိုင်းဒေသကြီး လယ်ဝေးမြို့နယ် ရေနီသစ်တောကြိုးဝိုင်းအတွင်းတွင် နောင်ဘိုကျေးရွာအုပ်စု၊ ကြောင်ရေကျေးရွာအုပ်စု၊ ပြောင်ခေါင်းကြီးကျေးရွာအုပ်စု၊ သပြေပင်ကျေးရွာအုပ်စု လေးခုနှင့် ကျေးရွာပေါင်း ၁၂ ရွာမှ တောင်သူ ၃၅၀ ကျော်တို့ စိုက်ပျိုးလုပ်ကိုင်နေသော လယ်ယာမြေများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များကို နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်နှင့် ဆောင်ရွက်မပေးနိုင်ပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု လေးအုပ်စုနှင့် ကျေးရွာ ၁၂ ရွာမှ တောင်သူ ၃၅၀ ကျော်တို့ စိုက်ပျိုးလုပ်ကိုင်နေသော စိုက်ပျိုးမြေများတည်ရှိသည့် မြေနေရာများသည် ရေနီသစ်တောကြိုးဝိုင်းမြေအတွင်း ကျရောက်နေပြီး အဆိုပါမြေနေရာများအပါအဝင် မြေဧရိယာ ၅၄၉၅ ဒသမ ၈၃ ဧကထဲတွင် ဒေသခံတောင်သူများ စိုက်ပျိုးလုပ်ကိုင်နေသည့် မြေဧရိယာ ၁၆၂၈ ဒသမ ၉၇ ဧက ရှိပြီး တင်ပြမြေများနှင့်ပတ်သက်၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)ထုတ်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၀) ဦးကျော်ကျော်လတ်၏ **မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် သဘာဝကျောက်မှုန့်အခြေခံ ကာဗွန်နက်ဂတစ် ဂျီအို-မြေဩဇာ အကြီးစား ထုတ်လုပ်နိုင်ရန် အမျိုးသားအဆင့် မဟာဗျူဟာမြောက်စီမံကိန်းအဖြစ် နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက သဘာဝကျောက်မှုန့်အခြေခံကာဗွန်နက်ဂတစ် ဂျီအို မြေဩဇာအဖြစ် ဗဆော့(Basalt)ကဲ့သို့ မီးတောင်ကျောက်များကို အခြေခံ၍ ထုတ်လုပ်သုံးစွဲရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်း၊ ပုဂ္ဂလိကကုမ္ပဏီများမှ စီးပွားဖြစ်ထုတ်လုပ်မည်ဆိုပါက ဝန်ကြီးဌာန အနေဖြင့် မြေဩဇာထုတ်လုပ်မှတ်ပုံတင်ခြင်း လုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးခြင်း၊ ကာဗွန်နက်ဂတစ် ဂျီအို မြေဩဇာ ထိရောက်အကျိုးရှိစွာ သုံးစွဲရေး နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

သဘာဝကျောက်မှုန့်အခြေခံ ကာဗွန်နက်ဂတစ် ဂျီအိုမြေဩဇာ အကြီးစားထုတ်လုပ်နိုင်ရန်အတွက် ဆောင်ရွက်မည့်စီမံကိန်းသည် အမျိုးသားအဆင့် မဟာဗျူဟာမြောက်စီမံကိန်းဖြစ်ပြီး နိုင်ငံတော် ဘတ်ဂျက်ဖြင့် ဆောင်ရွက်မည်ဆိုပါက (၅)နှစ် စီမံကိန်းတွင် ထည့်သွင်းလျာထားနိုင်ရေးအတွက် သက်ဆိုင်ရာဘဏ္ဍာရေးနှစ် အရအသုံးခန့်မှန်းခြေ ငွေစာရင်းတွင် လျာထားဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သဘာဝကျောက်မှုန့်အခြေခံ ကာဗွန်နက်ဂတစ် ဂျီအို မြေဩဇာအကြီးစားထုတ်လုပ်ခြင်းသည် စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ရေးနှင့် အစိမ်းရောင်စီးပွားရေး (Green Economy) ဖော်ဆောင်မှုတို့ကို အထောက်အကူပြုစေနိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်၏မူဝါဒ၊ မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ပါကြောင်း။

သဘာဝကျောက်မှုန့် အခြေခံကာဗွန်နက်ဂတစ် ဂျီအို မြေဩဇာကို အကြီးစား (Large-Scale) ထုတ်လုပ်နိုင်ရန် ကုန်ကြမ်းနှင့် ဘူမိဗေဒဆိုင်ရာလိုအပ်ချက်များ၊ နည်းပညာနှင့် ထုတ်လုပ်မှုအခြေခံအဆောက်အအုံ၊ ကာဗွန်စုပ်ယူမှု စိစစ်အတည်ပြုခြင်းစနစ်၊ စံချိန်စံညွှန်းအသိအမှတ်ပြုလက်မှတ်၊ စိုက်ပျိုးရေးဆိုင်ရာ စမ်းသပ်မှု၊ ဈေးကွက်နှင့် ရင်းနှီးမြှုပ်နှံမှုစသည့် အချက်(၆)ချက်အပေါ်အခြေခံပြီး စနစ်တကျပြင်ဆင် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်၍ ကနဦးစမ်းသပ်စီမံကိန်းများ (Pilot Projects)ဖြင့် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားခြင်းက ပိုမိုသင့်လျော်မှုရှိပါကြောင်း၊ သဘာဝကျောက်မှုန့်အခြေခံ ကာဗွန်နက်ဂတစ် ဂျီအိုမြေဩဇာကို ပြည်တွင်း၌ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ ဓာတ်မြေဩဇာတင်သွင်းမှုကိုလျှော့ချနိုင်မည့်အပြင် နိုင်ငံခြားငွေသုံးစွဲမှုလျော့နည်းမည်ဖြစ်ပါကြောင်း၊ မြေဆီလွှာပြန်လည်ကောင်းမွန်ရေးနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးအတွက် မဟာဗျူဟာမြောက်နည်းလမ်းတစ်ခုဖြစ်သော်လည်း ကနဦးရင်းနှီးမြှုပ်နှံမှုစရိတ်ကြီးမားခြင်းနှင့် တောင်သူများ၏လက်ခံသုံးစွဲမှု အချိန်ယူရခြင်းစသည့် အကန့်အသတ်များရှိနေသည့်အတွက် စိစစ်ဆောင်ရွက်သွားရမည့် လုပ်ငန်းဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၆) ဦးမျိုးသန့်၏ **မြေယာဥပဒေကို ကိုင်တွယ်ကျင့်သုံးဆောင်ရွက်သူ ပြည်သူ့ဝန်ဆောင်မြေယာကော်မတီအသီးသီး၏ ဆောင်ရွက်ချက်များအား မည်သို့ကြီးကြပ်ထိန်းကျောင်းလျက်ရှိသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ကိုယ်စားလှယ် မေးမြန်းထားသည့် မြေနေရာသည် ဧရာဝတီတိုင်းဒေသကြီး ဟသံာတမြို့နယ် ခြင်ဘို့ကျေးရွာအုပ်စု ကွင်းအမှတ်(၁၃၇၂) ကွင်းအတွင်းဖြစ်ပြီး လွန်ခဲ့သော ၂၅ နှစ်ခန့်က ဧရာဝတီမြစ်ရေတိုက်စားခဲ့မှုကြောင့် ကမ်းပြိုသွားခဲ့သောမြေနေရာများ ဖြစ်ပါကြောင်း၊၂၀၁၅-၂၀၁၆ ခုနှစ်မှစ၍ နှစ်စဉ်တိုးလာ၍ ပြန်လည်ပေါ်ထွန်းခဲ့သော မြေနေရာဖြစ်ပါကြောင်း၊ အဆိုပါမြေနုကျွန်းမြေဧရိယာသည် ဧက ၂၄၀ ခန့်ရှိပြီး လက်ရှိအချိန်တွင် ဧရာဝတီမြစ်ရေကျဆင်းသွားသော်လည်း တိုင်းတာစိစစ်နိုင်ခြင်းမရှိသေးသောကြောင့် ခွဲဝေချထားခြင်းမရှိသေးသော မြေနေရာများ ဖြစ်ပါကြောင်း။

တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ မြေနုကျွန်းမြေကို ခွဲဝေချထားနိုင်ရန်အတွက် ခြင်ဘို့ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ တန်းစီဇယားရေးဆွဲတင်ပြထားပြီး ဟသံာတမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ဟသံာတခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်၏ အတည်ပြုချက်ရယူရန် ဆောင်ရွက်လျက်ရှိပြီး မြေနုကျွန်းမြေလုပ်ကိုင်ခွင့်ကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ တရားဝင်ချထားပေးခြင်း မရှိသေးပါကြောင်း။

အဆိုပါ ကွင်းအမှတ်(၁၃၇၂)ကွင်းအတွင်းရှိ ပေါ်ထွန်းလာသော မြေနုကျွန်း မြေဧက ၂၄၀ နှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေယာမဲ့တောင်သူများအား လုပ်ပိုင်ခွင့်ချထားနိုင်ရေးအတွက် တန်းစီဇယားရေးဆွဲခြင်းနှင့် မြေယာလုပ်ကိုင်ခွင့်ချထားခြင်းကိစ္စရပ်များအား လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်၏ ကြီးကြပ်မှုဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ပါ၍ ဟသံာတမြို့နယ် ခြင်ဘို့ကျေးရွာအုပ်စု သဲရိုးရွာအနီး ပေါ်ထွန်းသည့် မြေနုကျွန်းမြေနှင့် ပတ်သက်၍ အဆိုပါမြေနုကျွန်းမြေ ပြန်လည်ပေါ်ထွန်းလာပါက တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ခွဲဝေချထားနိုင်ရေး သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တို့အနေဖြင့် ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် မြေနုကျွန်းမြေ လုပ်ကိုင်ခွင့်ချထားရာတွင် တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကျူးလွန်မှုရှိပါက လည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဒေါ်ဇင်ပပဦး၏ **အခြားနည်းသုံးစွဲခွင့်မရရှိသေးသည့် လယ်ယာမြေပေါ်တွင် ငါး/ပုစွန် မွေးမြူရေးကန်ပြုလုပ်ခြင်း၊ အဆောက်အအုံဆောက်လုပ်၍ တည်းခိုခန်း၊ KTV၊ အပန်းဖြေဥယျာဉ်နှင့် စားသောက်ဆိုင်များ ဖွင့်လှစ်ခြင်းများ ပြုလုပ်ခဲ့သည့်အပေါ် မည်ကဲ့သို့ကြီးကြပ်ကွပ်ကဲ၍ အရေးယူဆောင်ရွက်ထားခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ၂၀၂၃ ခုနှစ် မတ် ၁၈ ရက်မတိုင်မီ လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ငါး/ပုစွန် မွေးမြူရေးကန်ပြုလုပ်ခြင်း၊ အဆောက်အအုံဆောက်လုပ်၍ တည်းခိုခန်း၊ KTV၊ အပန်းဖြေဥယျာဉ်နှင့် စားသောက်ဆိုင်များ ဖွင့်လှစ်ခြင်းများအပါအဝင် အခြားနည်းကျူးလွန်အသုံးပြုမှုများကို ယခင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် "လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းအသုံးပြုခြင်းများကို ဖြေရှင်းနိုင်ရန်နှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ထိန်းချုပ်နိုင်ရန်ဆောင်ရွက်မည့် စံပြုလုပ်ထုံးလုပ်နည်းများ (SOP)"ကို ရေးဆွဲထုတ်ပြန်ခဲ့ပြီး ၎င်းစံပြုလုပ်ထုံးလုပ်နည်းများနှင့်အညီ လယ်ယာမြေများပေါ်တွင် ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းကျူးလွန်အသုံးပြုမှုများကို ဖြေရှင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မူလလယ်ယာမြေပေါ်တွင် စပါးနှင့် ရာသီသီးနှံများ စိုက်ပျိုး၍မရသဖြင့် ခွင့်ပြုချက်မရှိဘဲ ကျူးလွန်အသုံးပြုထားသည့် ငါးမွေးမြူရေးကန်များသည် ငါးများ မွေးမြူလျက်ရှိ၍ ဒေသ၏စားရေရိက္ခာ ထုတ်လုပ်မှုကို ပုံပိုးပေးနိုင်သဖြင့် တိုင်းဒေသကြီး အစိုးရအဖွဲ့က ခွင့်ပြုသင့်ကြောင်း ဆုံးဖြတ်ပါက လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ပြီး စံပြုလုပ်ထုံးလုပ်နည်း (SOP)တွင်ပါရှိသော သတ်မှတ်ဒဏ်ကြေးအတိုင်း ပေးဆောင်စေ၍ ငါးမွေးမြူရေးကန်မြေအဖြစ် အခြားနည်းခွင့်ပြုပေးလျက်ရှိပါကြောင်း၊ အခြားကျူးလွန်အသုံးပြုမှုများဖြစ်သော တည်းခိုခန်း၊ အပန်းဖြေဥယျာဉ်၊

စာမျက်နှာ ၈ သို့ ✦



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ ကျင်းပစဉ်။

✦ စာမျက်နှာ ၇ မှ

စားသောက်ဆိုင်၊ KTV အပါအဝင် နိုင်ငံ့စီးပွားရေးအတွက် အထောက်အကူမပြုသော အခြားစီးပွားရေးလုပ်ငန်းများဖြစ်ပါက လယ်ယာမြေအဖြစ် ပြန်လည်စိုက်ပျိုးရန် မဖြစ်နိုင်သဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ခွင့်ပြုသင့်ကြောင်းဆုံးဖြတ်ခဲ့လျှင် စံပြုလုပ်ထုံးလုပ်နည်း(SOP)တွင်ပါရှိသော သတ်မှတ်ဒဏ်ကြေး၏ အမြင့်ဆုံးရာခိုင်နှုန်းဖြင့် သတ်မှတ်ပေးဆောင်စေပြီးမှ အခြားနည်းခွင့်ပြုပေးလျက်ရှိပါကြောင်း။

သို့ပါ၍ အခြားနည်းသုံးစွဲခွင့်မရရှိသေးသည့် လယ်ယာမြေပေါ်တွင် ငါး/ပုစွန် မွေးမြူရေးကန်ပြုလုပ်ခြင်း၊ အဆောက်အအုံဆောက်လုပ်၍တည်းခိုခန်း၊ KTV၊ အပန်းဖြေဥယျာဉ်နှင့် စားသောက်ဆိုင်များဖွင့်လှစ်ခြင်း ပြုလုပ်ခဲ့ပါက ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေမပြဋ္ဌာန်းမီ ၂၀၁၂ ခုနှစ် ဩဂုတ် ၃၁ ရက်မတိုင်မီကာလနှင့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပြဋ္ဌာန်းပြီးနောက် ၂၀၁၂ ခုနှစ် စက်တင်ဘာ ၁ ရက်မှ စံပြုလုပ်ထုံးလုပ်နည်းရေးဆွဲရန် အမိန့်ထုတ်ပြန်သည့် ၂၀၂၃ခုနှစ် ဩဂုတ် ၁၈ ရက်အထိ ကာလများအတွင်း လယ်ယာမြေများပေါ်တွင် ခွင့်ပြုမိန့်မရှိဘဲ ကျူးလွန်အသုံးပြုမှုများနှင့်စပ်လျဉ်း၍ ယခင်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စံပြုလုပ်ထုံးလုပ်နည်းများ (SOP)နှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် စံပြုလုပ်ထုံးလုပ်နည်းရေးဆွဲရန် ထုတ်ပြန်သည့် ၂၀၂၃ ခုနှစ် ဩဂုတ် ၁၈ ရက် နောက်ပိုင်းကာလအတွင်း လယ်ယာမြေများပေါ်တွင် ခွင့်ပြုမိန့်မရှိဘဲ ကျူးလွန်အသုံးပြုမှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် တည်ဆဲလယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည့်အပြင် စံပြုလုပ်ထုံးလုပ်နည်း (SOP)များနှင့်အညီ ကြီးကြပ်ကွပ်ကဲ အရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

တနသံာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဦးစိုးကြည်၏ **တနသံာရီတိုင်းဒေသကြီး အင်္ဂမော်ကျေးရွာအုပ်စု ကလင်ဘန်းကျေးရွာ ဘိုတောင်ရပ်ရှိ ရွာပတ်လမ်း အကျယ်ပေ ၃၀၊ အလျားပေ ၂၃၀၀၊ မြိတ်မြို့နယ် မြိတ်တောင်ကျေးရွာ ဘုတ်ချောင်းရပ်ရှိ အကျယ်ပေ ၂၀၊ အလျားပေ ၁၂၀၀ ရှိ ပုလဲလမ်းနှင့် အကျယ်ပေ ၂၀၊ အလျားပေ ၁၅၀၀ ရှိ ပုလဲ(၃)လမ်းတို့အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးသိုက်စိုးက မြိတ်မြို့နယ် ကလင်ဘန်းကျေးရွာသည် မြိတ်မြို့မှ ၁၇ မိုင်အကွာတွင်တည်ရှိပြီး ရွာပတ်လမ်း အရှည်ပေ ၁၇၀၀ ရှိပါကြောင်း၊ အရှည်ပေ ၁၂၅၀ သည် အကျယ် ၅ ပေမှ ၁၈ ပေခန့်ထိ မြေသားလမ်းပြီး အရှည် ပေ ၄၅၀ သည် လယ်မြေဖြစ်၍ လူသွားလမ်းမျှသာ ဖြစ်ပါကြောင်း။

လယ်မြေအပိုင်း ပေ ၄၅၀ တွင် ပျမ်းမျှအမြင့် ၃ ပေခန့်ဖြင့် မြေသားတာပေါင်တင်ခြင်း၊ Box Culvert တစ်စင်းနှင့် Pipe Culvert တစ်စင်း ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်၌ အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် လျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ပုလဲလမ်းနှင့် ပုလဲ(၃)လမ်းတို့အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ရန် ၂၀၂၈ - ၂၀၂၉ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စု (သို့မဟုတ်) တိုင်းဒေသကြီး ရန်ပုံငွေ အမျိုးသားစီမံကိန်းစာရင်းတွင် လျာထားပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနသံာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဦးစိုးကြည်၏ **တနသံာရီတိုင်းဒေသကြီး မြိတ်မြို့နယ် အင်္ဂမော်ကျေးရွာအုပ်စု တောင်ကြီးကျေးရွာရှိ ရွာတွင်းလမ်း အလျားပေ ၇၅၀၀၊ အကျယ်ပေ ၂၀ ရှိသော ကျောက်ခင်းလမ်းပိုင်းနှင့် မြေသားလမ်းပိုင်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက အင်္ဂမော်ကျေးရွာအုပ်စု တောင်ကြီးကျေးရွာသည် မြိတ်မြို့မှ မိုင် ၂၀ အကွာတွင်တည်ရှိပြီး တောင်ကြီးကျေးရွာ ရွာတွင်းလမ်းသည် ကန်သာယာ-တောင်ကြီးရွာချင်းဆက်လမ်းနှင့် ချိတ်ဆက်လျက်ရှိပါကြောင်း၊ လမ်းပိုင်း (၁) စာသင်ကျောင်းလမ်းသည် အရှည်ပေ ၄၉၀၀ အမာခံမြေသားလမ်းဖြစ်ပြီး မြေသားတာပေါင်တင်၍ လမ်းချဲ့ခြင်းနှင့် Pipe Culvert ကိုးစင်း ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

လမ်းပိုင်း(၂) ဘုန်းတော်ကြီးကျောင်းလမ်းသည် အရှည်ပေ ၁၈၀၀ အမာခံမြေသားလမ်းဖြစ်ပြီး Pipe Culvert သုံးစင်း ဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်ပါကြောင်း၊ ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်၌ အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်ပြည်ထောင်စုရန်ပုံငွေတွင် လျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနသံာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) ဦးဥာဏ်ထွန်း၏ **တနသံာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ကံမော်ကျေးရွာတွင် ဒေသခံပြည်သူများ လိုအပ်လျက်ရှိသော အရှည် ၆ ဖာလုံရှိ ကုန်ထုတ်လမ်းကို မြေသားလမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် (၂၄ ပေ x ၅ ပေ x ၅ ပေ) ရှိ Box Culvert နှစ်စင်း တည်ဆောက်ခြင်းတို့ကို ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဦးသိုက်စိုးက ကျွန်းစုမြို့နယ် ကံမော်ကျေးရွာ ကုန်ထုတ်လမ်းသည် အရှည်ပေ ၃၉၆၀ မြေသားလမ်းဖြစ်ပြီး Box Culvert နှစ်စင်း ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ လမ်းအကျယ် ၆ ပေမှ ၁၂ ပေခန့်ထိရှိပြီး လိုအပ်သော လမ်းအကျယ်ရရှိရန် ညှိနှိုင်းပြီးဖြစ်သည့်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်၌ အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပြီး ကုန်ထုတ်လမ်း ပေ ၃၉၆၀ နှင့် Box Culvert နှစ်စင်း ဆောင်ရွက်ရန် ၂၀၂၈ - ၂၀၂၉ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေတွင် လျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကုန်ထုတ်လမ်းကို မြေသား ၂ ပေ ၃၊ ချင်း / ၈၀ ၉ လက်မခင်းခြင်း၊ ကျောက်ရောမြေအဆင့်သာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၈) ဦးကျော်စိန်လှ၏ **ရခိုင်ပြည်နယ်၏ မြို့တော်ဖြစ်သည့် စစ်တွေမြို့ ကမ်းခြေပတ်လမ်းအား ရေရှည်ခံနိုင်မည့်အစီအမံများဖြင့် စဉ်ဆက်မပြတ် နှစ်စဉ် ဆက်လက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက စစ်တွေမြို့ ကမ်းခြေပတ်လမ်းပွိုင့်မှ စစ်တွေဟိုတယ်ရှေ့ ကွန်ကရစ်တံတားငယ်အထိ ၇ ဒသမ ၈ ဖာလုံကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ စစ်တွေဟိုတယ်ရှေ့ ကွန်ကရစ်တံတားအဆုံးမှ ပလ္လင်ပြင်ကျေးရွာအထိလမ်းသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ပြည်နယ်မှ စီမံခန့်ခွဲသော Class A အဆင့် လမ်းဖြစ်ပါကြောင်း၊ လမ်းအရှည် ၁၁ မိုင်ရှိပြီး ၆ ဖာလုံသည် ကျောက်လမ်း၊ ၁၀ မိုင် ၂ ဖာလုံသည် မြေသားလမ်းဖြစ်ပါကြောင်း။

ကွန်ကရစ်တံတားငယ်အဆုံးမှစ၍ ကျောက်လမ်း ၂ ဒသမ ၈၇ ဖာလုံ၊ ကျောက်စီမြေထိန်းနံရံ (ကမ်းခြေဘက်ခြမ်း) ပေ ၃၀၀ နှင့် (ကုန်းတွင်းဘက်ခြမ်း) ပေ ၂၀၀ တို့ကို ဆောင်ရွက်ပေးရန် ၂၀၂၈ - ၂၀၂၉ ဘဏ္ဍာနှစ်၌ ပြည်နယ်ငွေလုံးငွေရင်း၏ရန်ပုံငွေတွင် လျာထားတင်ပြသွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၂၂ ရက်မှ နိုဝင်ဘာ ၁၆ ရက်အထိ အစည်းအဝေးကျင်းပရက် ၁၈ ရက်ကျင်းပခဲ့ပြီး လွှတ်တော်၏အဓိကတာဝန်ဖြစ်သည့် ဥပဒေပြုရေးကဏ္ဍတွင် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားကို ရှေးရှုပြီး ဥပဒေကြမ်းစုစုပေါင်း [၄] ခုကို ဆွေးနွေးစိစစ်အတည်ပြုနိုင်ခဲ့ပါကြောင်း။

နည်းဥပဒေပိုင်းဆိုင်ရာနှင့်ပတ်သက်ပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများကို စတုတ္ထအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့လာခြင်းကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းအတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့ပါကြောင်း။

မေးခွန်းများ၊ အဆိုများနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်း ၁၁၇ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၁၄၀ တို့ကို မေးမြန်းခဲ့ပါကြောင်း၊ ကြယ်ပွင့်ပြမေးခွန်းများကို သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများက လာရောက်ဖြေကြားခဲ့ပြီး ကြယ်ပွင့်မပြမေးခွန်းများကို စာဖြင့်ဖြေကြားပေးခဲ့ပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့်အဆိုများနှင့်ပတ်သက်ပြီး ဆောင်ရွက်ချက်အနေဖြင့် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သောအဆို(၁)ခုနှင့်တတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သောအဆို (၂) ခု စုစုပေါင်း(၃)ခုကို တင်သွင်းဆွေးနွေးအတည်ပြုနိုင်ခဲ့ပါကြောင်း။

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးကာလအတွင်း နိုင်ငံတကာနှင့် ဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးကို ရှေးရှုရှိ အမျိုးသားလွှတ်တော်နှင့် ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ ဂျပန်လွှတ်တော်များနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း (၆)သင်းကိုလည်း ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း။

ထို့ပြင် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက လှူဒါန်းခြင်းအား လွှတ်တော်သို့တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

အခြားဆောင်ရွက်ချက်အနေဖြင့် အမျိုးသားလွှတ်တော် နံရံကပ်စာစောင်ကိုလည်း အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

နိုဂုံးချုပ်အနေဖြင့် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်တာကာလအတွင်း အချိန်ကိုအကျိုးရှိရှိအသုံးချပြီး အပြုသဘောဆောင်သည့် ဆွေးနွေးအကြံပြုချက်များ ပေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို ကျေးဇူးတင်ဂုဏ်ပြုအပ်ပါကြောင်း၊ ရှေ့ဆက်လက်ပြီး ဥပဒေပြုရေးနှင့် လွှတ်တော်တာဝန်များကို ကျေပွန်စွာထမ်းဆောင်သွားကြရန် တိုက်တွန်းလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း ကြေညာသည်။

သတင်းအဖွဲ့

❍ **အားကောင်းသောမှ**

မြောက်-အနောက်မြောက်ဘက်သို့ရွှေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်- အနောက်တောင်ဘက် ရေမိုင် ၄၄၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၄၄၅ မိုင်ခန့်နှင့် ဂိုလ်ပါပူမြို့၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၅၀၀ ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။

အားကောင်းသောမုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွှေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အားကောင်းသောမုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း

အဆိုပါအားကောင်းသောမုန်တိုင်းငယ်သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် မြောက်လတ္တီကျု ၁၁.၀ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၆.၅ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၃ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ နှုန်းခန့်ဖြစ်သည်။

နောက် ၇၂ နာရီအတွင်းခန့်မှန်းချက်

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွှေ့လျားနိုင်ပြီး နောက် ၁၈ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတို့၌ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ နိုဝင်ဘာ ၁၇ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်း၌ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ နိုဝင်ဘာ ၁၉ ရက်တွင် ပိုမိုအားကောင်းလာနိုင်ပြီး အနောက်မြောက်ဘက်သို့ရွှေ့လျားနိုင်ကာ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် ကမ်းခြေအနီးသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။



အဆိုပါ အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့မွန်းလွဲပိုင်းမှ နိုဝင်ဘာ ၂၀ ရက်အတွင်း တနသံာရီတိုင်းဒေသကြီး၊ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနသံာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်- တနသံာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနသံာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သဘော်များအနေဖြင့်လည်း ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေး



မန္တလေး၊ နိုဝင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းအား ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဧည့်ခန်းမဆောင်တွင် လက်ခံတွေ့ဆုံ၍ ဆွေးနွေးခဲ့သည်။

ထိုသို့ တွေ့ဆုံ၍ စားရေရိက္ခာဖူလုံရေးအတွက် နိုင်ငံတော်က မူဝါဒများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအပေါ် ပိုမိုတိုးတက်အောင်မြင်အောင် ဆောင်ရွက်နေမှုများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ထွက်နှုန်းများရည်မှန်းချက်ပန်းတိုင်ပြည့်မီရေးနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး၊ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေး၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်
ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်း အခြေခံသင်တန်းအမှတ်စဉ်(၃/၂၀၂၆) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်





မန္တလေး နိုဝင်ဘာ ၁၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်း အခြေခံသင်တန်း အမှတ်စဉ်(၃/၂၀၂၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရတနာပုံဟူပါစင်တာ လေးလွှာရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI) အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက် ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ကုန်သွယ်ရေးဦးစီးဌာန ပို့ကုန်သွင်းကုန်ရုံး(မန္တလေး)မှ ညွှန်ကြားရေးမှူး ဦးခမ်လွန်စွမ်း၊ MRCCI ဥက္ကဋ္ဌ ဦးတင်လတ်၊ သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ MRCCI ညီနောင်အသင်းဝင်များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကုန်သွယ်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ကောင်းစွာအသုံးချနိုင်ရန်၊ နည်းစနစ်မှန်ကန်အောင်ဆောင်ရွက်လုပ်ကိုင်တတ်ရန်၊ ကုန်သွယ်ရေးဆိုင်ရာ ဗဟုသုတများသိရှိရန်၊ ပို့ကုန်များစနစ်တကျဖြင့် ပြည်ပသို့တင်ပို့နိုင်ရန် လုပ်ထုံးလုပ်နည်းများအားသိရှိနားလည်နိုင်ရန်အတွက် ယခုလို ရက်တို့သင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြစ်ပါကြောင်း၊ အွန်လိုင်း Application ကနေ ကုန်သွယ်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ပြီး ပို့ကုန်များစနစ်တကျဖြင့် ပြည်ပသို့ တင်ပို့နိုင်ရန် လုပ်ထုံးလုပ်နည်းများကိုသိရှိနားလည်ကာ အကျိုးရှိစွာအသုံးချသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဌာနမှောက် တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI) ဥက္ကဋ္ဌက အသင်းမှ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များ၊ ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး(မန္တလေး)မှ ညွှန်ကြားရေးမှူးက စီးပွားရေးလုပ်ငန်းရှင်များ ကုန်သွယ်ရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် လိုက်နာသိထားသင့်သည့် ပို့ကုန်သွင်းကုန် လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစဉ်များ၊ သင်တန်းမှ ရရှိမည့် အကျိုးကျေးဇူးများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်းနှင့် သင်တန်းတွင် သင်တန်းသား ၅၀ ဦး တက်ရောက်ကာ နိုဝင်ဘာ ၂၀ ရက်အထိ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရှိ ဌာနကြီး(၄)ခုမှ အရာထမ်းများ၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနတို့မှ ကျွမ်းကျင်အရာရှိများက သင်ကြားဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)



အမရပူရမြို့နယ်၌ အယ်လ်နီညိုကာလအတွင်း မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပွားစေရေး အသိပညာပေးဟောပြော

အမရပူရ နိုဝင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်တွင် အားကောင်းသော အယ်လ်နီညိုရာသီဥတုကြောင့် မလိုလားအပ်သောမီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရန်အတွက် ယနေ့နံနက် ၁၀ နာရီက အမရပူရမြို့နယ်ရေကြည်ပေါက်ကျေးရွာတွင် မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောခဲ့သည်။

(ဝဲပုံ)

ထိုသို့ဆောင်ရွက်ရာတွင် အမရပူရမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ငါးဦးက အယ်လ်နီညိုကာလအတွင်း မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေး မီးဘေးအန္တရာယ်အတွက် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိရေးတို့ကို အသိပညာပေးဟောပြောခြင်းများနှင့် လက်တွေ့မီးငြိမ်းသတ်မှုတို့ကိုသရုပ်ပြသဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လဲ့လဲ့နိုင်(ပြန်/ဆက်)

စာအုပ်စာပေ
လူ့မိတ်ဆွေ။

မန္တလေးမြို့ပေါ် ငါးမြို့နယ်ရှိ ရွှေဆိုင်လုပ်ငန်းရှင်များအား လုပ်ငန်းလိုင်စင်နှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၁၆

မန္တလေးမြို့ပေါ် ငါးမြို့နယ်ရှိ ဓာတ်သတ္တု(ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှု လုပ်ငန်းလိုင်စင်ရရှိထားသော ရွှေဆိုင်လုပ်ငန်းရှင်များအား အသိပညာပေးဟောပြောပွဲနှင့် ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း ကနဦးစိစစ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်သိဒ်ဂီအောင်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းရွှေဈေးနှုန်းတည်ငြိမ်မှန်ကန်စေရေးအတွက် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး ရွှေရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်ကြေညာထားကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ဥပဒေ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရန်လိုအပ်ပြီး စည်းကမ်းမညီညွတ်သော ဆိုင်များကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးအတွင်း ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှု လုပ်ငန်းလိုင်စင်လျှောက်ထားမှု စုစုပေါင်း ၁၂၂၉ စောင်ရှိပြီး လိုင်စင်ရရှိပြီးစာရင်း စုစုပေါင်း ၁၀၅၀ စောင်ရှိကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း ကနဦးစိစစ်ရေးအဖွဲ့အတွင်းရေးမှူး၊ တိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမိုးဆွေက ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းလိုင်စင်နှင့် ပတ်သက်၍လည်းကောင်း၊ တိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇေယျာဆွေက အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းနှင့်ပတ်သက်၍လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း မန္တလေးစခန်းရုံး လက်ထောက် အထွေထွေမန်နေဂျာ ဒေါ်နန်းကြာက ကျောက်မျက်ရတနာရောင်းဝယ်ခြင်းလုပ်ငန်းလိုင်စင်များနှင့်ပတ်သက်၍လည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးခဲ့ကြသည်။



ယင်းနောက် တက်ရောက်လာကြသော ရွှေဆိုင်လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်သိဒ်ဂီအောင်က နိဂုံးချုပ် စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၅)

၀-၀-၀-၀-၀

၂၀၂၆ ခုနှစ်၊ တိုင်းနှင့် ပြည်နယ် ဂူရှူးပြိုင်ပွဲ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု အသင်းအောင်ပွဲရ မန္တလေးတိုင်းဒေသကြီး ဂူရှူးအသင်းအား ကြိုဆိုဂုဏ်ပြု



မန္တလေး နိုဝင်ဘာ ၁၆

၂၀၂၆ ခုနှစ်၊ တိုင်းနှင့်ပြည်နယ် ဂူရှူးပြိုင်ပွဲ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုအသင်း အောင်ပွဲရ မန္တလေးတိုင်းဒေသကြီး ဂူရှူးအသင်းအား ကြိုဆိုဂုဏ်ပြုပွဲကို ယနေ့ညနေပိုင်းက ဗဏူးအားကစားကွင်းတွင် ကျင်းပပြုလုပ်သည်။

(ဝဲပုံ)

ဂူရှူးအားကစားသမားများ ကြိုဆိုဂုဏ်ပြုပွဲသို့ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်းဦးနှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီးဂူရှူးဆပ်ကော်မတီဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီး၊ အတွင်းရေးမှူး ဦးကျော်အေး(နည်းပြချုပ်)နှင့်အဖွဲ့ဝင်များ၊ အောင်ပွဲရမန္တလေးတိုင်းဒေသကြီးကိုယ်စားပြုဂူရှူးအားကစားအုပ်ချုပ်သူနှင့်နည်းပြများ၊ အားကစားသမားများ၊ မိဘများနှင့်ကြိုဆိုရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အောင်ပွဲရမန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ဂူရှူးအားကစားအုပ်ချုပ်သူနှင့်နည်းပြများ၊ အားကစားသမားများအား ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ကြိုဆိုရေးအဖွဲ့ဝင်များနှင့်မိဘများက အားကစားသမားများအား ဂုဏ်ပြုပန်းစည်းများနှင့် ပန်းကုံးများဖြင့် ကြိုဆိုကြကာ အားကစားသမားများအား ညွှန်ကြားရေးမှူးရုံးအစည်းအဝေးခန်းမတွင် ညွှန်ကြားရေးမှူးက ဂုဏ်ပြုစကားပြောကြား၍ တိုင်းဒေသကြီးဂူရှူးဆပ်ကော်မတီအတွင်းရေးမှူးက ဝမ်းမြောက်စကားပြောကြားကာ အားကစားသမားများအား အချိုရည်နှင့်မုန့်များဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။

၂၀၂၆ ခုနှစ်၊ တိုင်းနှင့်ပြည်နယ် ဂူရှူးပြိုင်ပွဲ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုအသင်း အောင်ပွဲရ မန္တလေးတိုင်းဒေသကြီး ဂူရှူးအသင်းသည် စုပေါင်းတံခွန်စိုက်ဆု ဒုတိယ၊ ထောက်လု A အဆင့် တံခွန်စိုက်ဆု၊ ဆန်းဆိုပြိုင်ပွဲတံခွန်စိုက်ဆုနှင့် ရွှေတံဆိပ်ဆု ၁၀ ဆု၊ ငွေတံဆိပ်ဆု ၁၃ ဆု၊ ကြေးတံဆိပ်ဆု ၁၁ ဆုကို ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)

လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

စစ်ကိုင်း နိုဝင်ဘာ ၁၆

စစ်ကိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးနှင့် အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ရည်ရွယ်၍၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို ယနေ့ နံနက်ပိုင်းက အဆိုပါရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လွင်မာအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းတွင်ပို့ချမည့် လူသုံးကုန်ပစ္စည်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သွဲ့ဝေလွင်က သင်တန်းသူ တစ်ဦးအား သင်တန်းတွင်အသုံးပြုမည့် သင်ထောက်ကူပစ္စည်များကို ပေးအပ်ခဲ့သည်။ အဆိုပါ သင်တန်းတွင် လူသုံးကုန် ဆပ်ပြာဆီအမျိုးမျိုး၊ ဆပ်ပြာခဲအမျိုးမျိုးပြုလုပ်နည်း အဆင့်ဆင့်ကို ခုနစ်ရက်ကြာပို့ချမည်ဖြစ်ပြီး စစ်ကိုင်းမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းသူ ၂၀ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

နေလင်းအောင်(ပြန်/ဆက်)

အောင်မြေသာစံခရိုင်၊ မြို့နယ်အဆင့်ဌာဆိုင်ရာဝန်ထမ်းများအား အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများအား အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အမှတ်(၁၇)အခြေခံပညာအထက်တန်းကျောင်း စုပေါင်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အောင်မြေသာစံခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်(မန္တလေးရုံးခွဲ) တာဝန်ခံညွှန်ကြားရေးမှူး ဦးအောင်ထူးမြင့်က အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၏ အနှစ်သာရများနှင့် လိုက်နာဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။ **(ယာပုံ)**

ထို့ပြင် အဂတိလိုက်စားမှု ဖြစ်ပွားနိုင်သည့် အခြေအနေများကို ကြိုတင်သိရှိကာကွယ်နိုင်ရေး၊ ဌာနဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှု ကင်းရှင်းစေရေးနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာ လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့ကိုလည်း အသိပညာပေး ဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ အောင်မြေသာစံခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်တာဝန်ရှိသူ စုစုပေါင်း ၃၁၀ ဦးတက်ရောက်ခဲ့ကြပြီး မွန်းတည့် ၁၂ နာရီတွင် အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၈)



နိုင်ငံတကာ အားကစား သတင်းများ

အလက်ဇန္ဒားအာနိုးလ် ရီးရဲလ်မက်ဒရစ်အသင်းတွင် ဆက်ရှိသွားမည်



မက်ဒရစ် နိုဝင်ဘာ ၁၆

ရီးရဲလ်မက်ဒရစ်အသင်း နောက်ခံကစာသမား အလက်ဇန္ဒားအာနိုးလ်က မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း အတည်ပြု ပြောကြားခဲ့သည်။

အဆိုပါ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက ရီးရဲလ်မက်ဒရစ်အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။ **(ဝဲပုံ)**

နောက်ခံကစားသမား အလက်ဇန္ဒားအာနိုးလ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၃ ပွဲကစားပြီး ခြေစွမ်းပြထားသည်။

အသက်(၂၈)နှစ်အရွယ်ရှိ အလက်ဇန္ဒားအာနိုးလ်က 'ကျွန်တော် ရီးရဲလ်မက်ဒရစ်အသင်းမှာ ပဲ ဆက်ရှိသွားမှာပါ။ ဒီအသင်းနဲ့အတူ ဆုဖလားတွေလည်း ရယူသွားမှာပါ' ဟု ပြောသည်။

(NGB)

ဖာဘီယန်ရုဇ်ကို စာချုပ်သက်တမ်းတိုးရန် ပီအက်စ်ဂျီအသင်းစီစဉ်

ပါရီ နိုဝင်ဘာ ၁၆

ပီအက်စ်ဂျီအသင်းသည် အသင်းကွင်းလယ်ကစားသမား ဖာဘီယန်ရုဇ်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၃၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ပီအက်စ်ဂျီ အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၈၁ ပွဲကစားပြီး ဂိုး ၂၀သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

ပီအက်စ်ဂျီအသင်း၏ထုတ်ပြန်ချက်တွင် 'ဖာဘီယန်ရုဇ်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် အားထားရတဲ့ ကစားသမားတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်' ဟု ထုတ်ပြန်သည်။

(ယာပုံ)

(NGB)



ယူအီးအက်ဖ်အေ နေးရှင်းလိဂ်သမိုင်းတွင် ရှစ်ပွဲဆက် ဂိုးသွင်းနိုင်သည့် ကစားသမားအဖြစ် ဗစ်တာဂျိုကာရက်စ် မှတ်တမ်းဝင်



လန်ဒန် နိုဝင်ဘာ ၁၆

ဆွီဒင်အသင်းတိုက်စစ်မှူး ဗစ်တာဂျိုကာရက်စ်သည် ယူအီးအက်ဖ်အေနေးရှင်းလိဂ်သမိုင်းတွင် ရှစ်ပွဲဆက်ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပွဲစဉ်အဖြစ် ဆွီဒင်အသင်းက ဘော့စနီးယားအသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့သည်။

တိုက်စစ်မှူး ဗစ်တာဂျိုကာရက်စ်သည် ဆွီဒင်အသင်းနှင့်အတူ ၂၀၁၉မှ ၂၀၂၆ခုနှစ်အထိ ပြိုင်ပွဲပေါင်း ၄၂ပွဲ ကစားပြီး ၂၇ ဂိုး သွင်းယူထားသည်။

ထို့ကြောင့် အသက်(၂၈)နှစ်အရွယ်ရှိ ဗစ်တာဂျိုကာရက်စ်က နောက်ထပ်လာမည့် နိုင်ငံတကာ ပွဲစဉ်တိုင်းတွင်လည်း ဆွီဒင်အသင်းနှင့်အတူ သွင်းဂိုးများ ဆက်လက်သွင်းယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ဝဲပုံ)

(NGB)

ယူအီးအက်ဖ်အေနေးရှင်းလိဂ် (အုပ်စုအဆင့်ပွဲစဉ်များ) နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်		
၁၈-၁၁-၂၀၂၆ နံနက်၀၂း၁၅နာရီ	ဒိန်းမတ်	-	နော်ဝေ
၊	ဝေးလ်	-	ပေါ်တူဂီ
၊	ဟန်ဂေရီ	-	မြောက်အိုင်ယာလန်
၊	ယူကရိန်း	-	ဂျော်ဂျီယာ
၊	အိုင်ယာလန်	-	ကိုဆိုဗို
၊	အစ္စရေး	-	သြစတြီးယား
၊	ပိုလန်	-	ဆွီဒင်
၊	ဘော့စနီးယား	-	ရှိမေးနီးယား

နိုင်ငံတကာခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်		
၁၈-၁၁-၂၀၂၆ နံနက်၀၃း၃၀နာရီ	အာဂျင်တီးနား	-	ကော်စတာရီကာ
၁၈-၁၁-၂၀၂၆ နံနက်၀၅း၃၀နာရီ	ချီလီ	-	ကိုလံဘီယာ
၊	အီကွေဒေါ	-	ဘိုလီဗီးယား

နည်းပြ အန်ဆယ်လော့တီ ဘရာဇီးနည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ



လန်ဒန် နိုဝင်ဘာ ၁၆

ဘရာဇီးအသင်းသည် နည်းပြ အန်ဆယ်လော့တီကို ရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။

ဘရာဇီးအသင်းသည် နိုင်ငံတကာခြေစမ်းပွဲစဉ်တွင် ဂျပန်အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် နည်းပြ အန်ဆယ်လော့တီကို ရာထူးမှ ထုတ်ပယ်ရန် စီစဉ်ခြင်းဖြစ်ကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

နည်းပြ အန်ဆယ်လော့တီသည် ဘရာဇီးအသင်းကို ၂၀၂၅ ခုနှစ်၊ မေ ၂၆ ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၂၁ ပွဲတွင် ၁၂ ပွဲနိုင်၊ လေးပွဲသရေ၊ ငါးပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

ထို့ကြောင့် နည်းပြ အန်ဆယ်လော့တီအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ဘရာဇီးအသင်းနည်းပြ ရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ)** **(NGB)**

ရောဘတ်တိုမာတီနက်ဇ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ရန် ဆော်ဒီအာရေဗျအသင်း ဆွေးနွေး

လန်ဒန် နိုဝင်ဘာ ၁၆

ဆော်ဒီအာရေဗျအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ရောဘတ်တိုမာတီနက်ဇ်ကို ခန့်အပ်ရန် ဆွေးနွေးလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အသက်(၅၃)နှစ်အရွယ်ရှိ နည်းပြသည် နည်းပြဘဝတစ်လျှောက်တွင် ဆွမ်ဆီး၊ ဝီဂန်၊ အဲဗာတန်၊ ဘယ်လ်ဂျီယံ၊ ပေါ်တူဂီ စသည့် အသင်းများကို ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသည့် နည်းပြ တစ်ဦးဖြစ်ခြင်းကြောင့် ဆော်ဒီအာရေဗျအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် စီစဉ်နေခြင်း ဖြစ်သည်။



နည်းပြ ရောဘတ်တိုမာတီနက်ဇ်ကိုယ်တိုင်ကလည်း လက်ရှိအချိန်တွင် အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် ဆော်ဒီအာရေဗျအသင်း၏ ကမ်းလှမ်းမှုကို လက်ခံသွားဖွယ်ရှိနေသည်။

ထို့ကြောင့် နည်းပြ ရောဘတ်တိုမာတီနက်ဇ်ကို ဆော်ဒီအာရေဗျအသင်း နည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ)**

(NGB)

အန်တိုနီယိုနူဆာကို ခေါ်ယူရန် အာဆင်နယ်အသင်း စိတ်ဝင်စား

လန်ဒန် နိုဝင်ဘာ ၁၆

အာဆင်နယ်အသင်းသည် လိုက်ပဇစ်အသင်း တောင်ပံကစားသမား အန်တိုနီယိုနူဆာကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၁)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် လိုက်ပဇစ်အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၄ ပွဲကစားပြီး ခြောက်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ် အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

လိုက်ပဇစ်အသင်းကလည်း အန်တိုနီယိုနူဆာအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကို မဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် ဆောင်းရာသီဈေးကွက်အတွင်း၌ လိုက်ပဇစ်အသင်းထံမှ အန်တိုနီယိုနူဆာကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(ယာပုံ)

(NGB)



2026 FAGE WTA Finals Indian Wells တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲသို့ Mirra Andreeva တက်ရောက်



ဝါရှင်တန် နိုဝင်ဘာ ၁၆

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 FAGE WTA Finals Indian Wells တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲသို့ ရုရှားတင်းနစ်မယ် Mirra Andreeva တက်ရောက်ခဲ့သည်။

အဆိုပါ ရုရှားတင်းနစ်မယ် Mirra Andreeva သည် 2026 FAGE WTA Finals Indian Wells တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အိမ်ရှင်အမေရိကန်တင်းနစ်မယ် Jessica Pegula ကို ၆-၃၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 FAGE WTA Finals Indian Wells တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရုရှားတင်းနစ်မယ် Mirra Andreeva နှင့် ယူကရိန်းတင်းနစ်မယ် Elina Svitolina တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(ဝဲပုံ)

(NGB)

0-0-0-0-0-0

ရပ်ရွာလူထုအခြေပြု သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲမှုသင်တန်းဖွင့်

မန္တလေး နိုဝင်ဘာ ၁၆

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် ဂျာမနီနိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော စီမံချက်နယ်မြေဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ရှိ မြို့နယ် ၁၀ မြို့နယ်မှ ကြက်ခြေနီစေတနာ့လုပ်အားရှင်များအတွက် ရပ်ရွာလူထုအခြေပြု သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၃ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ Eastern Palace Hotel တွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဗဟိုကောင်စီဝင် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်၊ အတွင်းရေးမှူး ဦးကျော်ကျော်၊ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ ဒုတိယတိုင်းတပ်ဖွဲ့မှူး ဦးအောင်သူဝင်း၊ အမရပူရခရိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဒုတိယခရိုင်တပ်ဖွဲ့မှူး ဦးညွန့်ဝင်း၊ ပုသိမ်ကြီးမြို့နယ် ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဒေါ်သက်မာဝင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာနမှ တာဝန်ရှိသူများ၊ စီမံချက်မြို့နယ်များဖြစ်သည့် ပုသိမ်ကြီး၊ အမရပူရ၊ ပြည်ကြီးတံခွန်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီနှင့် ပြည်မြို့နယ်၊ ပုသိမ်မြို့နယ်၊ စစ်တွေမြို့နယ်၊ ပေါင်မြို့နယ်နှင့် သံဖြူဇရပ်မြို့နယ်များမှ ကြက်ခြေနီစေတနာ့လုပ်အားရှင်များ တက်ရောက်ခဲ့ကြသည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဗဟိုကောင်စီဝင် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုဌာနမှ တာဝန်ရှိသူများက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

(၀၄၅)



အယ်လ်နီညိုနှင့် အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြော

အမရပူရ နိုဝင်ဘာ ၁၆

မန္တလေး၊ အမရပူရမြို့နယ်၌ မန္တလေးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး ကျင်းပသော အယ်လ်နီညိုနှင့် အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံကျောင်းရှိ ရွှေလွန်းပျံခန်းမ၌ ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းသန့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်၊မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ရပ်ကွက်၊ ကျေးရွာအတွင်းရှိ ပြည်သူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ပြည်သူ့ကျန်းမားရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီဝင်းက အယ်လ်နီညိုနှင့် အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောကာ မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မျိုးထက်က အယ်လ်နီညိုနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် အမရပူရမြို့နယ် ဦးပိန်တံတားပေါ်၌ အယ်လ်နီညိုနှင့် အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

လဲ့လဲ့စိုင်

အိန္ဒိယနိုင်ငံ၏ မတ်ပဲလိုအပ်ချက် မြင့်တက်မှုကြောင့် ပြည်တွင်းမတ်ပဲဈေး ဆက်လက်မြင့်တက်နိုင်



မန္တလေး နိုဝင်ဘာ ၁၆

အိန္ဒိယနိုင်ငံ၏ မတ်ပဲလိုအပ်ချက် မြင့်တက်နေခြင်းနှင့် ဒေါ်လာဈေးမြင့်တက်နေခြင်းတို့ကြောင့် ပြည်တွင်းမတ်ပဲဈေးကွက်တွင် မတ်ပဲတစ်တင်းလျှင် ငွေကျပ်တစ်သိန်းနှစ်သောင်းဝန်းကျင်အထိ ဈေးရှိလာပြီး မတ်ပဲအသစ်များ ဈေးကွက်အတွင်း မဝင်ရောက်မီကာလတွင် ဈေးထပ်မံမြင့်တက်နိုင်ကြောင်း ပဲကုန်သည်များထံမှ သိရသည်။

ပြီးခဲ့သည့် နှစ်လခန့်အတွင်း မတ်ပဲဈေးနှုန်းများ မြင့်တက်လာခဲ့ပြီး ရက်အနည်းငယ် ဈေးအတက်အကျဖြစ်ပေါ်ခဲ့သော်လည်း လက်ရှိတွင် ဈေးနှုန်းပြန်လည်တည်ငြိမ်လာကာ အတက်ဘက်သို့ဦးတည်နေကြောင်း ပဲကုန်သည်တစ်ဦးက ပြောသည်။

"ဒီတစ်လ၊ နှစ်လအတွင်း မှာပဲ ပဲဈေးက တက်သွားတာ။ သုံးလေးရက်လောက်တော့ ပဲဈေး မငြိမ်ဖြစ်သွားသေးတယ်။ အခုငြိမ်သွားပြီ။ အတက်ဘက်ကို ရောက်နေတယ်။ ထပ်ပြီးတော့လည်း ပဲဈေးက တက်လာဖို့ပဲရှိတယ်။ အိန္ဒိယက ပဲလိုအပ်ချက်များတယ်"ဟု ၎င်းက ပြောသည်။

မတ်ပဲဈေးကောင်းရရှိနေသော်လည်း ရာသီဥတုအခြေအနေကြောင့် ယခုနှစ်တွင် အထွက်နှုန်းကောင်းမွန်ရန် အခက်အခဲရှိနိုင်ကြောင်း မြန်အောင်မြို့နယ်မှ မတ်ပဲစိုက်တောင်သူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့လည်း ပဲဈေးတက်ဖို့ မှန်းထားတယ်။ အခုလည်း ဈေးရနေတာပဲလေ။ အထွက်ကောင်းအောင်ပဲ လုပ်ကြရမှာ။ ဒါပေမဲ့ ဒီနှစ် ရာသီဥတုနဲ့ဆိုရင် ထွက်နှုန်းကောင်းဖို့ ခက်မယ်။ အယ်လ်နီညိုလည်း ရှိနေတယ်"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လက်ရှိတွင် တောင်သူအများစု၏ လက်ထဲ၌ မတ်ပဲလက်ကျန်မရှိတော့ဘဲ ပဲကုန်သည်များထံတွင်သာ အဓိကကျန်ရှိနေကြောင်း၊ ကုန်သည်များထံတွင်လည်း မတ်ပဲလက်ကျန်အများအပြားမရှိတော့သဖြင့် မတ်ပဲအသစ်များ ဈေးကွက်အတွင်း မဝင်ရောက်မီကာလတွင် ဈေးနှုန်းထပ်မံမြင့်တက်နိုင်ကြောင်း ပဲကုန်သည်များက ခန့်မှန်းထားသည်။

မတ်ပဲကို မိုးရာသီကုန်ပိုင်းတွင် စတင်စိုက်ပျိုးကြပြီး မတ်လဝန်းကျင်တွင် ရိတ်သိမ်းကြသည်။ မတ်ပဲအဓိကစိုက်ပျိုးသည့် ဧရာဝတီတိုင်းဒေသကြီးတွင် ပြီးခဲ့သည့် နှစ်လခန့်က မတ်ပဲတစ်တင်းလျှင် ငွေကျပ် ကိုးသောင်းခွဲဝန်းကျင်သာ ရှိခဲ့ရာမှ လက်ရှိတွင် ငွေကျပ်တစ်သိန်းကျော်အထိ မြင့်တက်လာခြင်းဖြစ်သည်။

မတ်ပဲဈေးနှုန်းအပြင် ပဲစင်းငုံနှင့် ပဲတီစိမ်းဈေးနှုန်းများလည်း အနည်းငယ်မြင့်တက်လာပြီး တစ်တင်းလျှင် ငွေကျပ် တစ်သိန်းနီးပါးရှိနေသည်။

ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ တောင်သူများသည် မိုးရာသီတွင် စပါးစိုက်ပျိုးပြီး ဆောင်းသီးနှံအဖြစ် ပဲမျိုးစုံကို စီးပွားဖြစ်စိုက်ပျိုးကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ကွင်းဆင်းစစ်ဆေး

ဥတ္တရသီရီ နိုဝင်ဘာ ၁၆

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးပြတ်လပ်နိုင်ခြေရှိသည့် ကျေးရွာနှစ်ရွာသို့ ရေရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ယမန်နေ့ မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးရာ နေပြည်တော် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးမောင်နှင့် ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများသည် ဥတ္တရသီရီမြို့နယ်အတွင်း ဘုရားတောင်ကျေးရွာနှင့် ပိုတက်ကျေးရွာ နှစ်ရွာ၏ လက်ရှိရေသုံးစွဲမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

(အောက်ပုံ)

ဥတ္တသီရီမြို့နယ် အတွင်းရှိ ကျေးရွာပေါင်း ၅၆ ရွာရှိသည့် အနက် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးပြတ်လပ်နိုင်ခြေရှိသည့် ကျေးရွာနှစ်ရွာသို့ မြေပြင်ကွင်းစစ်ဆေးပြီး ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေဖူလုံစွာ ရရှိစေရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်ရဲကျော်(ကျေးလက်)



ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

စလင်း နိုဝင်ဘာ ၁၆

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ပေါက်ကုန်းကျေးရွာအုပ်စု၊ ပုလဲကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးရာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများသည် ပုလဲကုန်းကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ လမ်းအရှည် ပေ ၄၂၀၊ လမ်းအကျယ် ၁၂ ပေ၊ အမြင့် ၆လက်မထုဖြင့် ကျေးရွာတွင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကွန်ကရစ်လမ်းအား ရေရှည်တည်တံ့ခိုင်မြဲအောင် ပိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားခဲ့သည်။



အဆိုပါ ပုလဲကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) မှ ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀၂ သိန်း စုစုပေါင်း ရန်ပုံငွေကျပ် ၂၅၂ သိန်းဖြင့် မြို့နယ်ကျေးလက်ဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ် စောင့်ကြပ်ကြည့်ရှုမှုများနှင့်အတူ ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာ ၁ ရက်မှစတင်၍ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းဆောင်ရွက်ပြီးစီးသဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

သန်းသန်းစိုး

ဘင်္ဂလားပင်လယ်အော်၌ ဆိုင်ကလုန်းမုန်တိုင်း အားကောင်းလာပြီး မြန်မာနိုင်ငံဒေသအများစု မိုးထစ်ချုန်းရွာနိုင်

မန္တလေး နိုဝင်ဘာ ၁၆

ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် ယခုရက်သတ္တပတ်အတွင်း ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၌ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း အဖြစ်သို့ ရောက်ရှိလာနိုင်ကြောင်း စိုက်ပျိုးရေး မိုးလေဝသဌာနခွဲက ခန့်မှန်းထုတ်ပြန်ထားသည်။

နိုဝင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ မိုးလေဝသခန့်မှန်းချက်အရ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

အမြင့်ဆုံးအပူချိန်အနေဖြင့် ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၇ မှ ၇၆ ဒီဂရီဖာရင်ဟိုက်အတွင်း၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့် အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၇၇ မှ ၈၆ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အမြင့်ဆုံးအပူချိန် ၈၇ မှ ၉၆ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

အနိမ့်ဆုံးအပူချိန်အနေဖြင့် ချင်းပြည်နယ်တွင် ၄၈ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၅၇ မှ ၆၆ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ၆၇ မှ ၇၆ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

လေထုစိုထိုင်းဆမှာ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးတီ၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၃ ရာခိုင်နှုန်းမှ ၈၃ ရာခိုင်နှုန်းအတွင်း ရှိနိုင်ပြီး ကျန်ဒေသများတွင် ၈၄ ရာခိုင်နှုန်းမှ ၉၄ ရာခိုင်နှုန်းအတွင်း ရှိနိုင်သည်။

ထို့ပြင် ပင်ငွေ့ရေငွေ့ပျံနှုန်းမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၁ မှ ၂၀ မီလီမီတာအတွင်း ရှိနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၁ မှ ၃၁ မီလီမီတာအတွင်း ရှိနိုင်ကြောင်း စိုက်ပျိုးရေး မိုးလေဝသဌာနခွဲ၏ ထုတ်ပြန်ချက်အရ သိရသည်။

(ဝဲပုံ) (မန္တလေးနေ့စဉ်-၆)





သွားတုလုပ်ငန်းကျွမ်းကျင်မှု ဒီပလိုမာသင်တန်း ဖွင့်လှစ်မည်

မန္တလေး နိုဝင်ဘာ ၁၆

သွားတုလုပ်ငန်းကျွမ်းကျင်မှု ဒီပလိုမာသင်တန်းကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)နှင့် (မန္တလေး)တို့တွင် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်း၏ သင်တန်းကာလမှာ နှစ်နှစ်ဖြစ်ပြီး တက္ကသိုလ်တစ်ခုခုမှ သိပ္ပံဘွဲ့ရရှိထားသူများ လျှောက်ထားနိုင်သည်။ လျှောက်လွှာပိတ်ရက်ဖြစ်သည့် ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၂၀ ရက်တွင် အသက် ၂၇ နှစ်ထက် မကျော်လွန်သူဖြစ်ရမည်ဖြစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

သင်တန်းဝင်ခွင့်အတွက် ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်ပြီး မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များ ပါဝင်သည့် မေးခွန်းလွှာတစ်စုံကို ဒီဇင်ဘာ ၇ ရက် (တနင်္လာနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ သုံးနာရီကြာ ဖြေဆိုရမည်ဖြစ်သည်။ ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ရရှိသူများ၏ ခုံအမှတ်စာရင်းကို ဒီဇင်ဘာ ၁ ရက်တွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)၌ ကြေညာမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့်ကတ်များကို ဒီဇင်ဘာ ၃ ရက်တွင် သက်ဆိုင်ရာ တက္ကသိုလ်၌ ထုတ်ယူနိုင်မည်ဖြစ်သည်။

သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် သတ်မှတ်သင်တန်းကြေးများ ပေးသွင်းရမည်ဖြစ်ပြီး သင်တန်းအောင်မြင်ပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် သုံးနှစ်ဆက်လက် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်ဖြစ်သည်။ သတ်မှတ်ချက်များကို လိုက်နာနိုင်ခြင်းမရှိပါက ငွေကျပ် ၁၀ သိန်း လျော်ကြေးပေးလျော်ရန် ကတိခံဝန်ချက်စာချုပ် ချုပ်ဆိုရမည်ဖြစ်သည်။

လျှောက်ထားလိုသူများအနေဖြင့် လိုအပ်သည့် ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်လက်မှတ်၊ အကျင့်စာရိတ္တထောက်ခံချက်၊ ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံနှင့် အခြားသတ်မှတ် စာရွက်စာတမ်းများပူးတွဲ၍ နိုဝင်ဘာ ၂၀ ရက်ထက် နောက်မကျဘဲ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)နှင့် (မန္တလေး)တို့သို့ ပေးပို့လျှောက်ထားရမည် ဖြစ်သည်။

သင်တန်းနှင့် ပတ်သက်၍ အသေးစိတ် သိရှိလိုပါက သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်) ဖုန်း ၀၉-၄၄၈၀၄၃၅၂၀ နှင့် (မန္တလေး) ဖုန်း ၀၉-၂၅၉၅၂၆၇၅၀၊ ၀၉-၄၀၂၆၈၀၁၂၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၈)

--*-*-*-*-*



ဆောင်းငရုတ် အထွက်နှုန်းကောင်းမွန်စေရန် ပျိုးထောင်ချိန်၊ မြေအမျိုးအစားနှင့် ရေသွင်း ၊ ရေထုတ်ကို အလေးထားရန်လိုအပ်

မန္တလေး နိုဝင်ဘာ ၁၆

ဆောင်းငရုတ် စိုက်ပျိုးရာသီတွင် အပင်သန်စွမ်းကြီးထွားပြီး အသီးဖြစ်ထွန်းမှုကောင်းမွန်စေရန် ပျိုးထောင်ချိန်၊ ပျိုးပင်အရွယ်အစား၊ မြေအမျိုးအစား၊ ရေသွင်း ရေထုတ်နှင့် အသီးခူးဆွတ်ချိန်တို့ကို စနစ်တကျ ဂရုစိုက်ရန်လိုအပ်သည်။

ဆောင်းငရုတ် စိုက်ပျိုးရာတွင် အောက်တိုဘာလအတွင်း ပျိုးထောင်ပြီး နိုဝင်ဘာလတွင် စိုက်ခင်းသို့ ပြောင်းရွှေ့စိုက်ပျိုးနိုင်ကာ ပျိုးသက် ရက် ၃၀ မှ ၄၅ ရက်သား အရွယ်ရှိ ပျိုးပင်များကို ရွေးချယ်စိုက်ပျိုးသင့်သည်။

ငရုတ် စိုက်ပျိုးရန်အတွက် သဲနုန်းမြေမျိုးသည် သင့်တော်၍ ရေစီးရေလာကောင်းမွန်သည့် မြေကို ရွေးချယ်သင့်သည်။ ထို့ပြင် မြေတွင်းအစိုဓာတ်လျော့နည်းပါက အပွင့်နှင့် အသီးများ ကြွေကျနိုင်သဖြင့် အပင်၏ လိုအပ်ချက်နှင့်အညီ ရေသွင်းပေးရန် လိုအပ်သည်။

ငရုတ်သီး ခူးဆွတ်ရာတွင်လည်း ဈေးကွက်လိုအပ်ချက်နှင့် အသုံးပြုမည့်ပုံစံအလိုက် ခူးဆွတ်ချိန် ကွာခြားမှုရှိပြီး ငရုတ်သီး အစိမ်းအတွက် အသီးအရွယ်အစား ရောက်ရှိချိန်တွင် ခူးဆွတ်နိုင်ကာ အခြောက်ပြုလုပ်ရန်အတွက်မူ အသီးများ အနီရောင်ပြောင်းလဲပြီးမှ ခူးဆွတ်သင့်သည်။

ထို့ပြင် ငရုတ်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းစေရန် မြေဆီလွှာ အခြေအနေနှင့် စိုက်ပျိုးမည့် သီးနှံ၏ လိုအပ်ချက်ကို ထည့်သွင်းစဉ်းစားပြီး သင့်တော်သည့် မြေသြဇာကို ရွေးချယ်အသုံးပြုရန်လည်း လိုအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ) ရွှေမန်း**

ဆောင်းပြောင်းစိုက်ပျိုးရာသီတွင် အထွက်နှုန်းကောင်းမွန်စေရန် မြေပြုပြင်မှု၊ မျိုးရွေးချယ်မှုနှင့် မြေသြဇာအသုံးပြုမှုတို့ကို စနစ်တကျဆောင်ရွက်ရန်လို

မန္တလေး နိုဝင်ဘာ ၁၆

ဆောင်းပြောင်းစိုက်ပျိုးရာသီတွင် ပြောင်းသီးနှံ အပင်ကြီးထွားမှုနှင့် အထွက်နှုန်းကောင်းမွန်စေရန် မြေပြုပြင်ခြင်း၊ မျိုးစေ့ရွေးချယ်ခြင်း၊ စိုက်တန်းအကွာအဝေး သတ်မှတ်ခြင်း၊ ရေသွင်းရေထုတ်နှင့် မြေသြဇာအသုံးပြုခြင်းတို့ကို စိုက်ပျိုးမှုအဆင့်ဆင့်အလိုက် စနစ်တကျ ဆောင်ရွက်ရန် လိုအပ်သည်။

ဆောင်းပြောင်းစိုက်ပျိုးရာတွင် ပထမဦးစွာ မြေကို ထွန်ယက်ပြုပြင်ပြီး ပေါင်းမြက်နှင့် သီးနှံအကြွင်းအကျန်များကို ရှင်းလင်းပေးရန်၊ ရေစီးရေလာကောင်းမွန်သည့် မြေဖြစ်စေရန် ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ပြင် မိမိဒေသ၏ ရာသီဥတုနှင့်ကိုက်ညီပြီး အရည်အသွေးကောင်းမွန်သည့် မျိုးစေ့များကို ရွေးချယ်အသုံးပြုရန် လိုအပ်သည်။

ပြောင်းပင်တစ်ပင်နှင့်တစ်ပင် အာဟာရဓာတ်နှင့် နေရောင်ခြည် ရရှိမှုမထိခိုက်စေရန် မျိုးအလိုက် သင့်တော်သည့် စိုက်တန်းအကွာအဝေးထားရှိသင့်သကဲ့သို့ ပန်းပွင့်ချိန်နှင့် အစေ့တည်ချိန်များတွင် ရေလုံလောက်စွာ ရရှိစေရန် ဂရုစိုက်ပြီး ရေဝပ်မှုမရှိစေရန်လည်း ဆောင်ရွက်ရမည်ဖြစ်သည်။

မြေသြဇာအသုံးပြုရာတွင်လည်း ပြောင်းပင်၏ ကြီးထွားမှုအဆင့်အလိုက် လိုအပ်သည့် အာဟာရဓာတ်များကို မျှတစွာ ဖြည့်တင်းပေးရန် လိုအပ်ပြီး မြေပြင်ချိန်တွင် 12:12:12 + Organic 20 % မြေသြဇာကို အသုံးပြုရန် စိုက်ပြီး ရက် ၂၀ မှ ၂၁ ရက်သားနှင့် ၂၇ ရက်မှ ရက် ၃၀ သားအတွင်းတွင် 16:8:8 (သို့မဟုတ်) 15:7:8 မြေသြဇာကို အသုံးပြုရန် အကြံပြုထားသည်။

ထို့ပြင် ပြောင်းပင်သက်တမ်း ၃၁ ရက်မှ ရက် ၆၀ အတွင်းတွင် 12:12:12 + Organic 20% မြေသြဇာကို ထပ်မံအသုံးပြုနိုင်သည်။

အဆိုပါ မြေသြဇာများကို သင့်တော်သည့် အချိန်တွင် အသုံးပြုခြင်းဖြင့် မြေဆီလွှာကောင်းမွန်လာစေပြီး အပင်များအတွက် လိုအပ်သည့် အာဟာရဓာတ်များ မျှတစွာ ရရှိစေနိုင်သည့်အပြင် အပင်သန်စွမ်းကြီးထွားမှု၊ အဖိုအနှံထွက်ချိန်တွင် သန္ဓေအောင်မြင်မှုနှင့် အစေ့အဆန်တည်မှုတို့ကို အထောက်အကူပြုနိုင်ကြောင်း သိရသည်။

(အောက်ပုံ) ရွှေမန်း



သန့်ရှင်းသာယာ မန္တလာ ဝိုင်းဝန်းထိန်းသိမ်းပါ ။

လျှပ်စစ်ကို သိုလှောင်နိုင်စေခဲ့သည့် ခဲအက်စစ် ဘက်ထရီများအကြောင်း တစေ့တစောင်း

(၁၆-၁၁-၂၀၂၆)ရက် စာမျက်မှာ-၁၄ မှအဆက်

ခဲအက်စစ်ဆဲလ်၏ သီအိုရီအရ ပွင့်လင်းသောပတ်လမ်း ဗို့အားမှာ ခန့်မှန်းခြေအားဖြင့် ၂ ဒသမ ၁၂ ဗို့ဖြစ်သည်။ ဘက်ထရီအားကုန်သွားသည်နှင့်အမျှ ဗို့အားသည် ၁ ဒသမ ၇၅ ဗို့ခန့်အထိ တဖြည်းဖြည်း ကျဆင်းသွားသည်။ ဤအဆင့်အောက်တွင် အားကုန်သွားခြင်းသည် ပြန်လည်ပြောင်းလဲရန်ခက်ခဲသော ကြီးမားသော၊ တည်ငြိမ်သော ခဲဆာလ်ဖိတ်ပုံဆောင်ခဲများဖွဲ့စည်းခြင်းဖြင့် ပျက်စီးစေနိုင်သည်။ ၎င်းကို ဆာလ်ဖိတ်ဖြစ်စဉ်ဟု လူသိများသည်။

ထိရောက်မှုအရ ခဲအက်စစ်ဘက်ထရီများသည် မြင့်မားသော Coulombic ထိရောက်မှု ၉၀ ရာခိုင်နှုန်းကျော်ရှိပြီး အားသွင်းနေစဉ်အတွင်း ထောက်ပံ့ပေးသော အားသွင်းမှုအများစုကို အားပြန်သွင်းချိန်တွင် ပြန်လည်ရရှိနိုင်သည်။ သို့သော် အပူထုတ်လုပ်မှုနှင့် အတွင်းပိုင်း ခုခံမှုဆုံးရှုံးမှုများကြောင့် စွမ်းအင်ထိရောက်မှုမှာ နိမ့်ကျပြီး ပုံမှန်အားဖြင့် ၇၅-၈၅ ရာခိုင်နှုန်းသာရှိသည်။ အပူချိန်သည် အဓိကအခန်းကဏ္ဍမှ ပါရှိသည်။ အပူချိန်နိမ့်သောအခါတွင် အတွင်းပိုင်း ခုခံမှုမြင့်တက်လာပြီး စွမ်းဆောင်ရည်ကျဆင်းလာသည်။ အပူချိန်မြင့်သောအခါတွင် အလိုအလျောက်အားလျော့ခြင်းနှင့် ချေးခြင်း အရှိန်မြှင့်လာသည်။

ဆာလ်ဖိတ်နှင့် အခြားပြိုကွဲမှု ယန္တရားများ

ဆာလဖိတ်ဓာတ်ဟာ အဖြစ်အများဆုံး အကြောင်းအရင်းဖြစ်ပါတယ်။ ခဲအက်စစ်ဘက်ထရီ ပျက်ကွက်ခြင်း။ အားသွင်းနေစဉ်အတွင်း ခဲဆာလဖိတ်ပုံဆောင်ခဲများသည် တက်ကြွသောပစ္စည်းများအဖြစ် ပြန်လည်ပြောင်းလဲရန် အလွန်ကြီးမားလာသောအခါ ဖြစ်ပွားသည်။ ၎င်းသည် နာတာရှည် အားမသွင်းခြင်း သို့မဟုတ် ကြာရှည်စွာ မလှုပ်ရှားခြင်းကြောင့် ဖြစ်ပေါ်လေ့ရှိသည်။ အပျော့စားဆာလဖိတ်ကို ညီမျှခြင်း၊ အားသွင်းခြင်းဖြင့် တစ်ခါတစ်ရံ ပြောင်းပြန်လှန်နိုင်သော်လည်း ပြင်းထန်သောဖြစ်ရပ်များကိုမူ ပြန်မကောင်းနိုင်ပါ။

အခြားသော အိုမင်းရင့်ရော်မှု ဖြစ်စဉ်များတွင် အောက်ပါတို့ ပါဝင်သည်-

ဇယားကွက် သံချေးတက်ခြင်း - အပေါင်းပြား၏ သတ္တုဇယားကွက်သည် အချိန်ကြာလာသည်နှင့်အမျှ အောက်ဆီဒေးရှင်းဖြစ်ပြီး ၎င်း၏ဖွဲ့စည်းပုံကို အားနည်းစေသည်။

တက်ကြွသောပစ္စည်း ကျွတ်ထွက်ခြင်း - ထပ်ခါတလဲလဲ စက်ဝန်းပြုလုပ်ခြင်းသည် တက်ကြွသောပစ္စည်း၏ အစိတ်အပိုင်းများကို ဇယားကွက်မှ ပြုတ်ကျစေနိုင်သည်။

အီလက်ထရိုလိုက် အလွှာခွဲခြားခြင်း - အက်စစ်ပါဝင်မှု မညီမျှဖြစ်လာပြီး ထိရောက်သော စွမ်းဆောင်ရည်ကို လျော့ကျစေသည်။

သင့်လျော်သော ထိန်းသိမ်းမှု၊ မှန်ကန်သော အားသွင်းဗို့အားများနှင့် ပုံမှန်ညီမျှခြင်းများသည် ဘက်ထရီ၏ ဝန်ဆောင်မှု သက်တမ်းကို သိသိသာသာ တိုးချဲ့ပေးနိုင်ပါသည်။

ဘက်ထရီဒီဇိုင်းပြောင်းလဲမှုများ

ခဲအက်စစ်ဘက်ထရီအားလုံးသည် အခြေခံဓာတုဗေဒ တူညီမှုကို အသုံးပြုကြသော်လည်း ၎င်းတို့၏ ဒီဇိုင်းများသည် သီးခြားအသုံးချမှုများနှင့် ကိုက်ညီစေရန် ကွဲပြားကြသည်။

ရေလွှမ်းထားသော ခဲအက်စစ် (FLA):

အရည် Electrolyte ပါဝင်သော ရိုးရာအကျဆုံး အမျိုးအစား။ အငွေ့ပျံနေသောရေကို အစားထိုးရန်အတွက် ပုံမှန်ပြုပြင်ထိန်းသိမ်းမှု လိုအပ်ပါသည်။ ယာဉ်များနှင့် တည်ငြိမ်သောစနစ်များတွင် အဖြစ်များသည်။

စုပ်ယူထားသော မှန်ဖျာ (AGM):

အီလက်ထရိုလိုက်ကို ပြားများကြားရှိ ဖိုက်ဘာမှန်ဖျာများတွင် စုပ်ယူထားသည်။ ဤတံဆိပ်ခတ်ထားသော ဘက်ထရီများသည် တုန်ခါမှုကို ခံနိုင်ရည်ရှိပြီး မြင့်မားသော အားကုန်နှုန်းကို ခွင့်ပြုကာ ပြုပြင်ထိန်းသိမ်းမှု မလိုအပ်ပါ။ ၎င်းတို့ကို အသုံးပြုသည့် အပ်စ်စနစ်နှင့် စတင်ရပ်တန့်သည့် ယာဉ်များ။

ဂျယ်ဘက်ထရီများ

ဆာလဖျူရစ်အက်စစ်ကို ဆီလီကာနှင့်ရောစပ်ပြီး ဂျယ်ကဲ့သို့သော အရာတစ်ခု ဖန်တီးသည်။ ဤဘက်ထရီများသည် ယိုစိမ့်မှု ဒဏ်ခံနိုင်ပြီး ဆိုလာစနစ်များနှင့် မိုဘိုင်းလ်စက်ပစ္စည်းများကဲ့သို့



သော နက်ရှိုင်းသောလည်ပတ်မှုအသုံးချမှုများအတွက် အလွန်သင့်လျော်ပါသည်။

အမျိုးအစားတစ်ခုစီတွင် ကုန်ကျစရိတ်၊ ပြုပြင်ထိန်းသိမ်းမှုနှင့် စွမ်းဆောင်ရည်တို့အကြား ဟန်ချက်ညီမှုကို ပေးစွမ်းသော်လည်း အားလုံးသည် အခြေခံလျှပ်စစ်ဓာတုဗေဒဆိုင်ရာ ဓာတ်ပြုမှုများပေါ်တွင် မူတည်ပါသည်။

အားသွင်းထိန်းချုပ်မှုနှင့် ဘက်ထရီပြုပြင်ထိန်းသိမ်းမှု

ပျက်စီးမှုမဖြစ်အောင် အားသွင်းခြင်းကို ဂရုတစိုက်ထိန်းချုပ်ရပါမည်။ အားသွင်းခြင်းလုပ်ငန်းစဉ်တွင် အဆင့် သုံးဆင့် ပါဝင်လေ့ရှိသည်-

အစုလိုက်အဆင့် - ဗို့အားသည် သတ်မှတ်ထားသော ကန့်သတ်ချက်အထိ မြင့်တက်လာသည်အထိ စဉ်ဆက်မပြတ် လျှပ်စီးကြောင်းကို အသုံးပြုသည်။

စုပ်ယူမှုအဆင့် - ဗို့အားသည် ကိန်းသေဖြစ်နေသော်လည်း လျှပ်စီးကြောင်းသည် တဖြည်းဖြည်း လျော့နည်းသွားသည်။

Float Stage: ဗို့အားလျော့ချခြင်းသည် ဓာတ်ငွေ့များ မဖြစ်စေဘဲ အပြည့်အဝအားသွင်းထားနိုင်သည်။

အပူချိန် ချိန်ညှိမှုသည် အရေးကြီးပါသည်။ အပူချိန်မြင့်မားခြင်းသည် အားသွင်းဗို့အားနိမ့်ရန် လိုအပ်ပြီး အေးသောအခြေအနေများတွင် ဗို့အားအနည်းငယ်မြင့်မားရန် လိုအပ်ပါသည်။ အားသွင်းလွန်ကဲခြင်းသည် ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့် ရေဆုံးရှုံးမှုကိုဖြစ်စေပြီး အားသွင်းနည်းခြင်းသည် ဆာလ်ဖိတ်ကို မြှင့်တင်ပေးသည်။

ခေတ်မီအားသွင်းကိရိယာများသည် ဘေးကင်းပြီး ထိရောက်သော အားသွင်းမှုကို သေချာစေရန် ဗို့အား၊ လျှပ်စီးကြောင်းနှင့် အပူချိန်ကို စောင့်ကြည့်ပေးသည့် မိုက်ခရိုပရိုဆက်ဆာထိန်းချုပ်စနစ်များကို အသုံးပြုကြသည်။

စွမ်းအင်သိပ်သည်းဆနှင့် စွမ်းဆောင်ရည်

လီသီယမ် - အိုင်းယွန်းဘက်ထရီများနှင့် နှိုင်းယှဉ်ပါက ခဲအက်စစ်ဘက်ထရီများသည် စွမ်းအင်သိပ်သည်းဆနည်းသည်။ ပုံမှန်အားဖြင့် တစ်ကီလိုဂရမ်လျှင် ဝပ်နာရီ ၃၀ မှ ၅၀ အထိ ရှိသည်။ သို့သော် ၎င်းတို့သည် မြင့်မားသော လျှပ်စီးကြောင်းများကို ပို့ဆောင်ရာတွင် ထူးချွန်သောကြောင့် အင်ဂျင်စတင်ရန်အတွက် သင့်တော်သည်။ ၎င်းတို့၏ အတွင်းပိုင်းခုခံမှုနည်းပါးခြင်းကြောင့် ချက်ချင်းပင်ကြီးမားသော ပါဝါပေါက်ကွဲမှုများကို ပေးစွမ်းနိုင်သည်။

လည်ပတ်မှုသက်တမ်းသည် အားကုန်ခန်းမှုအနက်နှင့် ပြုပြင်ထိန်းသိမ်းမှုပေါ်မူတည်၍ ကွဲပြားသည်။ ရေတိမ်ပိုင်းလည်ပတ်မှုသည် လည်ပတ်မှုထောင်ပေါင်းများစွာကို ဖြစ်ပေါ်စေနိုင်ပြီး ရေနက်ပိုင်းအား ထုတ်လွှတ်မှုသည် သက်တမ်းတိုစေသည်။ AGM သို့မဟုတ် ဂျယ်ဘက်ထရီများကဲ့သို့သော အရည်အသွေးမြင့် ရေနက်ပိုင်းလည်ပတ်မှုဒီဇိုင်းများသည် ထိန်းချုပ်ထားသောအသုံးပြုမှု အောက်တွင် လည်ပတ်မှု ၈၀၀ မှ ၁၀၀၀ အထိ ကျော်လွန်နိုင်သည်။

ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုနှင့် ပြန်လည်အသုံးပြုခြင်း

အဆိပ်အတောက်အရှိဆုံး သတ္တုများထဲမှ တစ်ခုဖြစ်သည့် ခဲပါဝင်နေသော်လည်း ခဲအက်စစ်ဘက်ထရီများသည် ကမ္ဘာတစ်ဝန်းတွင် ပြန်လည်အသုံးပြုသည့် ထုတ်ကုန်များထဲတွင် ပါဝင်သည်။ ၎င်းတို့၏ ပစ္စည်း ၉၅ ရာခိုင်နှုန်းကျော် ခဲအက်စစ်နှင့် ပလတ်စတစ်ကို ပြန်လည်အသုံးပြုနိုင်ပါသည်။ ဤပိတ်သိမ်းသည့် ကွင်းဆက်ပြန်လည်အသုံးပြုခြင်း လုပ်ငန်းစဉ်သည် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုကို အနည်းဆုံးဖြစ်စေပြီး နည်းပညာကို ရေရှည်တည်တံ့စေသည်။

ထုတ်လုပ်သူများနှင့် ပြန်လည်အသုံးပြုသည့် စက်ရုံများသည် ညစ်ညမ်းမှုကို ကာကွယ်ရန်အတွက် တင်းကျပ်သော ပတ်ဝန်းကျင်ဆိုင်ရာ စံနှုန်းများကို လိုက်နာကြသည်။ ဤပြန်လည်အသုံးပြုသည့် စနစ်၏ ထိရောက်မှုသည် ခဲအက်စစ်ဘက်ထရီများ၏ လက်ရှိစီးပွားရေးနှင့် ဂေဟဗေဒဆိုင်ရာ ရှင်သန်နိုင်မှုကို အထောက်အကူပြုသည်။

(Application) များနှင့် ဆက်လက်သက်ဆိုင်မှု

ခဲအက်စစ်ဘက်ထရီသည် ၎င်း၏ ယုံကြည်စိတ်ချရမှုနှင့် မြင့်မားသောလျှပ်စီးကြောင်းကို ပေးပို့နိုင်စွမ်းကြောင့် မော်တော်ကားစတင်ခြင်း၊ မီးထွန်းခြင်းနှင့် မီးပွားခြင်း (SLI) စနစ်များအတွက် အဓိကရွေးချယ်မှုအဖြစ် ရှိနေဆဲဖြစ်သည်။ ၎င်းသည် ဆက်သွယ်ရေး၊ ဆေးရုံများနှင့် အနှောင့်အယှက်ကင်းသော ဓာတ်အားထောက်ပံ့မှု (UPS) တို့တွင် ယုံကြည်စိတ်ချရသော အရန်အဖြစ်လည်း ဆောင်ရွက်ပေးသည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စနစ်များတွင် Deep-Cycle မျိုးကွဲများသည် နေရောင် ခြည်နှင့် လေစွမ်းအင်အတွက် တတ်နိုင်သော သိုလှောင်မှုကို ပေးစွမ်းသည်။

လီသီယမ် - အိုင်းယွန်းကဲ့သို့သော အဆင့်မြင့်ဓာတုဗေဒပစ္စည်းများသည် ယခုအခါ စားသုံးသူအီလက်ထရွန်းနစ်ပစ္စည်းများနှင့် လျှပ်စစ်ယာဉ်များကို လွှမ်းမိုးထားသော်လည်း ခဲအက်စစ်နည်းပညာသည် ဆက်လက်တိုးတက်နေပါသည်။ ကာဗွန်မြှင့်တင်ထားသော အီလက်ထရုတ်များနှင့် ဘိုင်ပိုလာဒီဇိုင်းများကဲ့သို့သော ဆန်းသစ်တီထွင်မှုများသည် အားသွင်းလက်ခံမှုကို တိုးမြှင့်ပေးခြင်း၊ ဆာလ်ဖိတ်လျော့နည်းစေခြင်းနှင့် လည်ပတ်မှုသက်တမ်းတိုးတက်ကောင်းမွန်လာစေပါသည်။

ခဲအက်စစ်ဘက်ထရီသည် ခဲ၊ ခဲဒိုင်အောက်ဆိုဒ်နှင့် ဆာလဖျူရစ်အက်စစ်တို့ပါဝင်သည့် ပြောင်းပြန်လှန်နိုင်သော ဓာတုဓာတ်ပြုမှုများမှတစ်ဆင့် လည်ပတ်သည်။ အားထုတ်လွှတ်စဉ်အတွင်း ဓာတုစွမ်းအင်ကို ပြားနှစ်ခုစလုံးသည် ခဲဆာလ်ဖိတ်ကို ဖွဲ့စည်းသောကြောင့် လျှပ်စစ်စွမ်းအင်အဖြစ်သို့ ပြောင်းလဲသည်။ အားသွင်းနေစဉ်အတွင်း ပြင်ပလျှပ်စီးကြောင်းသည် ဤလုပ်ငန်းစဉ်ကို ပြောင်းပြန်လှန်ပြီး တက်ကြွသောပစ္စည်းများကို ပြန်လည်ထုတ်လုပ်ပေးသည်။

၎င်း၏ဒီဇိုင်းသည် ဓာတုဗေဒဆိုင်ရာယုံကြည်စိတ်ချရမှုနှင့် စက်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုကို ပေါင်းစပ်ထားသည်။ ခေတ်မီအစားထိုးပစ္စည်းများထက် အလေးချိန်နည်းပါးပြီး စွမ်းအင်သိပ်သည်းဆနည်းသော်လည်း တာရှည်ခံမှု၊ မြင့်မားသော လျှပ်စီးကြောင်းနှင့် ကုန်ကျစရိတ်သက်သာမှု လိုအပ်သော အသုံးချမှုများတွင် အဖိုးမဖြတ်နိုင်ပါ။ ထို့အပြင် ၎င်း၏ ရင့်ကျက်သော ပြန်လည်အသုံးပြုခြင်း၊ အခြေခံအဆောက်အအုံနှင့် ဆက်လက်လုပ်ဆောင်နေသော နည်းပညာတိုးတက်မှုများက ခဲအက်စစ်ဘက်ထရီသည် ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ရှုခင်းတွင် အရေးပါသောအခန်းကဏ္ဍမှ ဆက်လက်ပါဝင်နေကြောင်း သေချာစေသည်။

အချုပ်အားဖြင့်ဆိုရသော် ကားတစ်စီး စက်နှိုးလိုက်သည်နှင့် ဘက်ထရီက လျှပ်စစ်စွမ်းအင်ကို ထုတ်ပေးပါသည်။ မီးပျက်သွားသည့်အခါ UPS ကလည်း ဘက်ထရီထဲမှာ သိုလှောင်ထားသည့် စွမ်းအင်ကို အသုံးပြုပြီး လျှပ်စစ်ပြန်ပေးနိုင်ပါသည်။ သို့သော် ဘက်ထရီထဲမှာ လျှပ်စစ်ကို တိုက်ရိုက်သိမ်းထားခြင်းမျိုးမဟုတ်ပါ။ ဓာတုတုံ့ပြန်မှုများကို အသုံးပြုပြီး ဓာတုစွမ်းအင်ကို လျှပ်စစ်စွမ်းအင်အဖြစ် ပြောင်းလဲပေးနေခြင်းသာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

မောင်မောင်စွယ်စုံထွန်း

စာအုပ်ခင်းကဏ္ဍာ

ဖော်ညွှန်းသီ

စာအုပ်အမည် - ရိုမီယိုနဲ့ဂျူးလိယက်
စာရေးသူ - ပြီးသာ(မြန်မာပြည်)
ထုတ်ဝေသည့်စာပေတိုက် - စိတ်ကူးချိုချိုစာပေ
တန်ဖိုး - ၆၀၀၀ ကျပ်
စာမျက်နှာ - ၁၂၆ မျက်နှာ
ထုတ်ဝေသည့်ကာလ - ၂၀၂၆ ခုနှစ်၊ နိဝင်ဘာလ၊ (ဒုတိယအကြိမ်)



မူရင်းစာရေးသူ အဲလီဆန် ကယ်လီ၏ (Romeo and Juliet) ဝတ္ထုကို မြန်မာပြန်ဆိုထားခြင်းဖြစ်ပြီး ရုပ်ရှင်ဇာတ်ကားကြိုးအဖြစ်လည်း ရိုက်ကူးပြသခဲ့သည်။

စာအုပ်တွင် အမုန်းတရားနှင့် မိသားစုရန်ငြိုးများကြား ဘဝတစ်ခုတည်ဆောက် ရှင်သန်ရန် ကြိုးစားကြသည့် မေတ္တာဖွဲ့ဝတ္ထုဇာတ်လမ်းဖြစ်သည်။

လူငယ်များအတွက် သင်ခန်းစာယူရမည့် ဇာတ်လမ်းဖြစ်ပြီး အမုန်းတရားသည် ဘဝကို ဖျက်ဆီးနိုင်ကာ မိသားစု၏ အာဃာတနှင့် လူမှုအသိုက်အဝန်းပဋိပက္ခကို ဆင်ခြင်အသိယူရမည့်စာအုပ်ဖြစ်သည်။

ဒေါ်သနှင့်အငြိုးအတေးကို အချိန်မီမဖြေရှင်းနိုင်လျှင် နောင်တရစရာများဖြစ်လာပြီး အမုန်းတရားကြား အချစ်နှင့် အမုန်းကြောင့် ဘဝတစ်ခုဖျက်စီးသွားနိုင်ကြောင်း သံဃေယျရမည်ဖြစ်သည်။အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖတ်ရှုရမည်ဖြစ်ရာ မန္တလေးမြို့ စာအုပ်အရောင်းဆိုင်များနှင့်စိတ်ကူးချိုချို(မန္တလေး) စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

စာအုပ်အမည် - အမျိုးသားနေ့နှင့် အခြားဆောင်းပါးများ
စာရေးသူ - ဦးဗိုးကျား
ထုတ်ဝေသည့်စာပေတိုက် - စိတ်ကူးချိုချိုစာပေ
တန်ဖိုး - ၇၅၀၀ ကျပ်
စာမျက်နှာ - ၉၉ မျက်နှာ
ထုတ်ဝေသည့်ကာလ - ၂၀၂၆ ခုနှစ်၊ နိဝင်ဘာလ (ပထမအကြိမ်)

နှစ်စဉ် တန်ဆောင်မုန်းလ ပြည့်ကျော် ၁၀ ရက်သည် အမျိုးသားအောင်ပွဲနေ့ဖြစ်သည်။ ကျန်စာအုပ်သည် ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီ မြန်မာပြည်အမျိုးသားဝံနုစိတ်များ ပြင်းပြစွာ ပေါ်ထွန်းခဲ့ကြောင်း၊ ကြီးပွားရေးသမားများ၊ ဘာသာရေးခေါင်းဆောင်များ၊ ပညာရှင်များ၊ စာရေးဆရာများ၊ ပန်းချီဆရာများ၊ ဂီတပညာရှင်များ၊ အားကစားသမားများ၊ ရုပ်ရှင်သရုပ်ဆောင်များ၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးနု၊ ဗိုလ်ချုပ်မှူးကြီး၊ ဗိုလ်ချုပ်မှူးကြီးဘဝ၊ ဗိုလ်ချုပ်မှူးကြီးနှင့် ပြည်သူ၊ ဗိုလ်ချုပ်မှူးကြီးနှင့် ပြည်သူ့တပ်မတော်၊ ဗိုလ်ချုပ်မှူးကြီးနှင့် ပြည်သူ့တပ်မတော်သား၊ ဗိုလ်ချုပ်မှူးကြီးနှင့် ပြည်သူ့တပ်မတော်သား ဘဝ၊ ဗိုလ်ချုပ်မှူးကြီးနှင့် ပြည်သူ့တပ်မတော်သား ဘဝ ရင်းနှီးမှု၊ ဗိုလ်ချုပ်မှူးကြီးနှင့် ပြည်သူ့တပ်မတော်သား ဘဝ ရင်းနှီးမှု ခိုင်မာခြင်း၊ ဗိုလ်ချုပ်မှူးကြီးနှင့် ပြည်သူ့တပ်မတော်သား ဘဝ ရင်းနှီးမှု ခိုင်မာခြင်း ရလဒ်များ၊ ဗိုလ်ချုပ်မှူးကြီးနှင့် ပြည်သူ့တပ်မတော်သား ဘဝ ရင်းနှီးမှု ခိုင်မာခြင်း ရလဒ်များ ဆက်လက်ထိန်းသိမ်းရေး၊ ဗိုလ်ချုပ်မှူးကြီးနှင့် ပြည်သူ့တပ်မတော်သား ဘဝ ရင်းနှီးမှု ခိုင်မာခြင်း ရလဒ်များ ဆက်လက်ထိန်းသိမ်းရေး ရည်ရွယ်ချက်များ၊ ဗိုလ်ချုပ်မှူးကြီးနှင့် ပြည်သူ့တပ်မတော်သား ဘဝ ရင်းနှီးမှု ခိုင်မာခြင်း ရလဒ်များ ဆက်လက်ထိန်းသိမ်းရေး ရည်ရွယ်ချက်များ ပြည့်မြိုင်ရေး၊ ဗိုလ်ချုပ်မှူးကြီးနှင့် ပြည်သူ့တပ်မတော်သား ဘဝ ရင်းနှီးမှု ခိုင်မာခြင်း ရလဒ်များ ဆက်လက်ထိန်းသိမ်းရေး ရည်ရွယ်ချက်များ ပြည့်မြိုင်ရေး ဆိုသည့် အကြောင်းအရာများကို ရေးသားဖော်ပြထားသော စာအုပ်ဖြစ်သည်။



စာရေးသူသည် ကျောင်းသားလူငယ်လေးများ စိတ်အားမြင့်တက်စေရန် အစဉ်အမြဲတိုက်တွန်းလေ့ရှိသူဖြစ်၍ 'ကျောင်းသားနှင့် အလုပ်' ဆောင်းပါးတွင် 'ကျောင်းသားတို့ကို ကိုယ့်စရိတ်နှင့်ကိုယ် ကျောင်းနေနိုင်အောင် ကြိုးစားသင်ကြလေသည်။ ထို့အပြင် အလုပ်လုပ်မရအောင် မိဘတို့က အိမ်မှာပင် တံမြက်လှည်း၊ ထွေးခံဆေး၊ ရေထည့် စသော အိမ်အလုပ်ကို လခပေး၍ လုပ်စေသင့်သည် မိမိ၏သားကို အလကားပေးသည့် အထင် မရောက်စေလိုခြင်းဖြစ်သည်။ မိဘက ပိုက်ဆံကြွယ်ဝ၍ ပေးကမ်းလိုသော်ဘဏ်စသည်တို့တွင် မိမိ၏သား၊ သမီးအတွက် ငွေသွင်းငွေစုထားပါလေ'ဟု ဖော်ပြထားရာ ယနေ့တိုင် ခေတ်မီနေသောမြော်မြင်တွေးခေါ်မှု စာအုပ်ဖြစ်သည်။ မန္တလေးမြို့ စာအုပ်အရောင်းဆိုင်များနှင့် စိတ်ကူးချိုချို(မန္တလေး)စာအုပ်ဆိုင်တွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

ဘဝတိုးတက်ရေးအတွက် အသိပညာပေးခေါင်းစဉ်ဖြင့် လူငယ်စာဖတ်ဝိုင်း ကျင်းပ

မိတ္ထီလာ နိဝင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် ဘဝတိုးတက်ရေးအတွက် အသိပညာပေးခေါင်းစဉ်ဖြင့် လူငယ်စာဖတ်ဝိုင်းကို နိဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပခဲ့သည်။

လူငယ်စာဖတ်ဝိုင်းတွင် မြို့နယ်စာရေးဆရာအသင်းအဖွဲဝင် စာရေးဆရာကိုသစ္စာ(ထီလာ)က အမှာစကားနှင့် ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး လူငယ်စာဖတ်ဝိုင်းကို ဆက်လက်ကျင်းပခဲ့သည်။ ထို့နောက် ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများက မိမိတို့ ဖတ်မှတ်လေ့လာထားရှိသည့် စာအုပ်များအား ပါဝင်ဆွေးနွေးခဲ့သည်။ လူငယ်စာဖတ်ဝိုင်းကို မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များမှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ လူငယ်စာဖတ်ဝိုင်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းကျင်းပခဲ့ရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝါဝါနွယ်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စာရေးဆရာအသင်းဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)
(၄၈၉)



လူထုအခြေပြုဗဟိုဌာနခွဲ အသိပညာပေးဟောပြောပွဲ၊ စာအုပ်စာတော်၊ နံရံကပ်စာတော် ပြသ

ကန့်ဘလူ နိဝင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခွဲ အသိပညာပေး ဟောပြောပွဲနှင့် စာအုပ်စာတော်၊ နံရံကပ်စာတော်ပြပွဲများကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခိုင်ဇင်က ပြည်သူ့စာကြည့်တိုက်တွင် ဆောင်ရွက်နေသော ကလေးတိုင်း စာဖတ်သူဖြစ်စေရမည်၊ လူငယ်စာဖတ်သူ အနာဂတ်တောက်ပရမည်၊ စာဖတ်ခြင်းမှ အသိပညာ၊ အသိပညာမှအနာဂတ် စသည့် လူပ်ရှားဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးသက်နိုင်ထွေးက ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ သိကောင်း စရာများကိုလည်းကောင်း ဟော ပြောခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသားကျောင်းသူများဖြင့် စာဖတ်ပိုင်း၊ စာပေဆွေးနွေးပွဲနှင့် လူငယ်စာပေကလပ်များ ဖွဲ့စည်းခြင်းများ ဆောင်ရွက်ပြီး ခင်းကျင်းပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး ပိုင်းဝန်းကာကွယ်စောင့်ရှောက်ပေး၊ကလေးအလုပ်သမားအဆုံးသတ်ဖို့ လူ့အခွင့်အရေးမြှင့်တင်ဖို့ အသိပညာပေးနံရံကပ်၊ စာစောင်များ၊ သုတ၊ ရသစာအုပ်၊စာစောင်များကို လေ့လာဖတ်ရှုခဲ့ကြကြောင်းနှင့်အဆိုပါ အခမ်းအနားသို့ အ.ထ.က(၁)မှ ဆရာမများ၊ Grade-8 ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အောင်ဝင်းဦးမိုး(ကန့်ဘလူ)

o-o-o-o-o



ဖတ်စရာ၊ မှတ်စရာ ခုံလင်း ကြေးမုံ

ပြည်သာအေးမြ တန်ဆောင်မုန်းလ

* ဗြိစ္ဆာတွင်ပ ၊ ခေါ်ကြရာသီ
စန်းနက္ခတ်ဘီ ၊ ကြတ္တိကာတည်
ကျီးတာရာလွှမ်း။ တင့်ဆန်းဂုဏ်ရည်
စောင့်ရုပ်က ၊ ကင်းမလက်မည်းမည် ။
* နတ်ပြည်တည်ထား ၊ ဘုရားဆံတော်
စူဠာမုနီ ၊ ထွန်းညှိပူဇော်
ရောင်စုံလျှံညီး ၊ ဆီမီးလွှမ်းသော်
လပြည့်ည ၊ ရွှင်ပျအေးချမ်းပျော် ။
* တန်ဆောင်မုန်းလ ၊ မြူလွှသာယာ
ခဝဲပန်းပွင့် ၊ ပင်တင့်ဝေဆာ
လယ်ယာစပါး ၊ မှည့်အားရွှေဝါ
ရိတ်သိမ်းလျက် ၊ ပြည့်တွက်ကျိရိကွာ ။
* ကထိန်သက်နိုး ၊ လျှဒါန်းပါနော်
သံယာဦးချ ၊ ကပ်ကြရည်မျော်
အကျိုးငါးပါး ၊ ခံစားရွှင်ပျော်
ကောင်းမြတ်ခြင်း ၊ ချက်ချင်းရစေသော် ။
* တစ်နှစ်တည်းမှ ၊ တစ်လတာမယ်
တစ်လကြုံလျှက် ၊ တစ်ရက်မှာရယ်
လျှဒါန်းရက်ကောင်း ၊ တစ်ကျောင်းမှာကွယ်
ကထိန်ခင်း ၊ လျှခြင်းနိဗ္ဗာန်ရွှယ် ။
* ကထိန်လျှပွဲ ၊ လက်တွဲပါဝင်
ကုသိုလ်ပြုရေး ၊ မနေးစွာပင်
နိဗ္ဗာန်ရည်မှန်း ၊ လျှဒါန်းအစဉ်
ပျော်ရွှင်ပြုံး ၊ နလုံးအေးမြဆင် ။
* တို့မြန်ပြည်ကွယ် ၊ လင်းလဲ့ထိန်ဝေ
ရောင်စုံယုက်သန်း ၊ လျှပ်ပန်းစည်နေ
တန်ဆောင်မုန်းလ ၊ ကြုံကြရပေ
ရွှင်ပျော်ပေ့ ၊ လပြည့်ညပါပေ ။ ။

မင်းမြတ်မိုး(မန်းမြေ့)



ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် ပြသထားသည့် ပြကွက်များအား တာမွေမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူများ လေ့လာ

ရန်ကုန် နိုဝင်ဘာ ၁၆

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် (၇၀)ပြည့်အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ ဗုဒ္ဓသာသနာတော်ဆိုင်ရာ သမိုင်းဝင်အမွေအနှစ်များကို ပြကွက်များဖြင့် ပြသထားရာ ယနေ့နံနက်ပိုင်းက တာမွေမြို့နယ်အတွင်းရှိ အခြေခံပညာအဆင့် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်၊ လူရွယ်များ လာရောက်လေ့လာခဲ့ကြပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့သည်။ **(အပေါ်ပုံ)**

ထိုကဲ့သို့ လာရောက်လေ့လာရာတွင် ကျောင်းသား၊ ကျောင်းသူများသည် သက်ဆိုင်ရာ ကျောင်းများမှ ကြီးကြပ်ရေး ဆရာမများနှင့်အတူ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၏ သမိုင်းကြောင်းနှင့် ဗုဒ္ဓသာသနာတော်ဆိုင်ရာ အမွေအနှစ်ပြကွက် (၁၀)ကွက် ဖြစ်ကြသည့် ဘုရားလောင်းပဋိသန္ဓေယူခန်း၊ ဘုရားလောင်းဖွားမြင်တော်မူခန်း၊ ဘုရားဖြစ်တော်မူခန်း၊ ပဋ္ဌဝဂ္ဂီငါးဦးအား ဓမ္မစကြာတရားဦး ဟောတော်မူခန်း၊ ပရိနိဗ္ဗာန်စံတော်မူခန်းပြကွက်များ၊ အိန္ဒိယနိုင်ငံတွင် နှုတ်တက်အာဂုံရွတ်ဆို၍ တင်တော်မူခဲ့ကြသည့် သင်္ဂါယနာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ပထမသင်္ဂါယနာတင်ပြကွက်၊ ဒုတိယသင်္ဂါယနာတင်ပြကွက်၊ တတိယသင်္ဂါယနာတင် ပြကွက်၊ သီရိလင်္ကာနိုင်ငံ၌ ပေထက်အက္ခရာ တင်ခဲ့သည့် စတုတ္ထသင်္ဂါယနာတင်ပြကွက်၊ မြန်မာနိုင်ငံ မန္တလေးမြို့၌ မင်းတုန်းမင်းကြီးလက်ထက် ကျောက်ထပ်အက္ခရာတင်ခဲ့သည့် ပဋ္ဌမသင်္ဂါယနာတင်ပြကွက်နှင့် ကုသိုလ်တော် ဓမ္မစေတီများပြကွက် အစရှိသည်တို့ကို လေ့လာခဲ့ကြကြောင်းနှင့် မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဗုဒ္ဓသာသနာတော်၏သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ပိုမိုသိရှိနားလည်စေရန်၊ သာသနာတော်ကို ကြည်ညိုလေးစားသည့် စိတ်ဓာတ်များ တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ပြသခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

(ဒုတိယ)အကြိမ် အလှူငွေပေးအပ်ပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ ကျင်းပ

ချောက် နိုဝင်ဘာ ၁၆

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့တွင် မြို့နယ်သံဃနာယကအဖွဲ့ ကျောင်းတော်ကြီးတည်ဆောက်နိုင်ရန် မြို့နယ်အတွင်းရှိ ကျောင်းထိုင်ဆရာတော်များနှင့် အလှူရှင်များစုပေါင်း၍ (ဒုတိယ)အကြိမ် အလှူငွေပေးအပ်ပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီက အမှတ်(၁၅)ရပ်ကွက်၊ ရတနာအိုင့်ရပ်၊ ချောက်-မကွေးသွားကားလမ်းမဘေး၊ သတိပဋ္ဌာန်ကျောင်းအနီးရှိ မြို့နယ်သံဃနာယကအဖွဲ့ကျောင်းတော်ကြီး အဆောက်အအုံ တည်ဆောက်သည့်နေရာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမိုးဇော်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဇေထက်အောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များက နမော တဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနား ဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကေသဝထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။



ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ကျောင်းတော်ကြီး တည်ဆောက်ရေးတာဝန်ခံဆရာတော်ဘဒ္ဒန္တသေဋ္ဌိလက ကျောင်းတော်ကြီး တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်အား မိန့်ကြားပြီး မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တကေသဝနှင့် ဆရာတော်များက မြို့နယ်သံဃနာယကအဖွဲ့ကျောင်းတော်ကြီးတည်ဆောက်ရန်အတွက် လှူဒါန်းထားသော အလှူရှင်များ၏(ဒုတိယ)အကြိမ် အလှူငွေပေးအပ်ပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ကျင်းပသည်။

ဆက်လက်၍ လှူဒါန်းမှုအစုစုအတွက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တကေသဝက အနုမောဒနာတရားဟောကြား၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

အဆိုပါ မြို့နယ်သံဃနာယကအဖွဲ့ကျောင်းတော်ကြီးမှာ အလျား ပေ ၆၀၊ အနံ ပေ ၄၀ ရှိ RC နှစ်ထပ်အဆောက်အအုံအား ဆက်လက်ဆောက်လုပ်လျက်ရှိရာ စေတနာရှင်၊ အလှူရှင်များအနေဖြင့် ဆက်သွယ်လှူဒါန်းလိုပါက မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တကေသဝ ဖုန်း ၀၉-၄၀၂၅၂၅၆၂၂၊ ကျောင်းတော်ကြီးတည်ဆောက်ရေးတာဝန်ခံဆရာတော် ဘဒ္ဒန္တသေဋ္ဌိလ ဖုန်း ၀၉-၄၀၁၅၆၆၄၇၇၊ မြို့နယ်သာသနာရေးမှူးဦးဝင်းဗိုလ် ဖုန်း ၀၉-၈၈၈၅၁၅၅၈၈ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

ကျော်မိုး(ပြန်/ဆက်)

၀-၀-၀-၀-၀

၀-၀-၀-၀

သက်ကြီးဘိုးဘွားများအား အလှူငွေနှင့် ကန်တော့ပစ္စည်းများ လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၁၆

နေပြည်တော်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက လယ်ဝေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် သက်ကြီးဘိုးဘွားများအား အလှူငွေနှင့်ကန်တော့ပစ္စည်းများ သွားရောက်လှူဒါန်းခဲ့သည်။

ရှေးဦးစွာ နေပြည်တော်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးပပနှင့်အသင်းဝင်များ၊ ခရိုင်၊ မြို့နယ်ဥက္ကဋ္ဌနှင့် အသင်းဝင်များသည် လယ်ဝေးမြို့ ခုတင်(၁၀၀) ဆေးရုံတွင်နေပြည်တော်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ အသက် ၃၀ မှ ၄၉ နှစ်အတွင်း အိမ်ထောင်ရှင် အမျိုးသမီး ၅၉၃ ဦးအား သားအိမ်ခေါင်းကင်ဆာအကြိုအဆင့် စစ်ဆေးပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးကြသည်။ ထို့နောက် အမှတ်(၁)ရပ်ကွက်၊ အမေသန်းစာကြည့်တိုက်သို့ ရောက်ရှိကာ စာပေဖတ်ရှုနေမှုများကို ကြည့်ရှုအားပေးပြီး စာကြည့်တိုက်အတွက် သုတ၊ ရသစာအုပ်များ လှူဒါန်းခဲ့သည်။**(အောက်ပုံ)**

ဆက်လက်၍ နေပြည်တော်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ ခရိုင်နှင့်မြို့နယ်ဥက္ကဋ္ဌနှင့် အသင်းဝင်များသည် လယ်ဝေးမြို့၊ အမှတ်(၂)ရပ်ကွက်၊ သံလမ်း ပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိပြီး ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသုဇနအား နဝကမ္မအလှူငွေ၊ ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အမှတ်(၇)ရပ်ကွက်ရှိ သက်ကြီးဘိုးဘွားများအား အလှူငွေနှင့် ကန်တော့ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





မန္တလေးတက္ကသိုလ်၊ သင်္ချာမိသားစု (၂၅)ကြိမ်မြောက် ငွေရတုအာစရိယပူဇော်ပွဲ ကျင်းပ

မန္တလေး နိုဝင်ဘာ ၁၆

မန္တလေးတက္ကသိုလ် သင်္ချာမိသားစု(၂၅)ကြိမ်မြောက်ငွေရတုအာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီက မန္တလေးတက္ကသိုလ်ဓမ္မာရုံတွင် ကျင်းပသည်။

သင်္ချာမိသားစု၏(၂၅)ကြိမ်မြောက် ငွေရတုအာစရိယပူဇော်ပွဲသို့ မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်၊ သင်္ချာဌာနပါမောက္ခ၊ ဌာနမှူးနှင့် ပါမောက္ခများ၊ အသက် ၇၀ နှစ်နှင့်အထက် ကန်တော့ခံဆရာ၊ ဆရာမကြီးများ၊ သင်္ချာဘာသာရပ် အထူးပြုဖြင့် သင်ယူပြီးမြောက်ခဲ့ပြီးသူများ၊ သင်ယူဆဲကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ငွေများလှူဒါန်းကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများအား ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့အတွင်းရေးမှူးက ကန်တော့ချိုးတိုင်ပေးပြီး ကျောင်းသား၊ ကျောင်းသူဟောင်းများက လက်အုပ်ချီမိုးကန်တော့၍ ကန်တော့ငွေနှင့် ကန်တော့ပစ္စည်းများ ပေးအပ်ကြသည်။ ကန်တော့ခံဆရာ၊ ဆရာမကြီးများ ကိုယ်စား ဆရာကြီးတစ်ဦးနှင့် ဆရာမကြီးတစ်ဦးတို့က ဆုပေးစကားများ ပြောကြားခဲ့ကြသည်။ကန်တော့ခံဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအား နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(၀၄၅)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ နိုဝင်ဘာ ၁၅ရက်က ပုသိမ်ကြီးမြို့နယ်၊ အမှတ်(၉၈)၊ ကျီကုန်းလမ်းသွယ်(၅)နေ ဒေါ်ခင်ငွေ၏ ၉၃ နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် ဆေးပဒေသာပင်အ ငွေကျပ် ၁၀ သိန်းကို ဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (အောက်ပုံ)(ကျော်မင်းသော်)



တံတားနှင့် လမ်း၊ ဆေးခန်းနှင့် ကျောင်း၊
ဆည်မြောင်းနှင့် ကန်၊ သစ်ပင်ရံမှ
သဏ္ဌာန်လှပ၊ ပနံရလိမ့် ။

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၃၀)သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

နေပြည်တော် နိုဝင်ဘာ ၁၆

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၃၀)တွင် ပါဝင် တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်း အသီးသီး၌ စုဖွဲ့၍ လိုအပ်သည့်ကြိုတင် ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၃၀) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။



ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၃၀)သင်တန်းဖွင့်ပွဲ ကျင်းပစဉ်။



အင်တာဗျူး - ၁



အင်တာဗျူး - ၂

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ဦးစွာ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။ ထို့နောက် တက်ရောက် လာကြသူများက ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၃၀)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ခွင့်၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒီတာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရေး ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်း ဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်း သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့ရာ အဆိုပါပြည်သူ့စစ်မှုထမ်း သင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၃၀)မှ နိုင်ငံ့သားကောင်း လူငယ်များအဖြစ် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် -

အင်တာဗျူး - ၁

စစ်ပညာရပ်တွေကို သင်ကြားချင်လို့ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၃၀) ကို လာရောက် တက်ခဲ့ခြင်းဖြစ်ပါတယ်။

သင်တန်းကာလမှာ လည်း သင်တန်းနည်းပြတွေ သင်ကြားပေးတဲ့ စစ်နည်းဗျူဟာတွေကို တိတိကျကျ မှန်မှန်ကန်ကန် လိုက်နာ ဆောင်ရွက်သွားမှာပါလို့ ကျွန်တော်တို့ ယုံကြည်ပါတယ်။

နောင်လာမယ့် ညီအစ်ကိုတွေ အတွက်ကတော့ မြန်မာနိုင်ငံသားပီသစွာနဲ့ မြန်မာနိုင်ငံတော် စစ်မှုထမ်းဥပဒေ ထုတ်ပြန်ချက်အရ လာရောက်ပြီးတော့ အလှည့်ကျ အလေးအနက်ထား တာဝန်ထမ်းဆောင်ပေးပါလို့ ပြောချင်ပါတယ်။

အင်တာဗျူး - ၂

ပြည်သူ့စစ်မှုထမ်း ဥပဒေ ထုတ်ပြန်တဲ့အပေါ်မှာ လူငယ် တစ်ယောက်အနေနဲ့ ကိုယ့်ရဲ့ နိုင်ငံတော်ကို ကာကွယ်နိုင်ပြီ ဆိုပြီးတော့ သန့်ဌာန်ချမှတ်ပြီး တော့မှ နိုင်ငံရဲ့ မြေထု၊ လေထု၊ ရဲ့ လေထု၊ မြေထု၊ ရေထုကို ကိုယ်ပဲ ကာကွယ်ရမှာပဲဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်း သင်တန်းကို တက်ရောက်မယ့် လူငယ်တွေ အတွက်လည်း လာရောက်ဖို့ ဖိတ်ခေါ်ပါတယ်။ ကိုယ့်နိုင်ငံတော်ရဲ့ လေထု၊ မြေထု၊ ရေထုကို ကိုယ်ပဲ ကာကွယ်ရမှာပဲဖြစ်ပါတယ်။

သတင်းစဉ်

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၆

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည် ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ပန်လီရွာရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်စွာထွန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသား ပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်း စစ်မျက်နှာများတွင် စစ်ဆင်ရေး တာဝန်များကို မိဘ၊ မောင်နှမ၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား ညမနား သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးကအောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



အယ်လ်နီညိုရာသီဥတုဖြစ်စဉ် အသိပညာပေးစာစောင်များ ဖြန့်ဝေ

မော်တွယ် နိုဝင်ဘာ ၁၆

မော်တွယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုပြောင်းလဲလာသောအခြေအနေကို ပြည်သူများသိရှိနိုင်စေရန်ရည်ရွယ်၍ ဦးစီးဌာနရုံး ချုပ်မှ ပေးပို့သည့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ် အသိပညာပေးစာစောင်များကို မြို့နယ်ရုံးဝန်ထမ်းများက နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက မြို့နယ်အတွင်းရှိ လူစည်ကားရာနေရာများ၌ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ အသိပညာပေးစာစောင်တွင် အယ်လ်နီညိုဖြစ်စဉ်ပြပုံ၊ အယ်လ်နီညိုအကြောင်း သိကောင်းစရာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ ဂေဟစနစ်စသည့် ကဏ္ဍအသီးသီးအပေါ် သက်ရောက်မှုများ၊ ပြည်သူများ သိရှိထားရမည့် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ ဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ဆက်သွယ်ရမည့် သက်ဆိုင်ရာဌာနများ၏ လိပ်စာများ၊ မှန်ကန်သော သတင်းအချက်အလက်များဖတ်ရှုနိုင်ရန် လက်ကိုင်ဖုန်းအတွင်း ထည့်သွင်းထားသင့်သည့် Application များ စသည်တို့ ပါဝင်သည်။

အယ်လ်နီညိုဖြစ်စဉ်ကာလအတွင်း လူတစ်ဦးချင်းစီအတွက် လိုအပ်သော အသုံးအဆောင်ပစ္စည်းများကို ကြိုတင်စုဆောင်းထားရန် သက်ဆိုင်ရာဌာနများမှလည်း အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မင်းမင်းထွေး(မော်တွယ်)

ပလတ်စတစ်ညစ်ညမ်းမှုကို တိုက်ဖျက်ကြစို့။

စာဖတ်ရှုနိုင်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြော

မြင်ဦးလွင် နိုဝင်ဘာ ၁၆

လူငယ်ကဏ္ဍကို မြှင့်တင်စေရန် ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်တွင် စာဖတ်ရှုနိုင်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက Genius ကိုယ်ပိုင်အလယ်တန်းကျောင်း၌ ကျင်းပရာ Genius ကိုယ်ပိုင်အလယ်တန်းကျောင်းမှ Founder ဆရာမကြီးဒေါ်ခင်သန္တာဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။



ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးက ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီးနောက် စာရေးဆရာ ကိုရွှေအောင်သင်းက 'လူငယ်နှင့် အနာဂတ်နိုင်ငံတော်' ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းခဲ့ရာ တာဝန်ရှိသူများက မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ပြီး ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေး နံရံကပ်စာစောင်များ၊ သုတ၊ ရသစာအုပ်များ ခင်းကျင်းပြသပေးခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၀၀ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

သွေးသွေး(ခရိုင် ပြန်/ဆက်)



ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေး

တောင်တွင်းကြီး နိုဝင်ဘာ ၁၆

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၌ နိုင်ငံတစ်ဝန်းလုံးတွင် ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး ထိုးမှုကို မြှင့်တင်ခြင်းဖြင့် လူထုအတွင်း ရောဂါခုခံနိုင်စွမ်းအား ကွာဟချက်များကို လျှော့ချ၍ ရောဂါကူးစက်ပျံနှံမှုနှင့် ရောဂါဖြစ်ပွားမှုများကို ကာကွယ်တားဆီးရန်ရည်ရွယ်၍ နိုင်ငံတစ်ဝန်းလုံးတွင် ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထပ်ဆောင်းထိုးနှံခြင်း အစီအစဉ်ကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလမှ နိုဝင်ဘာလအတွင်း ဆောင်ရွက်မည်ဖြစ်ရာ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက စတင်၍ စုရုပ်အလိုက် ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဝက်သက်၊ ဂျိုက်သိုး ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံရာ၌ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ အသက်ကိုးလမှ ၅၉ လအရွယ် ကလေးငယ်များကို ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထိုးနှံဖူးသည့် ကလေးငယ်များနှင့် မထိုးနှံရသေးသည့် ကလေးငယ်များ အားလုံးကို ရပ်ကွက်၊ ကျေးရွာများရှိ စုရပ်နေရာများအလိုက် စတင်ထိုးနှံပေးခဲ့သည်။

ထိုသို့ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းကို တောင်တွင်းကြီးမြို့နယ်၌ နိုဝင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ စုရုပ်များအလိုက် ဆောင်ရွက်ခဲ့ပြီး ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်း လုပ်ငန်းများ ဆောင်ရွက်သည့် စုရုပ်များတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေး ဆရာ၊ ဆရာမများ၊ တိုက်နယ်၊ ဒေသန္တရ၊ မိခင်နှင့်ကလေး ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးဆရာ၊ ဆရာမများနှင့် ရပ်ကွက်၊ ကျေးအုပ်စုအုပ်ချုပ်ရေးမှူးများက ပူးပေါင်း၍ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

နောင်နောင်(ဗိသနိုးမြေ)

o–o–o–o–o–o–o–o

ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်၊ စာစောင်များ ကွင်းဆင်းပြသ

မိုင်းခုတ် နိုဝင်ဘာ ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် အခြေခံပညာမူလတန်းကျောင်း(ဝမ်ကတ်)၌ ကလေးအလုပ်သမားပပျောက်ရေးအတွက် ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတရရှိစေရန် ရည်ရွယ်၍ ယမန်နေ့ နံနက် ၉ နာရီက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်၊ စာစောင်များ ကွင်းဆင်းပြသပေးခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်လက်ထောက် (၃) ဒေါ်ဇင်မိမိထွန်းက ကလေးအလုပ်သမား၏ အဓိပ္ပာယ်၊ ကလေးအလုပ်သမား ဖြစ်ပေါ်ရသည့် အကြောင်းအရင်းများ၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များ၏ အရေးပါပုံ အကြောင်းများကို ဟောပြောခဲ့သည်။



ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား ပုံပြင်နှင့် ကဗျာများ၊ အခြားအသိပညာပေး စာအုပ်များဖြင့် နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်ပေးကာ ကလေးအလုပ်သမားပပျောက်ရေး၊ လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်များအကြောင်း အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

သင့်သွေးဖြင့် အသက်ကယ်ပါ။

လူငယ်စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပ

ရမည်းသင်း နိုဝင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှုနိုင်မြှင့်တင်ရန်နှင့် စာဖတ်ခြင်းမှ အသိပညာဗဟုသုတရရှိစေရန်ရည်ရွယ်၍ စာဖတ်သူလူငယ်များ အနာဂတ်အတွက်ဟောက်ပရမည် (Young Reader, Bright Fucture Campaign) အစီအစဉ်ဖြင့် လူငယ်စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက ခရိုင်လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။



ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းအေးခိုင်က ကျောင်းသား၊ ကျောင်းသူ လူငယ်များအနေဖြင့် ငယ်စဉ်ကတည်းက စာပေဖတ်ရှုတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် စာပေဖတ်ရှုခြင်းဖြင့် မိမိတို့၏ ကိုယ်ပိုင်အသိဉာဏ်များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီးနောက် Grade-7 ကျောင်းသူ မယွန်းဝတီမောင်က စာရေးဆရာ မောင်မောင်မြင့်သိန်း ရေးသားသည့် လက်တွေ့အသုံးကျ IELTS အက်ဆေးများ စာအုပ်ထဲတွင် ဖော်ပြထားသော ကလေးပျိုးထောင်ခြင်း ခေါင်းစဉ်ဖြင့် ဆွေးနွေးဖတ်ကြားခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများနှင့် အပြန်အလှန် ဆွေးနွေးခဲ့ကာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းအေးခိုင်က ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

ဟိန်းပြည့်စော်

o–o–o–o–o–o–o–o

မြို့နယ်အဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ပုံစတာနှင့် ကာတွန်းပြိုင်ပွဲ ကျင်းပ

သာစည် နိုဝင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာကျောင်းများ၏ မြို့နယ်အဆင့် အာကာသဆိုင်ရာ ပန်းချီ၊ ပုံစတာနှင့် ကာတွန်းပြိုင်ပွဲများကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲများကို အခြေခံပညာမူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်တို့ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက မူလတန်းအဆင့်တွင် ကျောင်းသား၊ ကျောင်းသူ ၄၂ ဦး၊ အလယ်တန်းအဆင့်တွင် ၂၀ ဦးနှင့် အထက်တန်းအဆင့်တွင် ၃၀ ဦး ရွေးချယ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲမှ မူလတန်းအဆင့်တွင် ၂၀ ဦး၊ အလယ်တန်းအဆင့်တွင် ၂၀ ဦးနှင့် အထက်တန်းအဆင့်တွင် ၃၀ ဦး ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခံရသူများသည် တိုင်းဒေသကြီးအဆင့်တွင် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း ဒုတိယမြို့နယ်ပညာရေးမှူး ဦးမြင့်ကျော်ထံမှ သိရသည်။

(အောက်ပုံ)

(၄၈၇)

o–o–o–o–o–o–o–o



သက်တမ်းလွန်ဆေးဝါးများနှင့် စားသောက်ကုန်များ ရောင်းချမှုမရှိစေရေးအတွက် စစ်ဆေး

ဟုမ္မလင်း နိုဝင်ဘာ ၁၆

ပြည်သူလူထု ကျန်းမာရေးနှင့်အညီ ဝယ်ယူစားသောက်နိုင်ရေး၊ စနစ်တကျ ရောင်းချနိုင်ရေးကိုရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့ပူးပေါင်း၍ ယမန်နေ့က ဟုမ္မလင်းမြို့အတွင်းရှိ စားသောက်ကုန်အရောင်းဆိုင်များ၊ ဆေးဝါးပစ္စည်းဆိုင်များ စိုက်ပျိုးရေးဆေး၊ မြေဆီနှင့် မျိုးစေ့ဆိုင်များ၊ ဆန်ဆိုင်များတွင် သက်တမ်းကုန်ရက်လွန်ဆေးဝါးများနှင့် စားသောက်ကုန်များရောင်းချမှု မရှိစေရေးအတွက် လိုက်လံစစ်ဆေးခဲ့သည်။



ထိုသို့ လိုက်လံစစ်ဆေးရခြင်းမှာ စားသုံးသူပြည်သူများအား သက်တမ်းကုန်ရက်လွန် အစားအစာများ၊ ဆေးဝါးများကြောင့် ဘေးဥပဒ်အန္တရာယ် မဖြစ်စေရန် စစ်ဆေးခြင်းဖြစ်ပြီး အသင့်စားအစာအစာများ၊ ကြာရှည်ခံစည်သွပ်ဘူး၊ အဖျော်ရည်ဘူးများ၊ ဆေးဝါးများကို အဓိကထားစစ်ဆေးခဲ့ပြီး ရောင်းချသူများအား သက်တမ်းကုန်ရက်လွန် ရောင်းချမှုမပြုကြရန် အသိပညာပေးပြောကြားခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိသည့် ပစ္စည်းများကို မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက သိမ်းဆည်းဖျက်ဆီးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)
မြို့နယ်(ပြန်/ဆက်)



စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်ဆိုင်ရာ (မြို့နယ်အဆင့်)ဆင့်ပွားသင်တန်း ဆက်လက်ပို့ချ

စဉ့်ကိုင် နိုဝင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာအလယ်တန်းအဆင့်သင် ဆရာ၊ ဆရာမများအခြေခံပညာအလယ်တန်းအဆင့် စာရိတ္တနှင့် ပြည်သူ့နီတိ ဘာသာရပ်တွင် ပါဝင်သော ဥပဒေဆိုင်ရာသင်ခန်းစာများ (မြို့နယ်အဆင့်)ဆင့်ပွားသင်တန်းကို မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းဌေးနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဒေါ်အေးဇာခြည်ဆင့်တို့က အနီးကပ်ကြီးကြပ်၍ မြို့နယ်အတွင်းရှိ အခြေခံပညာအလယ်တန်းအဆင့်သင် ဆရာ၊ ဆရာမ ၃၅ ဦးအား နည်းပြဆရာ၊ ဆရာမ သုံးဦးတို့က ဆွေးနွေးပို့ချပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)
ကျော်နွာ(စဉ့်ကိုင်)

ပြင်ဦးလွင်မြို့တွင် ငွေသားနှင့် ဘောက်ချာအကူအညီပေးရေးဆိုင်ရာ သင်တန်းဖွင့်လှစ်ပို့ချ

ပြင်ဦးလွင် နိုဝင်ဘာ ၁၆

မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဌာနမှ ကြီးမှူး၍ ငွေသားနှင့် ဘောက်ချာအကူအညီပေးရေးဆိုင်ရာ သင်တန်း (Cash and Voucher Assistance Training) ကို နိုဝင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၌ သုံးရက်ကြာ ဖွင့်လှစ်ပို့ချခဲ့သည်။

အဆိုပါ သင်တန်းကို ငွေသားနှင့် ဘောက်ချာအကူအညီပေးရေး (CVA) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် အခြေခံအသိပညာနှင့် လက်တွေ့ကျွမ်းကျင်မှုများ ရရှိစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

သင်တန်းတွင် CVA ဆိုင်ရာ အဓိကသတ်မှတ်ချက်များနှင့် အခြေခံယူဆချက်များကို နားလည်သဘောပေါက်စေရန်၊ လုပ်ငန်းအကောင်အထည်ဖော်နိုင်ခြေ ရှိ၊ မရှိ လေ့လာသုံးသပ်တတ်စေရန်၊ လုပ်ငန်းဆောင်ရွက်ရာ၌ မဖြစ်မနေပြုလုပ်ရမည့် ဈေးကွက်လေ့လာဆန်းစစ်မှုဆိုင်ရာ အခြေခံများကို သိရှိစေရန်နှင့် CVA လုပ်ငန်းများအတွက် အသေးစိတ်အစီအစဉ်များ ရေးဆွဲနိုင်ရန် သင်ကြားပို့ချခဲ့သည်။

အဆိုပါ သင်တန်းသို့ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ဧရာပြည်တော်တို့မှ ကြက်ခြေနီစေတနာလုပ်အားရှင် စုစုပေါင်း ၃၀ ဦး တက်ရောက်ခဲ့ကြသည်။

ထို့သင်တန်းမှတစ်ဆင့် သင်တန်းသားများအနေဖြင့် ဘေးအန္တရာယ်ကျရောက်သည့် ပြည်သူများကို ငွေသားနှင့် ဘောက်ချာအကူအညီပေးရေး လုပ်ငန်းများကို ပိုမိုထိရောက်စွာ စီမံရေးဆွဲအကောင်အထည်ဖော်နိုင်မည့် အသိပညာနှင့် ကျွမ်းကျင်မှုများ ရရှိစေရန် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

(အောက်ဝဲပုံ)
(၀၇၀)



ကျေးရွာ ငါးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းပြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မိုင်းလား နိုဝင်ဘာ ၁၆

ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက နမ့်ကာကျေးရွာ၊ ၂၄မိုင် ကျေးရွာ၊ ၂၆မိုင်ကျေးရွာ၊ ၂၇မိုင် ကျေးရွာနှင့် ၂၈မိုင်ကျေးရွာတို့၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထို့သို့ စစ်ဆေးရာတွင် မိုင်းလားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေတွ ခရိုင်ဦးစီးမှူး ဦးသက်ညီညီနှင့် တာဝန်ရှိသူများသည် အဆိုပါ ကျေးရွာ ငါးရွာတွင် စီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် စနစ်ကျသော စိုက်ပျိုးရေးလုပ်ငန်း၊ စနစ်ကျသော မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။



ထို့နောက် ခရိုင်ဦးစီးမှူးက ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ လေလွင့်ဆုံးရှုံးမှုမရှိစေရေး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

(အောက်ဝဲပုံ)

အဆိုပါ ကျေးရွာများ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို တစ်ယုနစ် ငွေကျပ်သိန်း ၃၀၀ အား ကျေးရွာ ငါးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အသင်းသား၊ အသင်းသူ စုစုပေါင်း ၇၃ ဦးကို လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၀၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။

စိန်လွင်(ကျေးလက်)

ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ခန္ဓီး နိုဝင်ဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္ဓီးမြို့တွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ ကြီးမှူးကျင်းပသော ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် ခရိုင်ပညာရေးမှူးဖလား ဆောင်းရာသီဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို နိုဝင်ဘာ ၁၅ ရက် မွန်းလွဲ ၃နာရီက ဆက်လက်၍ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့အား ဂုဏ်ပြုဆုငွေများပေးအပ်ကာ စစ်ကြောင်းမှူးက ဦးဆောင်၍ အားကစားသမားများ ကွင်းအတွင်းမှ ထွက်ခွာပြီး ပြိုင်ပွဲကို စတင်ကစားခဲ့သည်။



အဆိုပါ ခရိုင်ပညာရေးမှူးဖလား ဖူဆယ်ဘောလုံးပြိုင်ပွဲကို ခန္ဓီးမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းများမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းတို့က အုပ်စုပတ်လည်စနစ်ဖြင့် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)
မြို့နယ်(ပြန်/ဆက်)

ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈(ကီလိုမီတာ)အတွင်း ယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံး၀) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီး၀ါ)လုံး၀ဖြတ်မမောင်းရ၊ မစီးရ။

မန္တလေးတိုင်းဒေသကြီး
ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

☆ စာမျက်နှာ ၂၄ မှ

ထိုသို့ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားခဲ့သည့် မြို့ရွာများနှင့် ဆက်သွယ်ရေးလမ်းကြောင်းများအား တစ်ခုပြီး တစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်လျက်ရှိပြီး အင်းတော် - ဝန်းသို့ - ကောလင်း လမ်းကြောင်းနှင့် အင်းတော် - မအူကုန်း - ကျောက်တန်း လမ်းကြောင်းပေါ်တွင် ခိုအောင်းနေထိုင်ပြီး အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်သောင်းကျန်းသူများကို တိုက်ခိုက်ချေမှုန်းရှင်းလင်းခဲ့သည့် သတင်းအား ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ဆက်လက်၍ အင်းတော် - ဝန်းသို့ - ကောလင်း လမ်းကြောင်းနှင့် အင်းတော် - မအူကုန်း - ကျောက်တန်း လမ်းကြောင်းပေါ်တွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေသည့် ကျန်ရှိသော အကြမ်းဖက်သောင်းကျန်းသူများနှင့် ၎င်းတို့အခြေပြုစခန်းများအား ရှင်းလင်း တိုက်ခိုက်နိုင်ရေး တပ်မတော် စစ်ကြောင်းများက နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အင်းတော် - ဝန်းသို့ - ကောလင်း လမ်းပိုင်းပေါ်ရှိ တပ်မတော်စစ်ကြောင်းသည် အောက်တိုဘာ ၂၀ ရက်တွင် စကြာမောင်ကျေးရွာအား လည်းကောင်း၊ အောက်တိုဘာ ၂၁ ရက်တွင် ကျီကုန်းကျေးရွာနှင့် ဇီးဖြူကုန်းကျေးရွာအား လည်းကောင်း အသီးသီးပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

အလားတူ အင်းတော် - မအူကုန်း - ကျောက်တန်း လမ်းပိုင်းရှိ တပ်မတော်စစ်ကြောင်းသည် အောက်တိုဘာ ၂၉ ရက်တွင် ညောင်ကုန်းကျေးရွာနှင့် ဘုဓလက်ကျေးရွာအား လည်းကောင်း၊ နိုဝင်ဘာ ၁ ရက်တွင် ပိန္နဲကုန်းကျေးရွာအား လည်းကောင်း၊ နိုဝင်ဘာ ၂ ရက်တွင် ပွိုင့်-၁၈၂ တောင်ကုန်းနှင့် ပွိုင့်-၃၄၄ တောင်ကုန်းအား လည်းကောင်း၊ နိုဝင်ဘာ ၄ ရက်တွင် ဒိုးပင်ကျေးရွာအားလည်းကောင်း ပြန်လည် သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့သည်။

ဆက်လက်၍ အင်းတော် - ဝန်းသို့ - ကောလင်း လမ်းကြောင်းပေါ်ရှိ တပ်မတော်စစ်ကြောင်းနှင့် ပူးပေါင်း၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကိုလည်း ဆက်လက် ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၅ ရက်တွင် ကျန်းတောကျေးရွာနှင့် ပဒုမ္မာကျေးရွာအား လည်းကောင်း၊ နိုဝင်ဘာ ၆ ရက်တွင် မင်းကုန်းကျေးရွာနှင့် ကျောက်တန်းကျေးရွာအားလည်းကောင်း၊ နိုဝင်ဘာ ၇ ရက်တွင် တောင်မော်ကျေးရွာအား လည်းကောင်း အဆင့်ဆင့် အောင်မြင်စွာ ချီတက်ရှင်းလင်း သိမ်းပိုက်နိုင်ခဲ့ပြီး နိုဝင်ဘာ ၈ ရက် ညနေပိုင်းတွင် ဝန်းသို့မြို့သို့ အောင်မြင်စွာ ရောက်ရှိခဲ့ရာ တပ်မတော် စစ်ကြောင်းများအား ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုခဲ့ကြသည်။

ယင်းနောက် တပ်မတော် စစ်ကြောင်းများက ဝန်းသို့ - ကောလင်း - ကျွန်းလှ - ကန့်ဘလူ လမ်းကြောင်းနှင့် ကျောက်တန်းကျေးရွာတို့၌ စနစ်တကျ ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ခဲ့ပြီး စစ်ကြောင်းများ ခွဲ၍ နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို ဟန်ချက်ညီညီ ဆက်လက် ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၁ ရက်တွင် ကောလင်းမြို့သို့လည်း သူများအား ရှင်းလင်းတိုက်ခိုက် ချေမှုန်းနိုင်ရေးအတွက် ဝန်းသို့မြို့နှင့် ကျောက်တန်းကျေးရွာတို့၌ စနစ်တကျ ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ခဲ့ပြီး စစ်ကြောင်းများ ခွဲ၍ နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို ဟန်ချက်ညီညီ ဆက်လက် ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၁ ရက်တွင် ကောလင်းမြို့သို့လည်း ကောင်း၊ နိုဝင်ဘာ ၁၂ ရက်တွင် ဝါးရုံခုကျေးရွာ၊ ကုက္ကိုလ်ကုန်းကျေးရွာနှင့် ညောင်ကုန်းကျေးရွာတို့အားလည်းကောင်း၊ နိုဝင်ဘာ ၁၃ ရက်တွင် သင်တောကျေးရွာနှင့် ဥတုံးပင်ကျေးရွာတို့အား လည်းကောင်း အဆင့်ဆင့်ရှင်းလင်း တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

တပ်မတော် စစ်ကြောင်းများ အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် အဆိုပါ လမ်းကြောင်းများနှင့် ကျေးရွာများအား ပြန်လည် သိမ်းပိုက်ရရှိရေး မိမိတို့၏

❐ စာမျက်နှာ ၂၁ သို့



တပ်မတော်စစ်ကြောင်းများက ဝန်းသို့ - ကောလင်း - ကျွန်းလှ - ကန့်ဘလူလမ်းကြောင်းနှင့် ကျောက်တန်း - စပွါယိန်းသာ လမ်းကြောင်းများပေါ်ရှိ အကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းများအား ရှင်းလင်းတိုက်ခိုက်။



တပ်မတော်စစ်ကြောင်းများက ဝန်းသို့မြို့သို့ရောက်ရှိစဉ် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဝမ်းမြောက်ဝမ်းသာ သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။



တပ်မတော်စစ်ကြောင်းများက အင်းတော် - မအူကုန်း - ကျောက်တန်း လမ်းကြောင်းပေါ်မှ အကြမ်းဖက်အဖွဲ့များ၏ စစ်စခန်းအဖြစ်အသုံးပြုခဲ့သည့် ညောင်ကုန်းကျေးရွာအား ရှင်းလင်း သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အင်းတော် - မအူကုန်း - ကျောက်တန်း လမ်းကြောင်းပေါ်မှ အကြမ်းဖက်အဖွဲ့များ၏ စစ်စခန်းအဖြစ်အသုံးပြုခဲ့သည့် ဘုဓလက်ကျေးရွာအား ရှင်းလင်း သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



ပိန္နဲကုန်းကျေးရွာအနီး အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် ဗိုင်းများ၊ ဆက်စပ်ပစ္စည်းများနှင့် အသုံးအဆောင်များကို တွေ့ရစဉ်။



မအူကုန်းကျေးရွာအနီး အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်း၊ ဗိုင်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်း၊ ဗိုင်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



ပိန္နဲကုန်းရွာအနီး



ဥတုံးပင်ရွာအနီး



အင်းတော် - ဝန်းသို့ - ကောလင်း - ကျွန်းလှ - ကန့်ဘလူလမ်းကြောင်းနှင့် အင်းတော် - ကျောက်တန်း - စပွါယိန်းသာ လမ်းကြောင်းများပေါ်ရှိ ကျေးရွာများနှင့် ဝန်းကျင်နေရာများတွင် အကြမ်းဖက်အဖွဲ့များက ဘန်ကာများ၊ ပစ်ကျင်းများ၊ ခံစစ်ကျင်းများတူး၍ စစ်စခန်းအဖြစ် အသုံးပြုထားပုံ။

ကိုးတောင်ဘို့ကျေးရွာအနီး အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် ဗိုင်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်၊ ချမ်းအေးသာစံနှင့် ပုသိမ်ကြီးမြို့နယ်တို့၌ သေနတ်ပစ်ခတ်လုယက်၍ အမျိုးသားသုံးဦးအား သတ်ဖြတ်မှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားတစ်ဦး သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



တပ်မတော်စစ်ကြောင်းများက အင်းတော် - မအူကုန်း-ကျောက်တန်း လမ်းကြောင်းပေါ်မှ အကြမ်းဖက်အဖွဲ့များ၏ စစ်ဆန်းအဖြစ်အသုံးပြုခဲ့သည့် အိုက်မရွာသစ်ကျေးရွာအား ရှင်းလင်းသိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်၊ ချမ်းအေးသာစံနှင့် ပုသိမ်ကြီးမြို့နယ်တို့၌ သေနတ်ဖြင့်ပစ်ခတ်လုယက်၍ အမျိုးသားသုံးဦးအား သတ်ဖြတ်မှုကျူးလွန်ခဲ့သူ တရားခံ နေလင်းအောင် (၂၇) နှစ် (ဘ)ဦးကျော်ဆန်းအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် နိုဝင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်၊ ချမ်းအေးသာစံနှင့် ပုသိမ်ကြီးမြို့နယ်တို့၌ သေနတ်ဖြင့် ပစ်ခတ်၍ လုယက်မှုနှင့် လုသတ်မှုများ ကျူးလွန်ခဲ့သဖြင့် သက်ဆိုင်ရာရဲစခန်းတွင် အမှုခြောက်မှုဖြင့် အမှုဖွင့်လှစ်ထားသူ တရားခံ နေလင်းအောင်အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး အလားတူ ပြစ်မှုများ ထပ်မံကျူးလွန်ထားခြင်းရှိ/မရှိ အသေးစိတ်စစ်ဆေးလျက်ရှိကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၆ ရက် ညနေ ၆ နာရီ မိနစ် ၂၀ တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက် ၅၈ လမ်း၊ ၁၁၃ လမ်းနှင့် ၁၁၄ လမ်းကြားရှိ "ရှိုင်း" Baby Store ဆိုင်၌ အမျိုးသားတစ်ဦးရောက်ရှိလာပြီး သေနတ်ပြဒြိမ်းခြောက်၍ သေနတ်တစ်ချက် ပစ်ဖောက်ကာ ငွေကျပ်ငါးသိန်း လုယက်ယူဆောင်သွားခဲ့ကြောင်း သတင်းအရ အောင်ပင်လယ် နယ်မြေရဲစခန်း (၀၁၁၆၅/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၅ ဖြင့်လည်းကောင်း။

နိုဝင်ဘာ ၄ ရက် ညနေ ၆ နာရီ မိနစ် ၂၀ ခန့်တွင် ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက် ၅၈ လမ်း၊ ၃၂ လမ်းနှင့် ၃၂ လမ်း(A) လမ်းကြားရှိ Lwin Mobile Phone အရောင်းဆိုင်မှ ဝန်ထမ်းများအား သေနတ်ပြဒြိမ်းခြောက်၍ သေနတ်နှစ်ချက် ပစ်ဖောက်ကာ မှန်ကောင်တာအား ရိုက်ခွဲ၍ လက်ကိုင်ဖုန်းမျိုးစုံ ငါးလုံး လုယက် ယူဆောင်သွားခဲ့သဖြင့် ချမ်းအေးသာစံမြို့နယ် အမှတ်(၃) နယ်မြေရဲစခန်း (၀)၁၁၇/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၅ ဖြင့်လည်းကောင်း။

နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ကျေးရွာ ကားလမ်းဘေးရှိ "ထာဝရ"ဖုန်းဆိုင်၌ သေနတ်ပြ ဒြိမ်းခြောက်၍ ငွေတောင်းခံရာ မရရှိသဖြင့် ဆိုင်ပိုင်ရှင်ဖြစ်သူ ကိုအောင်မျိုးသန့် (၃၇)နှစ်ကို သေနတ်ဖြင့် နှစ်ချက်ပစ်ခတ်ခဲ့ရာ ကိုအောင်မျိုးသန့်တွင် ဦးခေါင်းကျည်ထိမှန် ဒဏ်ရာရရှိသေဆုံးခဲ့ပြီး တရားခံမှ ၎င်းစီးနင်းလာသည့် ဆိုင်ကယ်ဖြင့် လိနိပင်ကျေးရွာဘက်သို့ ထွက်ပြေး သွားခဲ့သဖြင့် ကိုအောင်မျိုးသန့်၏ ဦးလေးဖြစ်သူ ကိုမောင်(၁) မိုးကျော်အောင် (၄၇)နှစ်နှင့် ဦးပေလုံး(၁)မင်းလွင် (၅၅)နှစ်တို့ နှစ်ဦးက တရားခံ၏နောက်သို့ MDY-12 2E-5457 Toyota Crown ယာဉ်ဖြင့် လိုက်ပါသွားခဲ့ရာ လိနိပင်ကျေးရွာ ရွာလယ်လမ်း အရောက်၌ အဆိုပါအမျိုးသားက ၎င်းစီးလာသည့် ဆိုင်ကယ်အား မော်တော်ယာဉ်ရှေ့သို့ ထိုးရုပ်၍ သေနတ်ဖြင့် ထပ်မံပစ်ခတ်ခဲ့ပြီး ယာဉ်ရှေ့ခန်းအတွင်းသို့ MG-1 လက်ပစ်ဗုံးတစ်လုံးအား ပစ်ပေါက်ခဲ့ရာ လက်ပစ်ဗုံးမှာ ပေါက်ကွဲခဲ့ခြင်းမရှိဘဲ သေနတ်ဖြင့် ပစ်ခတ်ခံရမှုကြောင့် ကိုမောင်(၁) မိုးကျော်အောင်နှင့် ဦးပေလုံး(၁)မင်းလွင် တို့နှစ်ဦးတွင် ခန္ဓာကိုယ် ကျည်ဖောက်ဝင် ဒဏ်ရာများ ရရှိကာ သေဆုံးသွားခဲ့သဖြင့် ပုသိမ်ကြီးမြို့မရဲစခန်း (၀)၂၄၆၊ ၂၄၈ /၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့်လည်းကောင်း။

နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ပုသိမ်ကြီးမြို့နယ် လိနိပင်ကျေးရွာ ရွာလယ်လမ်း အနီးနေသူ မထက်ယုယုအောင် (၃၆)နှစ်၏နေအိမ်၌ သေနတ်ဖြင့်ခြိမ်းခြောက်၍ ၄၅ယ/၇၇၂၄၉ DAYANG ခဲ/နက်ရောင်ဆိုင်ကယ်အား လုယက်ယူဆောင်ခဲ့ပြီး ရေကြည်ကျေးရွာဘက်သို့ ဆက်လက်မောင်းနှင် ထွက်ပြေးသွားသဖြင့် ပုသိမ်ကြီးမြို့မရဲစခန်း (၀)၂၄၉/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့်လည်းကောင်း။

နိုဝင်ဘာ ၅ ရက် ညနေ ၄ နာရီတွင် ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ကျေးရွာရှိ မဒူးမြတ်နိုး (၁၉)နှစ်ပိုင်ဆိုင်သည့် "အထင်ကရ" ကုန်စုံဆိုင်၌ သေနတ်ဖြင့် ခြိမ်းခြောက်၍ ငွေကျပ် သိန်း ၄၀ လုယက်ယူဆောင်ကာ သေနတ်တစ်ချက်ပစ်ဖောက်၍ ထွက်ခွာသွားခဲ့သဖြင့် ပုသိမ်ကြီးမြို့မရဲစခန်း (၀)၂၄၇/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့်လည်းကောင်း သက်ဆိုင်ရာရဲစခန်းများ၌ အမှုအသီးသီး ရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူ တရားခံအား ဖမ်းဆီးနိုင်ရေးစုံစမ်းဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အမှုများ ကျူးလွန်ခဲ့သူ တရားခံ နေလင်းအောင်အား ဖမ်းဆီးရမိနိုင်ရေး စဉ်ဆက်မပြတ် ဆက်လက် ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၆ ရက် နံနက် ၁၁ နာရီတွင် ပုသိမ်ကြီးမြို့နယ် ရှင်တော်ကုန်းကျေးရွာ အုပ်စု လိနိပင်ကျေးရွာ အရှေ့ဘက်စိုက်/မွေး သိပ္ပံကျောင်း၏ တောင်ဘက် သရက်ခြံတော အတွင်းရှိ လျှိုအတွင်း၌ ပုသိမ်ကြီးမြို့နယ် အရှေ့ကန်ကောက် ရပ်ကွက်နေ တရားခံ နေလင်းအောင် (၂၇)နှစ် (ဘ)ဦးကျော်ဆန်းအား ပြစ်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သည့် ZORAKI M 906-T အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်တစ်တောင့်၊ လက်ကိုင်ဖုန်း နှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

❐ စာမျက်နှာ ၂၀ မှ

အသက်ကိုပဓာနမထားဘဲ ရင်ကို မြေကတုတ်လုပ်၍ ရွပ်ရွပ်ခွဲခွဲ တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက် သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/ငယ် ထိတွေ့မှု စုစုပေါင်း ၂၉ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူထံမှ အလောင်း ၁၃ လောင်း၊ လက်နက်မျိုးစုံ ၁၁ လက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ၊ ပစ်ကျင်းများ၊ ဘန်ကာများ၊ လူနေတဲများ၊ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရာ တွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ သောင်းကျန်းသူများ၏ ပြောက်ကျားဝတ်စုံများ၊ ကျည်ကာအင်္ကျီ၊ ယာယီဆေးကုသသည့် နေရာနှင့် ဆေးပစ္စည်းများ၊ အခြားအသုံးအဆောင် ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် အဆိုပါ ဒေသတစ်ဝိုက်အား ယာယီစိုးမိုး ထားစဉ်အတွင်း ကျေးရွာများ အတွင်း ဆက်သွယ်ရေးမြောင်း များတူးပြီး ပြည်သူလူထုနေအိမ် များနှင့် ခြံစည်းရိုးများတွင် ဘန်ကာ များပြုလုပ်ကာ အခိုင်အမာခံ စစ်ဆင်၍ အဖျက်အမှောင့်လုပ်ငန်း များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့ကြသည်ကို တွေ့ရှိရ သည်။ ထို့ပြင် ဆက်သွယ်ရေး လမ်းကြောင်းများကို ပိတ်ဆို့၍ အဆိုပါ လမ်းကြောင်းပေါ်၌ သွားလာလျက်ရှိသော ခရီးသွား မော်တော်ယာဉ်များနှင့် ကုန်တင် ယာဉ်များအား ဆက်ကြေးကောက် ခြင်း၊ ဖမ်းဆီးနှိပ်စက်သတ်ဖြတ် ခြင်း၊ အတင်းအဓမ္မ လူသစ် စုဆောင်းခြင်းများကို လုပ်ဆောင် ခဲ့ကြရာဒေသတွင်း ကုန်စည်စီးဆင်း မှုများ နှောင့်နှေးခဲ့ရပြီး ကုန်ဈေးနှုန်း များ ကြီးမြင့်ကာ ပြည်သူလူထု အနေဖြင့်လည်း လူမှုစီးပွားဘဝ များ အဘက်ဘက်မှ နိမ့်ပါးခဲ့ရ သည်။

ဆက်လက်၍ တပ်မတော် စစ်ကြောင်းများအနေဖြင့် အဆိုပါ လမ်းကြောင်းများအား အမြန်ဆုံး ပြန်လည် ထိန်းချုပ်ဖွင့်လှစ်နိုင်ရေး၊ အဆိုပါ လမ်းကြောင်းများ တစ်လျှောက် ခိုအောင်းနေထိုင်ပြီး အဖျက်အမှောင့် လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက် သောင်းကျန်းသူများအား ရှင်းလင်းတိုက်ခိုက် ချေမှုန်းနိုင် ရေးအတွက် လိုအပ်သည့် နယ်မြေ လုံခြုံရေးလုပ်ငန်းများကို ဒေသခံ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အရှိန်အဟုန်မြှင့် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

သတင်းစဉ်

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၆

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရား များအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၄၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ်အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရား များဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစား အလိုက်ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက် ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၇ လုံး စုစုပေါင်း အဆောက်အအုံ ၁၁ လုံးတို့ကို စနစ်တကျဖြိုချဖျက်ဆီး ခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့် တရားမဝင်အဆောက်အအုံ ၅၂ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက် စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု။

အမျှားသိစေရန် သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၉၀၊ ၃၄လမ်းနှင့် ၃၅လမ်းကြားတွင် နေထိုင်သော ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ရွှေဇင်သိမ့်(ဘ)ဦးမောင်မောင်ကြည်(၉/ခမစ(နိုင်)၀၁၉၀၃၆)ကိုင်ဆောင်သူ၏ လွဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်ရွှေဇင်သိမ့်သည် ''ရွှေချစ်''စိန်ရွှေရတနာဆိုင်နှင့် ''ရွှေ''အထည်ဆိုင်များကို ကောင်းမွန်သော ဂုဏ်သတင်းဖြင့် ဖွင့်လှစ်လုပ်ကိုင်သူတစ်ဦးဖြစ်ပါသည်။ ၄င်းနေထိုင်သည့် ပတ်ဝန်းကျင်တွင်လည်းကောင်း၊ လူမှုရေးနယ်ပယ်တွင်လည်းကောင်း၊ စီးပွားရေးနယ်ပယ်တွင်လည်းကောင်း၊ နာမည်ပျက်မရှိဘဲ ကောင်းမွန်သော နာမည်ဂုဏ်သတင်းဖြင့် ဂုဏ်သိက္ခာရှိစွာနေထိုင်သူဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ရွှေဇင်သိမ့်ကိုဖြစ်စေ၊ ၄င်းဖွင့်လှစ်လုပ်ကိုင်လျှက်ရှိသော ''ရွှေချစ်''စိန်ရွှေရတနာဆိုင်နှင့် ''ရွှေ''အထည်ဆိုင်များနှင့်ပတ်သက်၍ဖြစ်စေ ဂုဏ်သိက္ခာကို ထိပါးကျဆင်းစေသည့် အပြုအမူများ၊ အပြောအဆိုများကို မည်သူမဆို ၄င်းနေထိုင်ရာပတ်ဝန်းကျင်တွင်လည်းကောင်း၊ လူမှုရေးနယ်ပယ်တွင်လည်းကောင်း၊ စီးပွားရေးနယ်ပယ်တွင်လည်းကောင်း၊ လူမှုကွန်ယက်ဖြစ်သော Facebook, TikTok, Telegram, Wechat အစရှိသည့် ဆိုရှယ်မီဒီယာများမှတဆင့် မဟုတ်မမှန်သောသတင်းများ ရေးသားပြောဆိုခြင်း၊ ဖြန့်ဝေခြင်း၊ မျှဝေခြင်း၊ ဆက်သွယ်ရေး ကွန်ယက်တစ်ခုခုအား အသုံးပြု၍ လူမှုကွန်ယက်အသိုင်းအိုင်းများပေါ်တွင် မဟုတ်မမှန်ပြောဆို အသရေဖျက်ခြင်းများကို တွေ့ရှိရပါသည်။ ယခုသတင်းစာ ကြေညာသည့်နေ့မှစ၍ အဆိုပါ ဂုဏ်သိက္ခာကို ထိပါးကျဆင်းစေသည့် မဟုတ်မမှန် အသရေဖျက်ပြောဆိုခြင်းများကို ထပ်မံတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ- **ဒေါ်ရွှေဇင်သိမ့်** လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်မင်းဦး (LL.B) **ဦးသျှိုင်းလင်းထက်** (LL.B) **ဒေါ်ကေစင်ဝင်း** (LL.B)

တရားလွှတ်တော်ရှေ့နေများ

ဒေါ်ခင်မာဝေ (LL.B) **ဦးအောင်ကိုကိုထွန်း** (LL.B)

ဦးအောင်ကြူး (LL.B) **ဒေါ်အိမ့်ဆိမ့်သက်** (LL.B)

အထက်တန်းရှေ့နေများ

ဖုန်း ၀၉-၅၁၇၆၈၉၀၊ ၀၉-၉၆၀၀၀၀၁၅

ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မ၀-၂)၊ ဦးပိုင်အမှတ်(၃၉)၊ ၅၂လမ်းနှင့် ၁၁ လမ်းကြား၊ ၁၁၅လမ်းနှင့် ၁၁၆ လမ်းကြား မြေကွက်အား တောဂရန်အမှတ်(၃၇၄၁/၉၂-၉၃)အရ ဦးနေဝင်း မှတ်ပုံတင်အမှတ်(၅/မရန(နိုင်)၁၃၈၄၈၂) အမည်ပေါက်သို့ မြေရာဇင်(၁-က)မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဒေါ်စုစုဖြိုး မှတ်ပုံတင်အမှတ်(၉/ခမစ(နိုင်)၀၃၀၀၆၆)မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဥနာသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြမီးကိုန်းနှင့်မြေမိမခ၊ ခုံမှူဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၅)၊ ဦးပိုင်အမှတ်(၂၄)ခဲစင်း၊ မြေကွက်ပေါ်တွင် ဦးဌေးဝေ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၈/မမန(နိုင်)၁၈၀၃၁၉)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်(၁၅၈)၊ ဦးပိုင်အမှတ်(၂-ဇ)၊ ၈၂လမ်းနှင့် ၈၃လမ်းကြား၊ ၂၁လမ်းနှင့် ၂၂လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ခင်မမ(၉/မရမ(နိုင်)၀၅၆၄၆၂)၊ ဦးသိန်းစော်ဦး(၉/မရမ(နိုင်)၀၀၄၉၆၂)၊ ဒေါ်သခင်ထွေးဦး(၉/မရမ(နိုင်)၀၈၃၈၁၂)တို့က အမည်ပေါက်မြေပုံတင်ပြု၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြမီးကိုန်းနှင့်မြေမိမခ၊ ခုံမှူဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်(၁၅၈)၊ ဦးပိုင်အမှတ်(၂-ဈ)၊ ၈၂လမ်းနှင့် ၈၃လမ်းကြား၊ ၂၁လမ်းနှင့် ၂၂လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ခင်မမ(၉/မရမ(နိုင်)၀၅၆၄၆၂)၊ ဦးသိန်းစော်ဦး(၉/မရမ(နိုင်)၀၀၄၉၆၂)၊ ဒေါ်သခင်ထွေးဦး(၉/မရမ(နိုင်)၀၈၃၈၁၂)တို့က အမည်ပေါက်မြေပုံတင်ပြု၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြမီးကိုန်းနှင့်မြေမိမခ၊ ခုံမှူဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(၀၀-၁၉)၊ ဦးပိုင်အမှတ်(၇၆)၊ ၆ဝလမ်းနှင့် ၆၄လမ်းကြား၊ ၁၃၅ လမ်းနှင့် ၁၃၆လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးသန်းစိန်ကျယ်လွန်၍ ကျန်ရစ်သူခရီး ဒေါ်မာလာမြင့်(၉/မနတ(နိုင်)၀၀၆၆၉၀)က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြမီးကိုန်းနှင့်မြေမိမခ၊ ခုံမှူဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကဉ္စနာမဟိုရပ်ကွက်၊ အကွက်အမှတ်(၆၂၅)၊ ဦးပိုင်အမှတ်(၁၆)၊ ၇၆လမ်း၊ လမ်း၃၀နှင့် ၃၁လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်သန်းသန်းစိန်(၅/ဟမလ(နိုင်)၀၁၁၅၆၈)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၅၇၀/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသိန်းထွေး(၁၃/နဆန(နိုင်)၀၃၅၈၁၃)က အမည်ပေါက်မြေပုံတင်ပြု၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြမီးကိုန်းနှင့်မြေမိမခ၊ ခုံမှူဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ မောရင်ဂါရပ်ကွက်၊ အကွက်အမှတ်(၆၈၂)၊ ဦးပိုင်အမှတ်(၂၃-က+၂၄-ဃ+၂၄-ခ)၊ ၃၅လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြားရှိ ဒေါ်သန်းသန်းနွဲ့အမည်ပေါက် ဘိုးဘမြေကွက်အား၊ အမွေဆက်ခံစာချုပ်အမှတ်(၂၀၀၉/၂၀၂၆)ဖြင့် အမွေဆက်ခံခဲ့ကြသည့် ဦးမိုးမြင့်သာ(၉/အမဇ(နိုင်)၀၃၆၈၉၀)၊ ဒေါ်ဆုပြည့်သာ(၉/အမဇ(နိုင်)၀၃၆၈၉၁)တို့က အမည်ပေါက်မြေပုံတင်ပြု၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြမီးကိုန်းနှင့်မြေမိမခ၊ ခုံမှူဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၅၈)(၂)၊ ဦးပိုင်အမှတ်(၃)၊ ၃၇လမ်း၊ ၅၉လမ်းနှင့် လမ်း၆၀ကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးချို(ခ)ဂျက်ဒခရိုရှင်း(၉/မမန(နိုင်)၀၁၇၂၄၃)က ဂရန်စာချုပ်တင်ပြု၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြမီးကိုန်းနှင့်မြေမိမခ၊ ခုံမှူဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမွေတီရပ်ကွက်၊ အကွက်အမှတ်(၄၈၇)၊ ဦးပိုင်အမှတ်(၃-ခ)၊ ၈၆လမ်း၊ မနံးပြိုတော်ကဒေးတောင်ဘက်အနီးရှိ မဒန်ကာအမည်ပေါက်ဘိုးဘမြေကွက်အား၊ အမွေဆက်ခံစာချုပ်အမှတ်(၁၄၉၈/၂၀၀၀)ဖြင့် ဒေါ်မေ(ခ)လှမေ ပါ-၆ဦးက ဦးဆိုင်ခဲ့ပြီး၊ ၄င်းတို့အနက် ဒေါ်မေ(ခ)လှမေ ပါ-၅ဦးထံမှ ဇွန်လွတ်စာချုပ်အမှတ်(၁၅၁၁/၂၀၀၀)ဖြင့် ဒေါ်ခင်မောဂဦးဆိုင်ခဲ့ပြီး၊ ၄င်းကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၉၇၆/၂၀၁၈)ဖြင့် ဦးတင်ဦး ပါ-၈ဦးက ဦးဆိုင်ခဲ့ပါသည်။ ဦးတင်ဦး ပါ-၃ဦးထံမှ ဇွန်လွတ်စာချုပ်အမှတ်(၉၇၇/၂၀၁၈)ဖြင့် ဒေါ်ပြုးပြုး ပါ-၅ဦးက ဦးဆိုင်ခဲ့ပါသည်။ ၄င်းတို့အနက် ဒေါ်ပြုးပြုး(အမြို ဘဝ)၊ ဒေါ်မိမိရီ(အမြို ဘဝ)တို့ကွယ်လွန်၍ ကျန်ရစ်သူများဖြစ်ကြသော ဒေါ်နိုင်နိုင်မော်(၉/မရတ(နိုင်)၀၄၉၀၄၄)၊ ဒေါ်သန္တာဇင်(၉/မရတ(နိုင်)၀၄၉၀၅၁)၊ ဦးထိန်လင်း(၉/မရတ(နိုင်)၀၄၉၀၄၃)တို့က အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြမီးကိုန်းနှင့်မြေမိမခ၊ ခုံမှူဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၅၈၈-ဂ/D)၊ ဦးပိုင်အမှတ်(၂၆)၊ ၁၄၆(ဒီ)လမ်းနှင့် ၁၄၆ (အီ) လမ်းကြား၊ ၆၇လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးထွေဝင့်ဆောင်၊ ဒေါ်အမာတို့ (၂)ဦးအနက် ဦးထွေဝင့်ဆောင်၏ (GP ရှိရှည့) ဒေါ်မေရင်(ခ)သန်းသန်းဆေး)ထံမှ ဇွန့်လွတ်စာချုပ်အမှတ်(၂၈/၂၀၁၁)ဖြင့် လက်ခံခဲ့သူ ဒေါ်အမာ(၉/ဝတန(နိုင်)၁၀၀၁၂၀)က အမွေတွဲအမှတ်(၃၅၀၃/၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြမီးကိုန်းနှင့်မြေမိမခ၊ ခုံမှူဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်(၁၂၉)၊ ဦးပိုင်အမှတ်(၂-က)ခဲစင်း၊ ၁၈လမ်းနှင့် ၁၉လမ်းကြား၊ ၈၇လမ်းနှင့် ၈၈လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်သန်းသန်း(ခ)ဒေါ်သန်း(၉/မနမ(နိုင်)၀၅၁၇၀၂)က အမည်ပေါက်မြေပုံတင်ပြု၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြမီးကိုန်းနှင့်မြေမိမခ၊ ခုံမှူဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(၈-ဇ၆)၊ ဦးပိုင်အမှတ်(၆-ခ)၊ ၁၁၄လမ်း၊ ၅၆လမ်းနှင့် ၅၇လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးအောင်ထွန်း(ခ)အောင်အောင်(၉/မနမ(ဧည့်)၀၀၀၀၄၂)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၇၇၀၆/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ဇင်ဦး(၅/စကန(နိုင်)၂၁၈၄၀၃)က ၁၀၀၀ ပေသွေးပြေစာ၊ တောဂရန်ကိုတင်ပြု၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြမီးကိုန်းနှင့်မြေမိမခ၊ ခုံမှူဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၉)၊ ဦးပိုင်အမှတ်(၁၀၄)၊ ၅၄လမ်းနှင့် ၅၅လမ်းကြား၊ ၁၁၁လမ်းနှင့် ၁၁၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်မြင့်(၉/အမရ(နိုင်)၁၂၈၆၁၉)က ဂရန်စာချုပ်တင်ပြု၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြမီးကိုန်းနှင့်မြေမိမခ၊ ခုံမှူဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(၁၉)၊ ဦးပိုင်အမှတ်(၁၅)၊ ၁၀၄လမ်း၊ ၅၁လမ်းနှင့် ၀ရံတော်ရောင်းကြားရှိ ဦးဇော်ဝင်းအမည်ပေါက် တောဂရန်မြေကွက်အား၊ တရားလို ဦးဇော်မင်းမိုး(ခ)ဦးဇော်မင်းဦးက တရားပြိုင် ဦးဇော်ဝင်းအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်၊ တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၃၁/၂၀၂၆)ဖြင့် တရားခွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးဇော်မင်းမိုး(ခ)ဇော်မင်းဦး(၉/မနမ(နိုင်)၀၁၄၂၂၈)က ၄၀၀၀ပိ/ဧသွင်းပြေစာ၊ တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြု၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြမီးကိုန်းနှင့်မြေမိမခ၊ ခုံမှူဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်(၄၇၈)၊ ဦးပိုင်အမှတ်(၅-က+၆)၊ ဧရိယာ(၀ ဒသမ ၀၃၂၇ + ၀ ဒသမ ၀၅၀၆)ဧက အကျယ်အဝန်းရှိ ဦးလှအောင်အမည်ပေါက် ဘိုးဘပိုင်မြေကွက်များအတွင်းမှ (တောင်ဘက်ခြမ်း)တောင်မြောက် မျက်နှာစာ(၂၂)ပေ၊ နောက်ဖျားပိုင်းတောင်မြောက်(၂၁)ပေ၊ အရှေ့အနောက် အရှည်(၉၈)ပေ အကျယ်အဝန်းရှိမြေကွက်ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၇၂၅/၂၀၀၂)ဖြင့် တရားဝင် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးဘရီ(ဘ)ဦးဂေါရာ(၉/မရတ(နိုင်)၀၄၈၀၆၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

လွှဲအပ်ချက်အရ-

ဦးထွန်းနိုင်ဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ

၃၅လမ်းနှင့် ၃၆လမ်းကြား၊ လမ်း၈၀နှင့် ၈၁လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၄၀၂၆၇၄၇၅၆

အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါ်နဘွားရပ်ကွက်၊ အကွက်အမှတ်(၄၃)၊ ဦးပိုင်အမှတ်(၃)၊ ဧရိယာ(၀ ဒသမ ၀၂၆၄)ဧက အကျယ်အဝန်းရှိ ဦးညွှန့်အောင်အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (ရေ+မီး)အစုံ အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၁၄/၂၀၁၂)ဖြင့် ဒေါ်သဲနုဝါမှ ဝယ်ယူပိုင်ဆိုင်ကာ ၄င်းကွယ်လွန်သွားသဖြင့် ၄င်း၏ခင်ပွန်းမှ လက်ရှိပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးမျိုးဝဏ္ဏ(ဘ)ဦးသန်းထွန်း(၉/ညဥန(နိုင်)၁၄၉၄၈၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

လွှဲအပ်ချက်အရ-

ဦးထွန်းနိုင်ဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ

၃၅လမ်းနှင့် ၃၆လမ်းကြား၊ လမ်း၈၀နှင့် ၈၁လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၄၀၂၆၇၄၇၅၆

ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦးဘုန်းတော်ကြီးသင်ပညာရေး အထက်တန်းကျောင်း Grade-10(A) မှ မောင်ရဲရင့်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးအိုက်နိုင်ဖြစ်ပါကြောင်း။

ဦးအိုက်နိုင်

အမည်မှန်

(ဘ)ဦးကျော်မင်းထက်၏ သမီး မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ Intelligent Private School၊ Grade-6 မှ မအိမ့်သံဇဉ်ချို၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် မွေးဖွားစာရင်းအရ မအိမ့်သံစဉ်ချိုဖြစ်ပါသည်။

မအိမ့်သံစဉ်ချို

သက်ဆိုင်သူနှင့် အများသိစေရန် ကြေညာခြင်း

ဦးထက်ဇော်အောင်(ဘ)ဦးညွှန့်သောင်းနှင့် ကျွန်မ ဒေါ်တင်တင်အောင်(ဘ)ဦးအောင်သန်းလေး(၉/ပသက(နိုင်)၁၈၀၅၈၀)ကိုင်ဆောင်သူတို့သည် (၂၀၁၉)ခုနှစ်က တရားဝင် အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ပြီး သား- စိုင်းဝဏ္ဏအောင် (၁)နှစ်ခွဲသားတစ်ဦး ထွန်းကားခဲ့ပါသည်။ လွန်ခဲ့သော (၁)နှစ်ခန့်က လင်မယားစကားများပြီး အိမ်မှ ဦးထက်ဇော်အောင် ဆင်းသွားခဲ့ပါသည်။ ထိုနေ့မှစ၍ ၄င်းမှ ဖုန်းများစက်ပိတ်၍ ကျွန်မနှင့် သားငယ်တို့အား ဆက်သွယ်ထောက်ပုံခြင်းမလုပ်တော့ဘဲ နေထိုင်ခဲ့ပါသည်။ ယခုအခါ ဦးထက်ဇော်အောင်မှ အခြားမိန်းမတစ်ဦးနှင့် ပတ်သက်နေကြောင်း FaceBookတွင်လည်း ပုံနှင့်တကွ ၄င်းနှင့်အမျိုးသမီးတို့အား တွေ့ရှိရသည်ဖြစ်၍ ကျွန်မမှ ဦးထက်ဇော်အောင်အား ကွာရှင်းပေးရန် ၄င်း၏ အပေါင်းအသင်းမိတ်ဆွေ ဆွေမျိုးများမှတစ်ဆင့် ပြောဆိုသော်လည်း ကွာရှင်းမပေးနိုင်ကြောင်းသာ အကြောင်းပြန်ကြားခဲ့ပါသည်။ သို့ဖြစ်၍ ၄င်း၏လုပ်ရပ်အား ကျွန်မမှ ခွင့်မလွှတ်နိုင်ပါသဖြင့် ၄င်းနှင့်ပတ်သက်သည့် ပြဿနာများဖြစ်လာပါက ကျွန်မမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးအပ်ပါသည်။

ဒေါ်တင်တင်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်နှင်းအိအိချော

တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၁၉)

အမရဌာနီအနောက်၊ မြောက်ပြင်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၉၉၄၁၅၇၅၃၊ ၀၉-၇၆၀၆၄၄၅၅၅

အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်၊ အကွက်အမှတ်(၄-၁၅)၊ ဦးပိုင်အမှတ်(၈၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဗိုလ်ကြီး ငွေစိုး(ငြိမ်း)အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၂)ထပ်အဆောက်အဦး(ရေ+မီး)နှင့် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်၊ အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်သီတာမြင့်(ဘ)ဦးကျော်မြင့်(၉/ပသက(နိုင်)၀၉၁၀၇၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အဆုံးအပိုင်လက်ရောက် လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်ပါသဖြင့် ရောင်းကြေးစရန်ငွေအချို့အဝက်ကို ပေးချေထားခဲ့ပြီးဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက် ရောင်းဝယ်ခြင်းကိစ္စအပေါ် ကန့်ကွက်ရန်ရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားပြုသည့် စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မထွန်း LL.B; H.G.P; B.A(Hist) — **ဦးပြည့်စုံအောင် (LL.B)**

တရားလွှတ်တော်ရှေ့နေ — **အထက်တန်းရှေ့နေ**

အမှတ်(I-8)၊ ၃၀(A)လမ်း၊ ၆၅လမ်းနှင့် ၆၆လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၀၄၇၁၀၊ ၀၉-၇၉၅၁၉၄၄၅၀။

အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁၅)၊ ဦးပိုင်အမှတ်(၇၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးစည်သူထွန်း(ဘ)ဦးဝင်းဆွေ(၉/စကတ(နိုင်)၀၇၆၂၆၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးလှဘုန်း (LL.B)

တရားလွှတ်တော်ရှေ့နေ

ဦးရဲဝင်း (LL.B)	ဦးပြည့်ကိုကို (LL.B)	ဒေါ်မြင့်မြင့်အေး (LL.M)	ဒေါ်ချောစု (LL.B)	ဦးဝင်းမောင် (LL.B)
အထက်တန်းရှေ့နေ	တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ

အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁(အေ)လမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇

အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၆)၊ ဦးပိုင်နံပါတ်(၉-ခ)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဦးစိန်ရွှေ(ခ)ဦးအိမ်ကြီးမောင်အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ချစ်စုဝင်း(ဘ)ဦးကျော်ကျော်(၉/အမဇ(နိုင်)၀၄၇၁၀၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ-

ဦးတင်အောင်မိုး(LL.B,LL.M) — **ဒေါ်အိအိမွန်(LL.B,LL.M)**

တရားလွှတ်တော်ရှေ့နေ — **တရားလွှတ်တော်ရှေ့နေ**

ဒေါ်ယုသဇင်အောင်(LL.M)	ဒေါ်အေးနန္ဒာထွန်း(LL.B)	ဒေါ်မာလာစိုး(LL.B)	ဒေါ်ဇူးသန့်မွန်(LL.B)
တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ

အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆

အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၁၀)၊ ဦးပိုင်နံပါတ်(၁၀၄)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၆၀၆)ဧက၊ (၄၀×၆၆)ပေ အကျယ်အဝန်းရှိ ဦးကျော်ရွှေ(ခ)ဦးတုံရော်ဟုန်နှင့် ဒေါ်ခင်မြင့်သန်းတို့ ပူးတွဲအမည်ပေါက် ဂရန်မြေကွက်၏မြောက်ဘက်ခြမ်း(၂၀×၆၆)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးအောင်ကျော်ဦး(ဘ)ဦးဝင်းသောင်(၅/ကလတ(နိုင်)၁၀၁၂၃၃)(၄င်း၏ကိုယ်စား ဒေါ်သက်မာဝင်း(ဘ)ဦးသိန်းဝင်း(၅/ကလတ(နိုင်)၀၆၄၄၁၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ချက်အရ-

ဦးတင်အောင်မိုး(LL.B,LL.M) — **ဒေါ်အိအိမွန်(LL.B,LL.M)**

တရားလွှတ်တော်ရှေ့နေ — **တရားလွှတ်တော်ရှေ့နေ**

ဒေါ်ယုသဇင်အောင်(LL.M)	ဒေါ်အေးနန္ဒာထွန်း(LL.B)	ဒေါ်မာလာစိုး(LL.B)	ဒေါ်ဇူးသန့်မွန်(LL.B)
တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ

အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆

ပညာရွှေအိုး လူမခိုး။

အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီ၊ အကွက်အမှတ်(၄၉၇)၊ ပြည်တော်သာရပ်နေ ဒေါ်ဇင်မာမြင့်(ဘ)ဦးတင်ထွန်း(၉/ခမစ(နိုင်)၀၅၁၉၆၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျောက်ပန်းတောင်းမြို့နယ်၊ သာယာအေးရပ်ရှိ ဧရိယာ(၃၀ပေ × ၄၀ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီ၊ ပြည်တော်သာရပ်ရှိ ဧရိယာ(၂၄ပေ × ၂၅ပေ)အကျယ်အဝန်းရှိ မြေကွက်တို့အား ဦးတင်ထွန်းနှင့် ဒေါ်ငွေကြိုင်တို့၏ သမီး(၅)ဦးဖြစ်သော ၁။ ဒေါ်ခင်မျိုးဦး ၂။ ဒေါ်ခင်မျိုးလွင် ၃။ ဒေါ်ဇင်မာညွှန့် ၄။ ဒေါ်ဇင်မာမြင့် ၅။ ဒေါ်ကြည်ကြည်ရွှေတို့သည် ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ(၁၅)ရက်နေ့တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မိသားစုစီမံမှုပြုလုပ်ပြီးဖြစ်၍ နောက်နောင်တွင် မည်သူတစ်ဦးတစ်ယောက်ကမျှ မိသားစုအမွေနှင့်ပတ်သက်၍ အမွေတောင်းခံခြင်း၊ အရေးဆိုခြင်းများ ပြုလုပ်ခြင်းများ ပြုလုပ်ပိုင်ခွင့်မရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ- — **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ဇင်မာမြင့်(ဘ)ဦးတင်ထွန်း — **ဦးစိုးမင်းသန်း (LL.B, D.B.L)**

၉/ခမစ(နိုင်)၀၅၁၉၆၈ — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၆၄၀)**

အကွက်(၄၉၉)၊ ခွန်းစု၊ ကျွန်းလုံးဥသျှောင်ရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၀၂၆၇၂၅၅၆၊ ၀၉-၄၅၅၄၄၄၄၆၇

❖ နိုင်ငံတော် ရှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

အား/ကာသိပ္ပံအသင်းက ရှမ်းယူနိုက်တက်အသင်းကို ငါးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

ရန်ကုန် နိုဝင်ဘာ ၁၆

M-League 2026 ယူ-၂၀ လူငယ်လင်ဂ်ပြိုင်ပွဲ ပွဲစဉ် ၂၄ အဖြစ် ယနေ့ညနေပိုင်းက ဗဟန်းကွင်းတွင် အား/ကာသိပ္ပံအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အား/ကာသိပ္ပံအသင်းက ရှမ်းယူနိုက်တက်အသင်းကို ငါးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အား/ကာသိပ္ပံအသင်း အတွက် သွင်းဂိုး ငါးဂိုးကို ပွဲချိန် စမိနစ်၊ ၂၅မိနစ်၊ ၅၄မိနစ်တွင် ထွန်းကိုကိုဦး၊ ပွဲချိန် ၂၄မိနစ်တွင် ကောင်းခန့်ကျော်၊ ပွဲချိန် မိနစ် ၄၀တွင် မင်းကိုခန့်တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

အား/ကာသိပ္ပံအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ပွဲစဉ်တွင် AYA Pay Man Of The Match ဆုကို အား/ကာသိပ္ပံအသင်းမှ ခြေစွမ်းပြကစား နိုင်ခဲ့သည့် ကျောနံပါတ်(၁၄) ထွန်းကိုကိုဦးက ဆွတ်ခူးခဲ့သည်။

အား/ကာသိပ္ပံအသင်းသည် M-League 2026 ယူ-၂၀ လူငယ်လင်ဂ်ပြိုင်ပွဲ ပွဲစဉ် ၂၄ ပွဲ ယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၅၆ မှတ်ဖြင့် အဆင့်(၂)နေရာ တွင် ရပ်တည်လျက်ရှိသည်။

နိုင်ကမ္ဘာ

ဝ-ဝ-ဝ-ဝ-ဝ



၁၆-၁၁-၂၀၂၆ ရက်နေ့ တတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိမ်သည်းဆ ၁၉ ဒသမ ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆ ဒသမ ၃၂၉၃၂၅)ဂရမ်၏ ဈေးနှုန်းမှာ ငွေကျပ် ၇၀၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ



တပ်မတော်စစ်ကြောင်းများက အင်းတော်- မအူကုန်း- ကျောက်တန်းလမ်းကြောင်းပေါ်မှ အကြမ်းဖက်အဖွဲ့များ၏ စစ်စခန်းအဖြစ် အသုံးပြုခဲ့သည့် ကျေးရွာများအား ရှင်းလင်းသိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

တပ်မတော်စစ်ကြောင်းများက အင်းတော်- ဝန်းသို့- ကောလင်း- ကျွန်းလှ- ကန့်ဘလူ လမ်းကြောင်းနှင့် အင်းတော်- ကျောက်တန်း- စပျစ်နံသာ လမ်းကြောင်းများတစ်လျှောက် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်သောင်းကျန်းသူများနှင့် ၎င်းတို့ယာယီအခြေပြုခိုလှုံရာ နေရာများအား ရှင်းလင်းတိုက်ခိုက်

နေပြည်တော် နိုဝင်ဘာ ၁၆

တပ်မတော်အနေဖြင့် နယ်မြေဒေသအေးချမ်းသာယာ၍ ပြည်သူလူထုအေးချမ်းစွာ နေထိုင်နိုင်ရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များအပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင်လည်း နိုင်ငံတော်အစိုးရ၊ ဒေသခံပြည်သူလူထုတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးပြီး အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အဓိကအရေးပါသော ဆက်သွယ်ရေးလမ်းကြောင်းများဖြစ်သည့် အင်းတော်-ဝန်းသို့- ကောလင်း- ကျွန်းလှ- ကန့်ဘလူ လမ်းကြောင်းနှင့် အင်းတော်- ကျောက်တန်း- စပျစ်နံသာ လမ်းကြောင်းများအား ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၂၀ သို့ ❐

မြစ်သားမြို့နယ်၌ မိုးနှောင်းဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မြစ်သား နိုဝင်ဘာ ၁၆

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် ဝင်ငွေတိုးပွားရေးနှင့် အသေးစား၊ အလတ်စား ရက်ကန်းလုပ်ငန်းများအတွက် ကုန်ကြမ်းရရှိစေရန်ရည်ရွယ်၍ ဒေသခံတောင်သူများသည် မိုးနှောင်းဝါ ဧက ၄၀၅၀ စိုက်ပျိုးထားပြီး စိုက်ခင်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ **(အောက်ပုံ)**

မျိုးအနေဖြင့်တောင်သူများမှာ ငွေချည်(၆)နှင့်(ရာကာ) အိန္ဒိယမျိုးများကို အများဆုံးစိုက်ပျိုးကြပြီး သြဂုတ်လတွင် စတင်စိုက်ပျိုးကာ ဒီဇင်ဘာလတွင် စတင်ထွက်ရှိမည်ဖြစ်ကြောင်း၊ ဆည်ရေသောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးခဲ့ပြီး မိုးနှောင်းဝါစိုက်ပျိုးရာတွင် ဝါတစ်ဧကလျှင် မျိုးတစ်ထုပ်ခွဲမှ နှစ်ထုပ်အထိ စိုက်ပျိုးရပြီး ဝါသီးနှံ တစ်ဧကကုန်ကျစရိတ် အနေဖြင့် မျိုး၊ သွင်းအား၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် ၁၀၀၀၀၀၀ ကုန်ကျကြောင်း သိရသည်။

အဆိုပါ မိုးနှောင်းဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်နည်းစနစ်ကွင်းသရုပ်ပြခြင်း၊ စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခြင်း၊ ယူရီးယားဓာတ်မြေဩဇာများ ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်းနှင့် တောင်သူများအနေဖြင့် အများဆုံး စိုက်ပျိုးသော သီးနှံတစ်မျိုး ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ဝါဝါမြင့်(မြစ်သား)

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ-ဝ



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား/အမျိုးသမီးဘော်လီဘောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် နိုဝင်ဘာ ၁၆

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ အကြိုစိုလ်လု ပွဲစဉ်ကို နိုဝင်ဘာ ၁၇ ရက်တွင် လည်းကောင်း၊ တတိယဗိုလ်လုပွဲကို နိုဝင်ဘာ ၁၈ ရက်တွင် လည်းကောင်း၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၉ ရက်တွင် လည်းကောင်း နံနက် ၉ နာရီမှစတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပွဲစဉ်များအနက် အမျိုးသမီးအကြိုစိုလ်လုပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်းတို့သည်လည်းကောင်း၊ အမျိုးသားအကြိုစိုလ်လုပွဲ ပွဲစဉ်များအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းတို့သည်လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ထိုသို့ ကျင်းပမှုများကို MRTV-HD၊ MRTV Sports Channel နှင့် MRTV Entertainment Channel တို့တွင် တိုက်ရိုက်(Live) ရိုက်ကူး ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်